# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily

■ ၁၃၇၇ ခုနှစ်၊ နယုန်လပြည့်ကျော် ၅ ရက် | ၂၀၁၅ ခုနှစ်၊ ဇွန် ၆ ရက်၊ စနေနေ့၊ | အတွဲ [၅၄]၊ အမှတ် [၂၄၄]


## နိုင်ငံတော်သမ္မတဦးသိန်းစိန် ဆွီဒင်နိုင်ငံအမျိုးသားနေ့ သဝဏ်လွှာများပေးပို့

**နေပြည်တော်  ဇွန်  ၆**

၂၀၁၅ ခုနှစ် ဇွန်လ ၆ ရက်နေ့တွင် ကျရောက်သည့် ဆွီဒင်နိုင်ငံ၏ အမျိုးသားနေ့ အခါသမယ၌ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ ဆွီဒင်နိုင်ငံ ဘုရင်ကားလ်ဂပ်စ်တပ်ဖ်ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

*စာမျက်နှာ ၅ ကော်လံ ၁* ✻

# ကမ္ဘာပေါ်ရှိလူသားအားလုံး ပတ်ဝန်းကျင်နှင့် မူလဂေဟစနစ်ရေရှည်တည်တံ့စေမှုကို ထိခိုက်မှုမရှိစေရန် တစ်ဦးချင်း၏ နေထိုင်မှုအမူအကျင့်များကို ပြောင်းလဲသွားကြရမည်



နိုင်ငံတော်သမ္မတဦးသိန်းစိန် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့အထိမ်းအမှတ်အဖြစ် ခင်းကျင်းပြသထားသည့်ပြခန်းကို လှည့်လည်ကြည့်ရှုအားပေးစဉ်။ (သတင်း စာမျက်နှာ-၈) (သတင်းစဉ်)

### ■ နိုင်ငံတကာ

**အမေရိကန်အရာရှိ သန်းပေါင်းများစွာ၏ အချက်အလက်များ ဆိုက်ဘာမှတိုက်ခိုက်ခံရ**

စာမျက်နှာ ❖ ၄

### ■ ဆောင်းပါး

**ဘင်းမ်စတက်အဖွဲ့နှင့် မြန်မာနိုင်ငံ**

စာမျက်နှာ ❖ ၆

### ■ ပြည်တွင်း

**၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲ အသိပေးကြေညာချက်**

စာမျက်နှာ ❖ ၁၂




## မြန်မာ့အလင်း အယ်ဒီတာ့အာဘော်

# အပြိုင်အဆိုင်ရှိမှတိုးတက်မည်

ဈေးကွက်စီးပွားရေးစနစ်သည် ယှဉ်ပြိုင်နိုင်စွမ်းရှိပြီး အရည်အသွေးကောင်းမွန်သော ထုတ်ကုန်များ အပြိုင်အဆိုင် ထုတ်လုပ်ရောင်းချရာမှ ဈေးကွက်ကို ချဲ့ထွင်လုပ်ကိုင်ရသော စနစ်ဖြစ်သည်။ အရည်အသွေးကောင်းမွန်ပြီး ဈေးနှုန်းသင့်သော ထုတ်ကုန်များ၊ ဝန်ဆောင်မှုများသည် ဈေးကွက်ကို ကြီးမားစွာ ပြိုင်ဆိုင်နိုင်စွမ်းရှိသည်။ အရည်အသွေးညံ့ပြီး ဈေးနှုန်းမြင့်သော ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုများသည် ဈေးကွက်ကို ထိုးဖောက်ရန်ခက်ခဲသည်။ ထို့ကြောင့် ဈေးကွက်စီးပွားရေးစနစ်အတွင်း ဈေးနှုန်းသင့်တင့်မျှတပြီး အရည်အသွေးကောင်းမွန်သော ယှဉ်ပြိုင်နိုင်စွမ်းရှိသည့် ထုတ်ကုန်များ အပြိုင်အဆိုင်ထုတ်လုပ် ရောင်းချခြင်းဖြင့် ဈေးကွက်ကို ကျယ်ပြန့်လာအောင် ချဲ့ထွင်လုပ်ကိုင်နေကြခြင်းဖြစ်သည်။

ယခုအခါ ကျွန်ုပ်တို့မြန်မာနိုင်ငံတွင် အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ အပါအဝင် တိုင်းရင်းသားပိုင်စီးပွားရေးလုပ်ငန်းများအနေဖြင့် ပြည်ပရင်းနှီးမြှုပ်နှံမှုကုမ္ပဏီများ၏ ယှဉ်ပြိုင်မှုကို စတင်ရင်ဆိုင်လာရပြီဖြစ်သည်။ ထင်ရှားသော ကဏ္ဍများသည်ကား ဆက်သွယ်ရေးကဏ္ဍနှင့် ဘဏ်လုပ်ငန်းများတွင် ဖြစ်သည်။ ဆက်သွယ်ရေးကဏ္ဍတွင် ပြည်ပအော်ပရေတာများ ပါဝင်လာခြင်းဖြင့် အရည်အသွေးကောင်းမွန်သော ဝန်ဆောင်မှုများ ရရှိလာသည်။ ပြည်သူကို တိုက်ရိုက်အကျိုးဖြစ်ထွန်းမှုများ ရရှိလာသည်။ ပြည်သူများ တယ်လီဖုန်း ဆက်သွယ်ပြောဆိုခ၊ အင်တာနက်အသုံးပြုခများ ဈေးနှုန်းသက်သာစွာဖြင့် ရရှိလာသည်။ ဤသည်မှာ အရည်အသွေးကောင်းမွန်သော ဝန်ဆောင်မှုကို ပေးခြင်းဖြင့် ဈေးကွက်ကို အပြိုင်ချဲ့ထွင်ခြင်းပင် ဖြစ်ပါသည်။

အလားတူ လွန်ခဲ့သောလများက ဂျပန်၊ တရုတ်၊ စင်ကာပူ၊ ထိုင်း စသောနိုင်ငံခြားဘဏ်များ စတင်ဝင်ရောက်လုပ်ကိုင်ခွင့်ပြုလာသည်။ အပြိုင်အဆိုင်ဝန်ဆောင်မှုများဖြင့် ပြည်သူတို့အတွက် အကျိုးဖြစ်ထွန်းလာဦးမည်။ ဘဏ်ချေးငွေများ ပိုမိုရရှိလာနိုင်သည်။ ငွေကြေးဝန်ဆောင်မှုလုပ်ငန်းများမှတစ်ဆင့် စီးပွားရေး ဖွံ့ဖြိုးမှုနှင့် ဆင်းရဲမှုလျှော့ချရေး လုပ်ငန်းများအတွက် အထောက်အကူဖြစ်လာနိုင်သည်။ ကုန်သွယ်မှုလုပ်ငန်းများ ပိုမိုမြန်ဆန်လာနိုင်သည်။

ထို့အတူ စွမ်းအင်ဝန်ကြီးဌာန မြန်မာ့ရေနံထွက်ပစ္စည်းရောင်းဝယ်ရေး လုပ်ငန်းနှင့် နိုင်ငံခြားကုမ္ပဏီများ ပူးပေါင်း၍ တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် စက်သုံးဆီအရောင်းဆိုင်ပေါင်း ၄၀ ထပ်မံတိုးချဲ့ဖွင့်လှစ်ကာ ပုဂ္ဂလိကစက်သုံးဆီအရောင်းဆိုင်များနှင့် အပြိုင်အဆိုင် ဈေးလျှော့ရောင်းချ ပေးသွားမည်ဖြစ်ကြောင်း သိရသည်။ ပြည်တွင်းပုဂ္ဂလိက စက်သုံးဆီအရောင်းဆိုင်များအနေဖြင့် အခြင်အတွယ် မှန်ကန်အောင် ရောင်းချရန် လိုအပ်လာပါသည်။ အရည်အသွေးကောင်းမွန်သော စက်သုံးဆီများ ရောင်းချနိုင်ရန် လိုအပ်လာပါသည်။ ဈေးနှုန်းမျှတစွာ ရောင်းချရန် လိုအပ်လာပါသည်။ အရည်အသွေးနိမ့်၍ ဈေးနှုန်းမြင့်တက်နေမည်ဆိုပါက မိမိရရှိထားသော ဈေးကွက်သည် အခြားယှဉ်ပြိုင်သူလက်ထဲသို့ ရောက်ရှိသွားနိုင်သည်ကို သတိပြုအပ်သည်။

အခြားသောစီးပွားရေးလုပ်ငန်းနယ်ပယ်တို့တွင်လည်း ယှဉ်ပြိုင်မှုကို စတင်ရင်ဆိုင်နေကြရပြီ ဖြစ်ပါသည်။ ကောင်းမွန်သော ယှဉ်ပြိုင်မှုဖြင့် ဈေးကွက်ကို အသာစီးရနိုင်ပါသည်။ ဒီမိုကရေစီစနစ်တွင် လက်ဝါးကြီးအုပ်ဈေးကွက် ခြယ်လှယ်သောစနစ်သည် အဆုံးသတ်ရမည်ဖြစ်ပါသည်။ ဈေးနှုန်းမျှတပြီး အရည်အသွေးကောင်းမွန်သော ယှဉ်ပြိုင်မှုများသည်သာ ရေရှည်အကျိုးစီးပွားဖြစ်ထွန်းနိုင်မည်ဖြစ်ပါသည်။ သို့ပါ၍ မည်သည့်ယှဉ်ပြိုင်မှုမဆို အပြိုင်အဆိုင်ရှိမှ တိုးတက်လာမည်ဖြစ်ပါကြောင်း။ ။

# မီးရထားခေါင်းတွဲတွင် အသုံးပြုသည့်အင်ဂျင်များ သာဂရစက်မှုဇုန်၌ ထုတ်လုပ်

**နေပြည်တော် ဇွန် ၅**

စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဦးမောင်မြင့်သည် ဇွန် ၃ ရက် ညနေပိုင်းက သာဂရစက်မှုနယ်မြေရှိအမှတ် (၁၄) အကြီးစားစက်ရုံ (သာဂရ)သို့ရောက်ရှိပြီး 16V170-ZC ဒီဇယ်အင်ဂျင်များထုတ်လုပ်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

အမှတ်(၁၄) အကြီးစားစက်ရုံ (သာဂရ) အနေဖြင့် မီးရထားခေါင်းတွဲကြီးများတွင်အသုံးပြုသည့် 16V170 ZC အင်ဂျင်ကြီးများ၊ လျှပ်စစ်ဓာတ်အားပေးစက်များ၊ မီးရထားခေါင်းတွဲ (ရှန်တိန်)များနှင့် ရေယာဉ်ကြီးများတွင်အသုံးပြုသည့် 12V128ZC အင်ဂျင်များ၊ အကြီးစားကုန်တင်ယာဉ်များ၊ ဘတ်စ်ကားများ၊ ရေယာဉ်ငယ်များ၊ လျှပ်စစ်ဓာတ်အားပေးစက်များ၊ ဆောက်လုပ်ရေးလုပ်ငန်းသုံးယာဉ်ယန္တရားများ၊ ကျောက်ခွဲစက်များနှင့် တွင်းတူးစက်များတွင် အသုံးပြုသည့် 6V128ZC နှင့် 8V128ZC အင်ဂျင်များကို ထုတ်လုပ်ပေးလျက်ရှိသည်။

ထို့နောက်အမှတ် (၁၅) အကြီးစားစက်ရုံ(သာဂရ)သို့ ရောက်ရှိပြီး အသေးစားမြေတူးစက်(Mini Excavator)များ တပ်ဆင်ထုတ်လုပ်နေမှုကိုလည်းကောင်း၊ ထုတ်လုပ်ပြီးရောင်းချရန်အသင့်ဖြစ်နေသည့် မြေထိုးစက်(Bulldozer)များ၊ သယ်ပို့ဝန်ချီစက် (Forklift)များ၊ မြေတူးစက်(Excarvator)များ၊ တုန်ခါလမ်းကြိတ်စက် (Vibratory Soil Compactor) များကို ကြည့်ရှုစစ်ဆေးသည်။

၄င်းနောက် Turbine Generator နှင့် Mini Hudro Turbine များ၊ စပါးခွံလောင်စာသုံး ဇီဝဓာတ်ငွေ့ထုတ် Gasifier များ ထုတ်လုပ်လျက်ရှိသည့်အမှတ်(၂၆)အကြီးစားစက်ရုံ(သာဂရ) ကို ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းလိုအပ်ချက်များကို မှာကြားသည်။

ထိုမှတစ်ဆင့် အမှတ်(၃)စက်မှုသင်တန်းကျောင်း(သာဂရ)သို့ ရောက်ရှိပြီး သင်တန်းသား သင်တန်းသူများ၏ စာတွေ့၊ လက်တွေ့သင်ကြားနေမှုများ၊ သင်တန်းဆင်း ကျောင်းသားကျောင်းသူများ၏ လက်တွေ့တီထွင်ပြသထားမှုများ၊ e-Library တို့ကို ကြည့်ရှုစစ်ဆေးပြီး စက်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် အရည်အချင်းပြည့်ဝသည့် စက်မှုကျွမ်းကျင်လုပ်သားများ တိုးတက်လေ့ကျင့်မွေးထုတ်ပေးနိုင်ရေးဆိုင်ရာ ကိစ္စရပ်များကို မှာကြားသည်။

အမှတ် (၃) စက်မှုသင်တန်းကျောင်း (သာဂရ)ကို ၂၀၀၉ ခုနှစ်တွင် ကိုရီးယားသမ္မတနိုင်ငံ ကိုရီးယား အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (KOICA) ၏ အထောက်အပံ့ဖြင့် တည်ထောင်ဖွင့်လှစ်ခဲ့ပြီး ယခုအမှတ်စဉ် (၆) သင်တန်း ကို၂၀-၁၀-၂၀၁၄ ရက်မှ ၁၈-၉-၂၀၁၅ ရက်အထိ သင်တန်းသား သင်တန်းသူ ၁၄၇ ဦးဖြင့် စက်ကိရိယာ ကိုင်တွယ်မောင်းနှင်မှုသင်တန်း (Machine Tool Operator Course)၊ ကွန်ပျူတာသုံးဒီဇိုင်းထုတ်လုပ်မှုသင်တန်း (CAD/CAM Course)၊ လျှပ်စစ်ပညာသည်သင်တန်း (Electricity Course)၊ အီလက်ထရွန်နစ်ပညာသည် သင်တန်း (Electronics Course)၊ သတ္တုရည်ကြိုပညာသည်သင်တန်း (Foundry Course) စသည့် သင်တန်းခြောက်မျိုးကို လေ့ကျင့်သင်ကြားပေးလျက်ရှိကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# ကားဂိတ်အနီးရှိ အမှိုက်ပုံကြီးဖယ်ရှားပေးစေချင်

စစ်ကိုင်းမြို့မဈေးကြီး အနောက်ဘက်(ခ)တန်း ရွှေကိုင်းမန်းကားဂိတ်အနီးတွင် မြို့မဈေးအတွင်းရှိ သားငါးဈေးသည်များ၏ စွန့်ပစ်သည့် အညစ်အကြေးများ၊ အမှိုက်သရိုက်မျိုးစုံအပြင် တစ်ခါတစ်ရံ ခွေးသေကောင်များ လာရောက် စွန့်ပစ်နေသောကြောင့် အနီးနားရှိ ဈေးဆိုင်ခန်းများမှ နေ့စဉ် အနံ့ဆိုးများကို ရှူရှိုက်နေရသည်။

မြို့နယ်စည်ပင်မှ အမှိုက်များ နေ့စဉ် နံနက်တိုင်း တစ်ခေါက်လာရောက် သိမ်းယူသော်လည်း အမှိုက်များ ကျန်ရှိနေသေးသဖြင့် အနံ့ အသက်များထွက်ကာ ပတ်ဝန်းကျင်တွင် အမှိုက်နှင့် မကောင်းသော အညစ်အကြေး အနံ့သက်များကြောင့် ကျန်းမာရေးထိခိုက်ကြောင်း အနီးရှိဆိုင်တစ်ဆိုင်မှ ပြောပြသည်။

"အရင်ဒီနေရာမှာ အခုလို အမှိုက်စွန့်ပစ်ခြင်းမျိုး မရှိပါဘူး။ မြို့မဈေးကြီး အသစ်ဆောက်လုပ်ပြီးချိန်ကစပြီး အခုအချိန်အထိ အမှိုက်စွန့်ပစ်ခြင်းရှိနေတာပါ" ဟု ယင်းက ဆက်လက်ပြောကြားသည်။သက်ဆိုင်ရာက အညစ်အကြေးနဲ့ အမှိုက်စွန့်ပစ်ခြင်းမရှိစေရေး တားမြစ်ပေးပါရန် အနီးရှိဆိုင်ခန်းရှင်များက လိုလားနေကြကြောင်း သိရသည်။

**(ဝ၇၉)**

## ထင်သာမြင်သာပြုပြင်စရာ



# တီဘီရောဂါ အခမဲ့ကွင်းဆင်းကုသ

**လယ်ဝေး ဇွန် ၅**

နေပြည်တော်ကောင်စီနယ်မြေ လယ်ဝေးမြို့ပေါ်နှင့် ကျေးလက်ဒေသများသို့ ရွေ့လျားဓာတ်မှန်စက်ဖြင့် အခမဲ့ကွင်းဆင်းစစ်ဆေးကုသ ဆောင်ရွက်မှုကို ဇွန် ၄ ရက် နံနက် ၈ နာရီက လယ်ဝေးမြို့ အမှတ် (၂) ရပ်ကွက်ရှိ မြို့ဦးဓမ္မာရုံ၌ ကွင်းဆင်းဆောင်ရွက်ခဲ့သည်။

ထိုသို့ဆောင်ရွက်ရာတွင်နေပြည်တော်ကောင်စီနယ်မြေ ကျန်းမာရေးဦးစီးဌာနမှူး ညွှန်ကြားရေးမှူး ဒေါက်တာလှလှကြည် ဦးဆောင်မှုဖြင့် ပျဉ်းမနားတီဘီရောဂါ တိုက်ဖျက်ရေးအဖွဲ့ခေါင်းဆောင် ဒေါက်တာ ထွန်းကျော်စိုး၊ မန္တလေးတီဘီရောဂါ တိုက်ဖျက်ရေးဇုန်မှ ကျန်းမာရေးဝန်ထမ်းများ ပူးပေါင်း၍ အမှတ် (၂) ရပ်ကွက်အတွင်းရှိ ဒေသခံများကို ရွေ့လျားဓာတ်မှန်စက်ဖြင့် ဓာတ်မှန်ရိုက်ရောဂါရှာဖွေစစ်ဆေးခြင်း၊ ရောဂါတွေ့ရှိသူကို ဆေးကုသပေးခြင်း၊ ဆေးရုံတက်ရောက်ရမည့်သူများကို ညွှန်းပို့ဆောင်ရွက်ခြင်းများ ပြုလုပ်ဆောင်ရွက်ပေးခဲ့သည်။ ယင်းနေ့ မွန်းလွဲ ၁ နာရီကလယ်ဝေးမြို့နယ် ခရမ်းကိုင်းကျေးရွာရှိ ဒေသခံများကိုလည်း ကွင်းဆင်းကုသ ဆောင်ရွက်ပေးခဲ့ကြောင်းနှင့် ဇွန် ၂ ရက် နံနက်ပိုင်းတွင် သဲကောကြီးကျေးရွာတွင်လည်း ဒေသခံ ၁၃၄ ဦးကို အခမဲ့ကွင်းဆင်းစစ်ဆေးဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**မင်းမင်းလတ်(ရှုပဗေဒ)**



## ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် အခြေခံစားကုန်ဈေးနှုန်း ၅-၆-၂၀၁၅

### ရွှေဈေးနှုန်း(အောင်သမာဓိ)

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၂၂၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၆၇၉၅၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၂၂၈၀၀ |

### စက်သုံးဆီဈေးနှုန်း(စက်သုံးဆီအသင်း)

| | | |
|---|---|---|
| ဓာတ်ဆီ | တစ်လီတာ | ကျပ် ၇၁၀ |
| ဒီဇယ် | တစ်လီတာ | ကျပ် ၆၉၀ |
| အောက်တိန်း ၉၂ | တစ်လီတာ | ကျပ် ၇၃၀ |
| အောက်တိန်း ၉၅ | တစ်လီတာ | ကျပ် ၈၀၀ |
| ပရီမီယံဒီဇယ် | တစ်လီတာ | ကျပ် ၇၃၀ |

### သားငါးနှင့်ဟင်းချက်စရာဈေးနှုန်း(သား/ငါးဒိုင်များ)

| | | | |
|---|---|---|---|
| ၁။ | ငါးကြင်း | တစ်ပိဿာ | ၅၀၀၀-၇၀၀၀ |
| ၂။ | ငါးမြစ်ချင်း | တစ်ပိဿာ | ၃၅၀၀-၄၅၀၀ |
| ၃။ | ငါးရံ့ | တစ်ပိဿာ | ၇၀၀၀-၈၅၀၀ |
| ၄။ | ငါးဖယ် | တစ်ပိဿာ | ၁၀၀၀၀-၁၂၀၀၀ |
| ၅။ | ပုစွန် (ကျော့) | တစ်ပိဿာ | ၆၀၀၀-၉၀၀၀ |
| ၆။ | ပုစွန်တုပ် | တစ်ပိဿာ | ၉၀၀၀-၃၀၀၀၀ |
| ၇။ | ငါးသလောက် | တစ်ပိဿာ | ၇၀၀၀-၉၀၀၀ |
| ၈။ | ကြက် | တစ်ပိဿာ | ၆၀၀၀-၁၂၀၀၀ |
| ၉။ | ဝက် | တစ်ပိဿာ | ၆၅၀၀-၈၅၀၀ |
| ၁၀။ | အမဲ | တစ်ပိဿာ | ၇၅၀၀-၉၀၀၀ |
| ၁၁။ | ဆိတ် | တစ်ပိဿာ | ၁၃၀၀၀-၁၈၀၀၀ |
| ၁၂။ | ဘဲ | တစ်ပိဿာ | ၅၅၀၀-၁၀၀၀၀ |

### နိုင်ငံတကာသုံးငွေကြေးပေါက်ဈေး (ဗဟိုဘဏ်)

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၁၀၅ |
| ဥရောပ | တစ်ယူရို | ၁၂၃၈.၆ |
| စင်ကာပူ | တစ်ဒေါ်လာ | ၈၁၉.၅၂ |
| ထိုင်း | တစ်ဘတ် | ၃၂.၇၂ |
| အိန္ဒိယ | တစ်ရူပီး | ၁၇.၂၅၈ |
| တရုတ် | တစ်ယွမ် | ၁၇၈.၂၀ |
| မလေးရှား | တစ်ရင်းဂစ် | ၂၉၇.၅၂ |

### ဘုရင့်နောင်ကုန်စည်ဒိုင်ဈေးနှုန်း

| | | |
|---|---|---|
| နွေဆန် (အသစ်) | တစ်အိတ် | ၁၉၅၀၀-၂၀၀၀၀ |
| ပေါ်ကျွဲ | တစ်အိတ် | ၂၆၀၀၀-၂၇၅၀၀ |
| ပေါ်ဆန်း (အသစ်) | တစ်အိတ် | ၃၀၀၀၀-၃၅၀၀၀ |
| မြေပဲဆီ | တစ်ပိဿာ | ၅၁၀၀ |
| စားအုန်းဆီ | တစ်ပိဿာ | ၁၅၁၀ |
| ဆိပ်ဖြူကြက်သွန်နီ (အသစ်) | တစ်ပိဿာ | ၃၅၀-၄၂၅ |
| ရှမ်းကြက်သွန်ဖြူ (အသစ်) | တစ်ပိဿာ | ၁၉၀၀-၂၃၀၀ |
| ကြက်သွန်ဖြူ(ကြုံကုတ်သစ်) | တစ်ပိဿာ | ၁၈၀၀ |
| အာလူး(ဟဲဟိုး) | တစ်ပိဿာ | ၅၈၀-၇၈၀ |
| ငရုတ်ရှည် (မိုးထောင်) | တစ်ပိဿာ | ၂၇၅၀-၂၈၀၀ |
| ငရုတ်ပွ (မြစ်ဝ) | တစ်ပိဿာ | ၅၀၀၀-၇၀၀၀ |
| သကြား | တစ်ပိဿာ | ၁၀၀၀-၁၁၂၀ |

ကုန်စည်ဒိုင်ဈေးနှုန်းဖြစ်ပြီး အချိန်နှင့်အမျှ အပြောင်းအလဲရှိနိုင်ပါသည်။

ခင်ရတနာ-စုစည်းသည်။ ခင်ဆိုင်-စေ့ငုတင်ပြသည်။

# လောကနာထအဘယစေတီတော် ဌာပနာတော်သွင်း၊ ရွှေထီးတော်တင်ခြင်းနှင့် မြသပိတ်၊ ရွှေကြာသက်န်းတော်ကပ်လှူခြင်းမင်္ဂလာကျင်းပ

**နေပြည်တော် ဇွန် ၅**

တနင်္သာရီ တိုင်းဒေသကြီး ထားဝယ်ခရိုင် ရေဖြူမြို့နယ် မယင်းကြီးဒေသရှိ လောကနာထအဘယ စေတီတော် ဌာပနာတော်သွင်းခြင်း၊ ရွှေထီးတော်တင်လှူခြင်း၊ မြသပိတ်၊ ရွှေကြာသက်န်းတော် ကပ်လှူခြင်းနှင့် ဗုဒ္ဓါဘိသေက အနေကဇာတင်ခြင်းမင်္ဂလာအခမ်းအနားကို ယနေ့ နံနက် ၇ နာရီခွဲတွင် ကျင်းပသည်။



အခမ်းအနားသို့ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော် အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တ ပညာသာမိနှင့် ဆရာတော် သံဃာတော်များ၊ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ၊ တနင်္သာရီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကို၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ခင်မောင်ဌေး၊ စေတနာရှင် အလှူရှင်များ၊ ဖိတ်ကြားထားသူများနှင့် ဒေသခံပြည်သူများ တက်ရောက်ကြသည်။

ရှေးဦးစွာ မြို့နယ်သံဃနာယကအဖွဲ့ဥက္ကဋ္ဌ ကံပေါက်ရွှေစေတီကျောင်း ဆရာတော် အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ ဘဒ္ဒန္တကောသလ္လထံမှ ကိုးပါးသီလ ခံယူဆောက်တည်ကြသည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်ဇနီး အမှူးပြုသော အလှူရှင်များက သံဃာတော်များထံ ရတနာစိန်ဖူးတော်၊ ငှက်မြတ်နားတော်၊ ရွှေထီးတော်နှင့် ဌာပနာတော်များကိုဆက်ကပ်၍ လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် ဇေယျဝတီကျောင်း ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တသူရိယထံမှ အနုမောဒနာတရားနာကြား၍ ရေစက်သွန်းချ အမျှပေးဝေကြသည်။

ဆက်လက်၍ ရတနာစိန်ဖူးတော်၊ ငှက်မြတ်နားတော်၊ ရွှေထီးတော်ဘုံအဆင့်များနှင့် ဌာပနာတော်များကို ပင့်ဆောင်၍ စေတီတော်မြတ်အား လက်ယာရစ် လှည့်လည်ပူဇော်ကာ **(အပေါ်ပုံ)** မင်္ဂလာရထားပျံမဏ္ဍပ်သို့ ပို့ဆောင် သည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အလှူရှင်များက စေတီတော်ဌာပနာတိုက်၌ ဌာပနာသွင်းလှူပြီး ပရိတ်နံ့သာရည်များ ပက်ဖျန်းကာ ပူဇော်ကြသည်။

ဆက်လက်ပြီး မင်္ဂလာရထားပျံဖြင့် ရွှေထီးတော်ဘုံအဆင့်၊ ငှက်မြတ်နားတော်နှင့် ရတနာစိန်ဖူးတော်တို့အားပင့်ဆောင်ကြပြီး စေတီတော်အထွတ်တွင် တင်လှူပူဇော်သည်။

ထို့နောက် သံဃာတော်အရှင်သူမြတ်များက လောကနာထအဘယ စေတီတော်အား ဗုဒ္ဓါဘိသေကအနေကဇာတင်၍ ဗုဒ္ဓါဘိသိက်သွန်းတော်မူကြသည်။

ယင်းနောက် စေတီတော်တည် မော်ကွန်းကမ္ပည်းကျောက်စာအား ပရိတ်နံ့သာရည်များ ပက်ဖျန်းကာ ရွှေခေါင်းလောင်းတော်ကို ကိုးချက်တီး၍ ဖွင့်လှစ်ပေးသည်။

ဆက်လက်၍ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၊ ဇနီး ဒေါ်ကြူကြူလှနှင့် တက်ရောက်လာကြသူများသည် စေတီတော်ပရိဝုဏ်အတွင်း မဟာဗောဓိပင်ပျိုကို စိုက်ပျိုးပူဇော်ကြသည်။

အခမ်းအနားအပြီးတွင် ဓမ္မာရုံတော်ကြီး၌ သံဃာတော်များအား နေ့ဆွမ်း ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။ **(မြဝတီ)**

# တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ထားဝယ်တပ်နယ်ရှိ တပ်မတော်ဆေးရုံ၌ ဆေးကုသမှုခံယူနေသူများအား တွေ့ဆုံအားပေး



**နေပြည်တော် ဇွန် ၅**

တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှတို့သည် ကာကွယ်ရေးဦးစီးချုပ်(ရေ)၊ ကာကွယ်ရေးဦးစီးချုပ်(လေ)၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ တပ်မတော်အရာရှိကြီးများ၊ ကမ်းရိုးတန်းဒေသ တိုင်းစစ်ဌာနချုပ် တိုင်းမှူးတို့နှင့်အတူ ယနေ့မွန်းလွဲပိုင်းတွင် ထားဝယ်တပ်နယ်ရှိ တပ်မတော်ဆေးရုံသို့ သွားရောက်ပြီး ဆေးရုံတက်ရောက်ကုသမှုခံယူလျက်ရှိသော အရာရှိ၊ စစ်သည်၊ မိသားစုဝင်များအား တွေ့ဆုံအားပေးစကားပြောကြားသည်။ **(အပေါ်ပုံ)**

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အဖွဲ့ဝင်များသည် ဆေးကုသမှုခံယူနေသော အရာရှိ၊ စစ်သည်များအား တစ်ဦးချင်း ရင်းရင်းနှီးနှီးလိုက်လံတွေ့ဆုံ၍ ဆေးကုသနေမှုနှင့် ကျန်းမာရေးအခြေအနေများကိုမေးမြန်းပြီး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးကာ အားပေးစကားပြောကြားခြင်း၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်တစ်ဦးချင်းကို ထောက်ပံ့ငွေနှင့် စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်ခြင်းများပြုလုပ်ခဲ့ကြောင်း သတင်းရရှိသည်။

**(မြဝတီ)**

## အထွေထွေရွေးကောက်ပွဲကို ၂၀၁၅ ခုနှစ် အောက်တိုဘာလကုန်၊ နိုဝင်ဘာလဆန်းတွင် ကျင်းပမည်

အခြေခံမဲဆန္ဒရှင်စာရင်းများကို ၂၀၁၅ မေလ ၂၅ ရက်နေ့မှ ဇွန်လ ၇ ရက်နေ့အထိ ရန်ကုန်တိုင်းဒေသကြီးရှိ မြို့နယ် ၁၄ မြို့နယ်နှင့် နေပြည်တော်ကောင်စီနယ်မြေရှိ မြို့နယ် ၈ မြို့နယ်တို့တွင် ကပ်ထားကြေညာလျက်ရှိသည်။

မဲစာရင်းတွင် မိမိတို့၏အမည် ပါ/မပါကို သိရှိနိုင်ရန် သွားရောက်ကြည့်ရှုကြပါ။

## အနောက်တောင်မုတ်သုံလေ ဝင်ရောက်ခဲ့ပြီးဖြစ်

နေပြည်တော် ဇွန် ၅

လွန်ခဲ့သော ၂၄ နာရီအတွင်းက အနောက်တောင်မုတ်သုံလေသည် မြန်မာနိုင်ငံအလယ်ပိုင်းဒေသများနှင့် ဘင်္ဂလားပင်လယ်အော် မြောက်ပိုင်းသို့ဝင်ရောက်ခဲ့ပြီးဖြစ်ကြောင်း မိုးလေဝသနှင့် ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာနမှထုတ်ပြန်ချက်အရ သိရသည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေအားနည်းနေသည်။

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ လှိုင်းအသင့်အတင့်ရှိမည်။

နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ ရခိုင်ကမ်းရိုးတန်းဒေသများတွင် မိုးပိုလာနိုင်သည်။ (မြန်မာ့အလင်း)

# အီရတ်နိုင်ငံကို လူသားချင်းစာနာမှု ကူညီပေးရန် ဒေါ်လာ ၄၉၇ သန်း ကုလသမဂ္ဂက မေတ္တာရပ်ခံ

**ဘရပ်ဆဲလ် ဇွန် ၅**

အီရတ်နိုင်ငံသည် အိုင်အက်စ်စစ်သွေးကြွများနှင့် တိုက်ပွဲများ ဖြစ်ပွားနေခြင်းကြောင့် ပြည်သူများကပ်ဘေးဆိုက်နေခြင်းကို နိုင်ငံတကာ အကူအညီဖြင့် ဒေါ်လာဘီလီယံတစ်ဝက်မျှ ကူညီထောက်ပံ့မှုပေးအပ်နိုင်ရန် အတွက် ကြာသပတေးနေ့က ကုလသမဂ္ဂကို မေတ္တာရပ်ခံလိုက်ပြီဖြစ်သည်။

ကုလသမဂ္ဂမှ အီရတ်နိုင်ငံသို့ ကူညီထောက်ပံ့မှုအစီအစဉ်များ လုပ်ဆောင်နေရာတွင် ရန်ပုံငွေအသစ်ကို အဆောတလျင်ထောက်ပံ့မှု မပေးနိုင်ပါက ထောက်ပံ့ရေးအစီအစဉ်တွင် တစ်ဝက်ကျော်မျှ သိသိသာသာ လျှော့ချသွားလိမ့်မည်ဖြစ်ကြောင်း ဘရပ်ဆဲလ်တွင်ရှိသော ကုလမှ အီရတ်နိုင်ငံအတွက် လူသားချင်းဆိုင်ရာ ကူညီဆောင်ရွက်သူ လိုက်စ်ဂရန်ဒီက ပြောကြားခဲ့သည်။

မေတ္တာရပ်ခံငွေ ၄၉၇ သန်းအနက် ၅ ဒသမ ၆ သန်းကို နေရာထိုင်ခင်း၊ အစားအစာနှင့်သောက်သုံးရေဖြည့်တင်းရန် ရည်ရွယ်ထားသည်။ အီရတ် အစိုးရတပ်ဖွဲ့များနှင့် အိုင်အက်စ်တို့ကြားတွင် ဖြစ်ပွားနေသော တိုက်ခိုက်မှုများကြောင့် ဒုက္ခပင်ရောက်နေသော ပြည်သူ ၅ ဒသမ ၆ သန်းအတွက် လူသားချင်းစာနာမှုအကူအညီများ ဖြည့်ဆည်းပေးရန် လိုအပ်နေသည်။

ကမ္ဘာ့နေရာအနှံ့ ဖြစ်ပွားနေသော မတည်ငြိမ်မှုများတွင် အီရတ်နိုင်ငံ၌ ဖြစ်ပွားနေသော တိုက်ပွဲမှာပိုမိုရှုပ်ထွေးကြောင်း ဂရန်ဒီက ပြောကြားခဲ့သည်။

ပြီးခဲ့သည့်နှစ်အစပိုင်းကတည်းက အီရတ်နိုင်ငံတွင် ပြည်သူ သုံးသန်းမှာ အိုးအိမ်စွန့် ထွက်ပြေးခဲ့ရသည်။ ပြီးခဲ့သည့်လများအတွင်းက အီရတ်အနောက်ပိုင်းတွင် ထောင်နှင့်ချီသော ပြည်သူများ ထွက်ပြေးတိမ်းရှောင်ခဲ့ရသေးသည်။ငွေကြေးသည် အဓိကအကြီးမားဆုံးပြဿနာဖြစ်နေပြီး လာမည့်လများအတွင်း လူသားချင်းစာနာထောက်ထားမှု အထောက်အပံ့အခြေအနေ ဆိုးရွားလာနိုင်ကြောင်း ပြောကြားသည်။

အကယ်၍ ရန်ပုံငွေထောက်ပံ့မှုမရှိတော့လျှင် ဇွန်လကုန်လောက်တွင် ကျန်းမာရေးဆေးခန်း ၇၇ ခန်း ပိတ်လိုက်ရမည့် အခြေအနေရှိကြောင်း ၎င်းက ပြောကြားထားသည်။

(ရိုက်တာ)



# အငြင်းပွားရေပိုင်နက်အတွင်း တရုတ်တို့၏ ပိုင်နက်ချဲ့ထွင်မှုကိုကာကွယ်ရန် ဗီယက်နမ်နိုင်ငံအနေဖြင့် လေကြောင်းဆိုင်ရာများကို အရှိန်မြှင့်လုပ်ဆောင်




**ဟနွိုင်း ဇွန် ၅**

ဗီယက်နမ်နိုင်ငံသည် တိုက်လေယာဉ်များ၊ ပင်လယ်ရေကြောင်းဆိုင်ရာ ကင်းလှည့်လေယာဉ်များနှင့် မောင်းသူမဲ့လေယာဉ်များဝယ်ယူရန် ဥရောပနိုင်ငံ၊ အမေရိကန်နိုင်ငံတို့နှင့် ဆွေးနွေးမှုများ ပြုလုပ်နေကြောင်း ရိုက်တာသတင်းများ၌ ဖော်ပြသည်။

ထိုသို့ ပြုလုပ်ခြင်းသည် အငြင်းပွား ရေပိုင်နက်အတွင်း တရုတ်တို့၏ ပိုင်နက်ချဲ့ထွင်မှုကို ကာကွယ်ဖြစ်ပုံရကြောင်း သုံးသပ်နေကြသည်။

စစ်ရေးဆိုင်ရာ ပြိုင်ဆိုင်မှုများ ပြုလုပ်နေသည့် ဗီယက်နမ်နိုင်ငံတွင် ရုရှားလုပ် ရေငုပ်သင်္ဘောသုံးစင်းကို ပိုင်ဆိုင်ထားပြီးဖြစ်သည်။ လေကြောင်းဆိုင်ရာ အဆင့်မြှင့်တင်မှုများပြုလုပ်ခြင်းက ဗီယက်နမ်နိုင်ငံကို အရှေ့တောင်အာရှတွင် စစ်ရေးအရ စွမ်းဆောင်နိုင်သော နိုင်ငံတစ်ခု ဖြစ်စေလိမ့်မည်ဖြစ်သည်။

ယခင် သတင်းထုတ်ပြန်ခြင်း မပြုသော ဗီယက်နမ်နိုင်ငံ၏ လေယာဉ်ဝယ်ယူရေးဆွေးနွေးပွဲများတွင် ဆွီဒင်ကာကွယ်ရေး ကွန်ထရက်တာ အက်စ်အေအေဘီ၊ ဥရောပအဖွဲ့၊ အဲဘတ်စ်အဖွဲ့၊ အမေရိကန်အဖွဲ့နှင့် ဘိုးရင်းအဖွဲ့များ ပါဝင်သည်။

လေယာဉ်ဝယ်ယူရေး စာချုပ်ဆိုင်ရာ တိုးတက်မှုများမရှိသော်လည်း ကာကွယ်ရေး ကွန်ထရက်တာများသည် လွန်ခဲ့သောလအနည်းငယ်အတွင်းက ဗီယက်နမ်နိုင်ငံသို့ အကြိမ်ပေါင်းများစွာ လာရောက်ခဲ့သည်။

သို့သော်လည်း ယခုကိစ္စသည် ထိခိုက်မခံသော ကိစ္စဖြစ်သဖြင့် အတည်ပြု ပြောကြားခြင်းမရှိပေ။ တချို့ သတင်းရင်းမြစ်များက လေယာဉ်ဝယ်ယူရေး ဆွေးနွေးမှုများ ဆက်လက်လုပ်ဆောင်နေကြောင်း ပြောခဲ့သည်။

အနောက်ကာကွယ်ရေးဆိုင်ရာ ကွန်ထရက်တာတစ်ဦးက ဗီယက်နမ်နိုင်ငံသည် ရုရှားလုပ် တိုက်လေယာဉ် အမ်အိုင်ဂျီ-၂၁ အစီး ၁၀၀ ကျော် နေရာတွင် ခေတ်မီလေယာဉ်များ အစားထိုးပြီး ၎င်း၏ လေတပ်ကို ခေတ်မီအောင်ပြုလုပ်ချင်နေကြောင်း ပြောခဲ့သည်။

ဗီယက်နမ်နိုင်ငံသည် ရုရှားနိုင်ငံအပေါ် မှီခိုမှုများကို လျှော့ချပြီး အမေရိကန်နှင့် ဥရောပနိုင်ငံများအပေါ် ပိုမိုရင်းနှီးကျွမ်းဝင်လာသည်။ ထိုသို့ ချစ်ကြည်ရင်းနှီးမှုများ တိုးတက်လာခြင်းက ဗီယက်နမ်နိုင်ငံ၏ လေတပ်ကို ခေတ်မီလေတပ်ဖြစ်အောင် ပြုလုပ်ရာတွင် များစွာ အထောက်အကူဖြစ်စေသည်။ **(ရိုက်တာ)**

# အာရှ အကောင်းဆုံး ၁၀ မြို့တွင် ဗီယက်နမ်နိုင်ငံ (ဟွိုင်အန်) မြို့ပါဝင်

**ဟိုချီမင်း ဇွန် ၅**

ယူနက်စကို ကမ္ဘာ့အမွေအနှစ်ဒေသတစ်ခုဖြစ်သော ဗီယက်နမ်နိုင်ငံ၏ ဟွိုင်အန်မြို့ကို အမေရိကန်နိုင်ငံ အွန်လိုင်းခရီးသွား အရင်းအမြစ်စမတ်ခရီးသွားလုပ်ငန်းမှ အာရှတိုက်ရှိ စံပြမြို့ ၁၀ မြို့ စာရင်းတွင် တစ်ခု ပါဝင်ကြောင်း ရွေးချယ်ခဲ့သည်။ ဟွိုင်အန်မြို့သည် ကုန်သွယ်ရေးဆိပ်ကမ်းမြို့ တစ်မြို့ဖြစ်ပြီး ၁၅ ရာစုမှ ၁၉ ရာစုထိ ဟင်းခတ်အမွှေးအကြိုင်ကုန်သွယ်သည့် အဓိကနေရာအဖြစ် နှစ်ပေါင်းများစွာ ရပ်တည်ခဲ့သည်။

တစ်ချိန်က ဗီယက်နမ်၊ ဂျပန်နှင့် တရုတ်နိုင်ငံတို့ကို ကိုယ်စားပြုသော ပုံစံများဖြင့် ကုန်သည်များစုဝေးရာ နေရာဖြစ်ခဲ့ပြီး ရှေးဟောင်းပစ္စည်းအရောင်းဆိုင်များ၊ စားသောက်ဆိုင်များနှင့် ပြခန်းများရောထွေးနေသော ဒေသတစ်ခုဖြစ်သည်။

၁၉၅၀ ပြည့်နှစ်တွင် ဂျပန်မှ တရုတ် အဖွဲ့အစည်းနှင့် ချိတ်ဆက်ကာ ဂျပန်နည်းဖြင့် တည်ဆောက်ခဲ့သော နာမည်ကြီးတံတားအပါအဝင် တူးမြောင်းများနှင့် အခြားတံတားများတွင် လှည့်လည်သွားလာနိုင်သည်။

လတစ်လ၏ (၁၄)ရက်မြောက်နေ့တွင် မြို့ပြလျှစ်စစ်မီးရောင်များနှင့် စက်တပ်ယာဉ်များကို ပိတ်ကာ ဟွိုင်အန်မြို့၏ ရိုးရာမီးအိမ်အလင်းရောင်ဖြင့် ခရီးသွားဧည့်သည်များကို ဧည့်ခံကြလေ့ရှိသည်။

လွန်ခဲ့သော နှစ်ရာပေါင်းများစွာက မှန်အိမ်ပွဲတော်၏ ဓလေ့စရိုက်နှင့် ရှေးခေတ် အစဉ်အလာကို တစေ့တစောင်း ခံစားမှုပေးစွမ်းနိုင်သောမြို့တစ်မြို့ဖြစ်သည်။ ဗီယက်နမ်နိုင်ငံအနေဖြင့် ဤနှစ် ငါးလပိုင်းအတွင်း နိုင်ငံခြားခရီးသွား ၃ ဒသမ ၃ သန်း လက်ခံခဲ့ပြီးဖြစ်သည်။

**(ဆင်ဟွာ)**

# အမေရိကန်အရာရှိ သန်းပေါင်းများစွာ၏ အချက်အလက်များ ဆိုက်ဘာမှတိုက်ခိုက်ခံရ

**ဝါရှင်တန် ဇွန် ၅**

အမေရိကန်အစိုးရ ကွန်ပျူတာများကို ဟက်ကာများကတိုက်ခိုက်ပြီး ယခင်နှင့်လက်ရှိအစိုးရဝန်ထမ်း လေးသန်း၏ကိုယ်ရေးအချက်အလက်များကို ရယူခဲ့ကြောင်း၊ အဆိုပါတိုက်ခိုက်သူများသည် တရုတ်နိုင်ငံအခြေစိုက်သူများ ဟုတ်မဟုတ် အသေးစိတ်စုံစမ်းစစ်ဆေးလျက်ရှိကြောင်း အမေရိကန်အရာရှိများက ကြာသပတေးနေ့က ပြောကြားသည်။

အစောပိုင်းက အမေရိကန်၏ ဒုတိယအကြီးဆုံး ကျန်းမာရေးအာမခံကုမ္ပဏီ၏ အချက်အလက်များ ခိုးယူခံရမှုနှင့် ဆက်စပ်မှုရှိကြောင်း ဆိုက်ဘာစုံစမ်းစစ်ဆေးသူများက ဆိုသည်။ အဆင့်မြင့်နည်းပညာစနစ်များ တပ်ဆင်ထားသော အမေရိကန် အေဂျင်စီဌာနများရှိ ကိုယ်ရေးအချက်အလက် စီမံခန့်ခွဲမှုရုံးများ၌ အလုပ်သမားများ၏ သတင်းအချက်အလက်များ ကျူးကျော်ခိုးယူခံရမှုများကို ကြုံတွေ့နေရသည်။ ရုံးဌာနများမှ ဝန်ထမ်းမှတ်တမ်းများနှင့် လုံခြုံရေးအချက်အလက်များကို စီမံခန့်ခွဲထားသည်။ ဆိုက်ဘာ တိုက်ခိုက်မှုနောက်တွင် နိုင်ငံခြားသီးသန့်ဌာနတစ်ခုခု သို့မဟုတ် အစိုးရတစ်ခုခု ကြိုးကိုင်လုပ်ဆောင်နေဖွယ်ရှိကြောင်း အမေရိကန် ဥပဒေရေးရာ အရင်းအမြစ်ဌာနတစ်ခုက ရိုက်တာသို့ပြောသည်။ ဖြစ်နိုင်ဖွယ်ရှိသည့် တရုတ်အဆက်အသွယ်များကို အာဏာပိုင်များက စုံစမ်းစစ်ဆေးလျက်ရှိကြောင်း သိရသည်။

ဝါရှင်တန်ရှိ တရုတ်သံတမန် ပြောခွင့်ရပုဂ္ဂိုလ်ကမူ ထင်ကြေးပေး စွပ်စွဲမှုများသည် တာဝန်မဲ့ပြီး မှန်သင့်သလောက် မမှန်တတ်ကြောင်း ပြောသည်။ နယ်စပ်ဖြတ်ကျော်ပြီး ဟက်ကာတိုက်ခိုက်မှုသည်လည်း ခက်ခဲသော လုပ်ရပ်ဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။ စုံစမ်းစစ်ရေးဗျူရိုအဖွဲ့ကမူ ဖြစ်စဉ်နှင့်ပတ်သက်ပြီး သက်ဆိုင်ရာ အချက်အလက်များကို ရှာဖွေဖော်ထုတ်သွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။ **(ရိုက်တာ)**

**✻ ရှေ့ဖုံးမှ**

အလားတူ ၂၀၁၅ ခုနှစ် ဇွန် ၆ ရက်တွင် ကျရောက်သည့် ဆွီဒင်နိုင်ငံ၏ အမျိုးသားနေ့ အခါသမယ၌ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ ဆွီဒင်နိုင်ငံ ဝန်ကြီးချုပ် မစ္စတာ စတီဖန် လိုဗမ်ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာ ပေးပို့သည်။

(သတင်းစဉ်)







# ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင် ဆွီဒင်အမျိုးသားနေ့ သဝဏ်လွှာပေးပို့

**နေပြည်တော် ဇွန် ၆**

၂၀၁၅ ခုနှစ် ဇွန် ၆ ရက်တွင် ကျရောက်သည့် ဆွီဒင်နိုင်ငံ၏ အမျိုးသားနေ့ အခါသမယ၌ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်ထံမှ ဆွီဒင်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီး မစ္စ မာဂေါ့(တ်) ဝေါစတုန်းထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

(သတင်းစဉ်)

# ဌာနဆိုင်ရာတာဝန်ရှိသူများအား မီဒီယာများနှင့် ဆက်ဆံရေး၊ သတင်းထုတ်ပြန်ခြင်းဆိုင်ရာသင်တန်းပို့ချ

**နေပြည်တော် ဇွန် ၅**

မီဒီယာများနှင့် ဆက်ဆံရေး၊ သတင်းထုတ်ပြန်ခြင်းဆိုင်ရာ သင်တန်းဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက် ၉ နာရီတွင် ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးရုံးခန်းမ၌ ကျင်းပသည်။

သင်တန်းဖွင့်ပွဲတွင် ပြည်ထောင်စုဝန်ကြီး ဦးရဲထွဋ်က ပြည်ထောင်စုဝန်ကြီး ဌာနများမှ တာဝန်ရှိသူများအနေဖြင့် မီဒီယာများနှင့် ဆက်ဆံမှုကို အခွင့်အရေးတစ်ရပ်အဖြစ် ရှုမြင်စေလိုကြောင်း၊ မီဒီယာဆက်ဆံရေးတွင် လိုက်နာဆောင်ရွက်သင့်သည့် အချက်များနှင့် သတင်းထုတ်ပြန်ရေးလုပ်ငန်းများကို သက်ဆိုင်ရာဌာနအလိုက် မူဝါဒများချမှတ်ကာ စနစ်တကျ ဆောင်ရွက်နိုင်ရေးအတွက် ကြိုတင်ပြင်ဆင်သင့်ကြောင်းဖြင့် ပြောကြားသည်။

အဆိုပါသင်တန်းတွင် ရန်ကုန်အခြေစိုက် သတင်းစာပညာ သင်တန်းကျောင်းမှ သတင်းစာပညာရှင် ဦးရဲနိုင်မိုးက မီဒီယာ၏ သဘောသဘာဝ၊ မီဒီယာအသွင် တွေးတောခြင်း၊ သတင်း၏ အနက်အဓိပ္ပာယ်၊ သတင်းမီဒီယာများနှင့် ဆက်ဆံရေး၊ တွေ့ဆုံမေးမြန်းခန်း (Interview) မေးခွန်းများ ဖြေကြားရာတွင် သတိပြုရန်အချက်များ၊ သတင်းထုတ်ပြန်ချက်များ ရေးသားနည်း၊ သတင်းစာရှင်းလင်းပွဲ ကျင်းပခြင်းနှင့် မီဒီယာဆိုင်ရာ အစီအစဉ်များအတွက် ကြိုတင်ပြင်ဆင်ခြင်း စသည့်ခေါင်းစဉ်များဖြင့် ပို့ချသွားမည်ဖြစ်သည်။

အဆိုပါ သင်တန်းသို့ အမျိုးသားလွှတ်တော်၊ ပြည်ထောင်စု တရားလွှတ်တော်ချုပ်ရုံး၊ ပြည်ထောင်စုအစိုးရအဖွဲ့ ဝန်ကြီးဌာနများ၊ ပြည်ထောင်စုရှေ့နေချုပ်ရုံး၊ ပြည်ထောင်စု စာရင်းစစ်ချုပ်ရုံး၊ ပြည်ထောင်စု ရာထူးဝန်အဖွဲ့၊ မြန်မာနိုင်ငံတော် ဗဟိုဘဏ်တို့မှ တာဝန်ရှိသူ (၈၃)ဦး တက်ရောက်ကြပြီး သင်တန်းကို ဇွန် ၆ ရက်အထိ နှစ်ရက်တာ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

(သတင်းစဉ်)



# ညောင်ရွှေမြို့၌ ရှမ်းပြည်နယ်လုံးဆိုင်ရာ ဝိနယာဒိနုဂ္ဂဟ စာပြန်ပွဲတော် ကျင်းပမည်

**ညောင်ရွှေ ဇွန် ၅**

ရှမ်းပြည်နယ်(တောင်ပိုင်း) ညောင်ရွှေမြို့၌ နှစ်စဉ်ကျင်းပမြဲဖြစ်သော ရှမ်းပြည်နယ်လုံးဆိုင်ရာ ဝိနယာဒိနုဂ္ဂဟ စာပြန်ပွဲတော်ကြီးကို ဇွန် ၂၈ ရက်မှစ၍ ဇူလိုင် ၆ ရက်အထိ ကိုးရက်တိုင်တိုင် စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ပြီး ဆွမ်းတစ်နပ်လျှင် ငွေကျပ် ၁၂၀၀၀ နှုန်းဖြင့် မည်သူမဆို ပါဝင်လှူဒါန်းနိုင်ကြောင်း သိရသည်။

(၀၅၄)

# မြန်မာစာချစ် စာပေဆွေးနွေးပွဲကျင်းပ

**ရန်ကုန် ဇွန် ၅**

မြန်မာစာပေချစ်မြတ်နိုးသူများအသင်း(ဗဟို)က မြန်မာစာပေပြန့်ပွားရေး၊ မြန်မာစာရေးထုံးမှန်ကန်ရေး မြန်မာစာပေချစ်မြတ်နိုးသူများ၊ ပိုမိုတိုးတက်လာစေရေး စသည့်ရည်ရွယ်ချက်များဖြင့် ဆွေးနွေးပွဲများ ဟောပြောပွဲများကို အဆက်မပြတ် ပြုလုပ်လျက်ရှိရာ ဇွန် ၇ ရက် မွန်းလွဲ ၁ နာရီတွင် ရန်ကုန်မြို့ ကျောက်တံတားမြို့နယ် ဆိပ်ကမ်းသာလမ်း အမှတ်(၁၈၈) အပေါ်ထပ် မြန်မာစာဂုဏ်ထူးဆရာကြီး ဦးသိန်းနိုင်၏ ခန်းမဆောင်၌ ကျင်းပမည်။

မြန်မာစာချစ် စာပေဆွေးနွေးပွဲတွင် အငြိမ်းစား မြန်မာစာပါမောက္ခ ဦးမျိုးသန့် (စာရေးဆရာမောင်ဘုန်းပြည့်)က ဗမာနှင့် မြန်မာ၊ စာရေးဆရာ အောင်စိုးဦးက ယောအတွင်းဝန် ဦးဖိုးလှိုင်၏ ရာဇဓမ္မသင်္ဂဟကျမ်းနှင့် ဖွဲ့စည်းပုံအခြေခံ ဥပဒေအကြောင်း ဆွေးနွေးတင်ပြမည်ဖြစ်သည်။ စိတ်ဝင်စားသူတိုင်း အခမဲ့တက်ရောက်အားပေးဆွေးနွေးမေးမြန်းနိုင်သည်။

**စိန်ရွှေလှိုင်**

# ဓာတ်အားပြတ်တောက်မည်ဖြစ်ကြောင်း အများပြည်သူသို့ အသိပေးပန်ကြား

**ရန်ကုန် ဇွန် ၅**

ဇွန် ၆ ရက်တွင် ဒဂုံမြို့သစ်(မြောက်ပိုင်း)၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)၊ သာကေတ၊ ပုဇွန်တောင်၊ ဗိုလ်တထောင်၊ တာမွေ၊ မင်္ဂလာတောင်ညွန့်၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)၊ ရန်ကင်း၊ ကမာရွတ်၊ ဗဟန်း၊ မရမ်းကုန်း၊ ဒဂုံ၊ သန်လျင်၊ ကျောက်တန်း၊ လှိုင်သာယာ၊ ရွှေပြည်သာ၊ လှည်းကူး၊ ထောက်ကြန့်မြို့နယ်များ၏ ရပ်ကွက်အချို့၊ CNG ဆိုင်အချို့နှင့် စက်မှုဇုန်အချို့တွင် နံနက် ၈ နာရီမှ ညနေ ၄ နာရီအတွင်း အချိန်ပိုင်း ဓာတ်အားပြတ်တောက်မှုများရှိမည်ဖြစ်သည်။

သို့ဖြစ်ပါ၍ ဇွန် ၇ ရက်တွင် ဒဂုံမြို့သစ်(အရှေ့ပိုင်း)၊ မြောက်ဥက္ကလာပ၊ ရွှေပေါက်ကံ၊ မင်္ဂလာတောင်ညွန့်၊ ကမာရွတ်၊ ကြည့်မြင်တိုင်၊ ဗဟန်း၊ မရမ်းကုန်း၊ လှိုင်၊ အလုံ၊ လမ်းမတော်၊ ပန်းဘဲတန်း၊ စမ်းချောင်း၊ သန်လျင်၊ ဒလ၊ ဆိပ်ကြီးခနောင်တို၊ တွံတေး၊ အင်းစိန်၊ လှိုင်သာယာ၊ မင်္ဂလာဒုံ၊ ရွှေပြည်သာ၊ လှည်းကူး၊ မှော်ဘီ၊ တိုက်ကြီး၊ ထောက်ကြန့်၊ ဖောင်ကြီး၊ အဖျောက်မြို့နယ်များ၏ ရပ်ကွက်အချို့၊ CNG ဆိုင်အချို့နှင့် စက်မှုဇုန်အချို့တွင် နံနက် ၈ နာရီမှ ညနေ ၄ နာရီအတွင်း အချိန်ပိုင်း ဓာတ်အားပြတ်တောက်မှုများရှိမည်ဖြစ်သည်။

**ရန်ကုန်မြို့တော်လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့**

# ပြန်ကြားရေးဝန်ကြီးဌာန သတင်းထုတ်ပြန်ချက်ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်း အသစ်လျှောက်ထားခြင်းများနှင့် သက်တမ်းတိုးခြင်းများအား ခွင့်ပြုပေးနေမှုအခြေအနေ

ပြန်ကြားရေးဝန်ကြီးဌာနသည် ပြည်ထောင်စုအစိုးရ၏ သဘောတူညီချက်ဖြင့် ပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်းလုပ်ငန်းနည်းဥပဒေများကို အမိန့်ကြော်ငြာစာအမှတ်(၄၈/၂၀၁၄)ဖြင့် ၂၀၁၄ ခုနှစ်၊ အောက်တိုဘာလ ၁၀ ရက်နေ့တွင် ထုတ်ပြန်ခဲ့ပါသည်။ ပြန်ကြားရေးဝန်ကြီးဌာန စီမံခန့်ခွဲရေးကော်မတီကပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်း အသိအမှတ်ပြုလက်မှတ် အသစ်လျှောက်ထားခြင်း၊ ၁၉၆၂ ခုနှစ် ပုံနှိပ်သူများနှင့်ထုတ်ဝေသူများ မှတ်ပုံတင်ဥပဒေအရထုတ်ပေးထားသည့် မှတ်ပုံတင် သက်သေခံလက်မှတ်ရရှိထားသူများ၏ သက်တမ်းတိုးလျှောက်ထားခြင်း၊ လုပ်ငန်းအမည်ပြောင်းခြင်းနှင့် ပုံနှိပ်သူ/ထုတ်ဝေသူ အမည်ပြောင်းလျှောက်ထားခြင်းတို့ကို စီမံခန့်ခွဲရေးကော်မတီအစည်းအဝေးများဖြင့် စိစစ်၍ ခွင့်ပြုပေးလျက်ရှိပါသည်။

ထိုသို့ဆောင်ရွက်ပေးခဲ့ရာ (၅-၆-၂၀၁၅)ရက်နေ့က ပြုလုပ်သော ပြန်ကြားရေးဝန်ကြီးဌာန စီမံခန့်ခွဲရေးကော်မတီအစည်းအဝေးတွင် ထုတ်ဝေသူ သက်တမ်းတိုး နှစ်ဦး၊ ပုံနှိပ်လုပ်ငန်းအသစ်လျှောက် ၁၀ ဦး၊ ထုတ်ဝေခွင့်အတွက် အသစ်လျှောက်ထားသူ ဂျာနယ်ထုတ်ဝေခွင့် ငါးဦး၊ မဂ္ဂဇင်းထုတ်ဝေခွင့် တစ်ဦး၊ အထွေထွေထုတ်ဝေခွင့် ရှစ်ဦးနှင့် သတင်းအေဂျင်စီလုပ်ငန်းအသစ် တစ်ဦး၊ ပေါင်းလုပ်ငန်းအသစ် ၂၅ ဦးတို့အားလည်းကောင်း၊ လုပ်ငန်းအမည်ပြောင်း တစ်ဦးနှင့် လုပ်ငန်းလိပ်စာပြောင်း နှစ်ဦးတို့အားလည်းကောင်း အသိအမှတ်ပြုလက်မှတ်များ ထုတ်ပေးရန် ခွင့်ပြုပေးခဲ့သည်။

ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်းနည်းဥပဒေများပြဋ္ဌာန်းသည့် (၁၀-၁၀-၂၀၁၄)ရက်မှစ၍ ယနေ့အထိ ပုံနှိပ်လုပ်ငန်းအတွက်သက်တမ်းတိုး ၉၅၆ ဦးနှင့် အသစ်လျှောက်ထားသူ ၁၇၆ ဦး၊ ထုတ်ဝေခြင်းလုပ်ငန်းအတွက် သက်တမ်းတိုး ၉၅၈ ဦးနှင့် အသစ်လျှောက်ထားသူ ၄၁၅ ဦး၊ သတင်းအေဂျင်စီလုပ်ငန်း အသစ်လျှောက်ထားသူ ၁၂ ဦး စုစုပေါင်း ပုံနှိပ်ခြင်း၊ ထုတ်ဝေခြင်းနှင့် သတင်းအေဂျင်စီလုပ်ငန်းအသိအမှတ်ပြုလက်မှတ် ၂၅၁၇ စောင်အား စိစစ်ခွင့်ပြုပေးခဲ့ပြီးဖြစ်ပါသည်။

ဂျာနယ်ထုတ်ဝေခွင့်အသစ်လျှောက်ထားသူတစ်ဦးနှင့် ပုံနှိပ်သက်တမ်းတိုးလျှောက်ထားသူတစ်ဦးတို့ကို အချက်အလက်များ စိစစ်ဆောင်ရွက်ဆဲဖြစ်ကြောင်း သတင်းထုတ်ပြန်အပ်ပါသည်။

**ပြန်ကြားရေးဝန်ကြီးဌာန**

# ဘင်းမ်စတက်အဖွဲ့နှင့် မြန်မာနိုင်ငံ

**မျိုးဆက်သစ်**



နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန၌ ၄-၃-၂၀၁၄ ရက်ကကျင်းပခဲ့သည့် တတိယအကြိမ် ဘင်းမ်စတက် ထိပ်သီး အစည်းအဝေးသို့ နိုင်ငံတော်သမ္မတ ဦးသိန်းစိန် တက်ရောက်ဆွေးနွေးစဉ်။

ကမ္ဘာလုံးဆိုင်ရာပြောင်းလဲမှုဖြစ်စဉ်(Globalization)နှင့်အတူ ပြောင်းလဲလာသည့် ပထဝီနိုင်ငံရေး (Geopolitics) အရ ကမ္ဘာ့နိုင်ငံအသီးသီးသည် မိမိတို့နိုင်ငံ၏ နိုင်ငံရေး၊ ကုန်သွယ်ရေး၊ စီးပွားရေးနယ်ပယ်တို့တွင် တစ်ဦးတည်းနောက်ကျမကျန်စေရေးအတွက် မိမိတို့နှင့် ပထဝီဒေသချင်းနီးစပ်မှုရှိသည့် ဒေသတွင်းနိုင်ငံများနှင့် ပူးပေါင်းကာ ဒေသတွင်းအုပ်စုအဖွဲ့အစည်းများ ဖွဲ့စည်းလာပြီး ဒေသနှင့် ဒေသတွင်း ပြည်သူများ၏ အကျိုးစီးပွားအတွက် ကြိုးပမ်းဆောင်ရွက်လာကြပါသည်။

**ဘင်းမ်စတက်အဖွဲ့ (BIMSTEC)**

ဘင်္ဂလားပင်လယ်အော်ဒေသတွင်း ကဏ္ဍစုံနည်းပညာနှင့် စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ ဦးဆောင်ဦးရွက်ပြုမှုအစီအစဉ်(Bay of Bengal Initiatives for Multi-Sectoral Technical and Economic Cooperation-BIMSTEC) ဆိုသည်မှာ ဘင်္ဂလားပင်လယ်အော်ဒေသတွင်းနိုင်ငံများ၏ ပေါင်းစည်းမှုရလဒ်အဖြစ် ပေါ်ပေါက်လာခဲ့သော ဒေသဆိုင်ရာအဖွဲ့အစည်းတစ်ခုဖြစ်ပါသည်။ ၁၉၉၇ ခုနှစ်တွင် စတင်ဖွဲ့စည်းခဲ့သော ဘင်းမ်စတက်အဖွဲ့တွင် ဘင်္ဂလားပင်လယ်အော်ဒေသတွင်းနိုင်ငံများဖြစ်ကြသည့် ဘင်္ဂလားဒေ့ရှ်၊ အိန္ဒိယ၊ မြန်မာ၊ သီရိလင်္ကာ၊ နီပေါ၊ ဘူတန်နှင့် ထိုင်းနိုင်ငံတို့ပါဝင်ပါသည်။

**ဘင်းမ်စတက်နေ့**

ဘင်းမ်စတက်အဖွဲ့အား စတင်ဖွဲ့စည်းခဲ့သော ဇွန်လ ၆ ရက်နေ့ကို ဘင်းမ်စတက်နေ့အဖြစ် သတ်မှတ်ထားရှိပါသည်။ ထိုနေ့တွင် အဖွဲ့ဝင်နိုင်ငံများက ဘင်းမ်စတက်နေ့အထိမ်းအမှတ်အခမ်းအနားများကို ကျင်းပ၍ ဂုဏ်ပြုလေ့ရှိပါသည်။ သို့ဖြစ်ရာ ၂၀၁၅ ခုနှစ် ဇွန်လ ၆ ရက်နေ့တွင် ကျရောက်သည့် (၁၈)ကြိမ်မြောက် ဘင်းမ်စတက်နေ့ကို ယခုဆောင်းပါးဖြင့် ဂုဏ်ပြုကြိုဆိုအပ်ပါသည်။

**အဖွဲ့၏သမိုင်းကြောင်းနှင့် မြန်မာနိုင်ငံအဖွဲ့ဝင်အဖြစ်ပါဝင်လာပုံ**

ဘင်းမ်စတက်အဖွဲ့သည် ထိုင်းနိုင်ငံ၏ အိမ်နီးချင်းအနောက်အာရှနိုင်ငံများနှင့် စီးပွားရေးတိုးချဲ့ ဆက်သွယ်ဆောင်ရွက်လိုသော Look West Policy နှင့် အိန္ဒိယနိုင်ငံ၏ အရှေ့တောင်အာရှနိုင်ငံများနှင့် စီးပွားရေးအရ ပိုမိုနီးကပ်စွာဆောင်ရွက်လိုသော Look East Policy တို့၏ ပေါင်းစည်းမှုရလဒ်မှတစ်ဆင့် စတင်သန္ဓေတည်မွေးဖွားလာသည်ဟုဆိုလျှင် မှားမည်မဟုတ်ပေ။ ထိုင်းနိုင်ငံနှင့် အိန္ဒိယနိုင်ငံတို့သည် ဈေးကွက်တိုးချဲ့နိုင်ရေးနှင့် စီးပွားရေးယှဉ်ပြိုင်နိုင်မှု ပိုမိုတိုးမြှင့်နိုင်ရေးအတွက် ဘင်္ဂလားပင်လယ်အော်ဒေသတွင်းနိုင်ငံများဖြစ်ကြသော ဘင်္ဂလားဒေ့ရှ်၊ အိန္ဒိယ၊ မြန်မာ၊ သီရိလင်္ကာနှင့် ထိုင်းနိုင်ငံတို့ပါဝင်သည့် ငါးနိုင်ငံစီးပွားရေးပူးပေါင်းဆောင်ရွက်မှုအဖွဲ့ ဖွဲ့စည်းတည်ထောင်ရန် စတင်ညှိနှိုင်းခဲ့ပါသည်။ အဆိုပါ ညှိနှိုင်းချက်နှင့်အတူ အိန္ဒိယနိုင်ငံမှ ၁၉၉၇ ခုနှစ် မေလတွင် သံတမန်လမ်းကြောင်းမှတစ်ဆင့် ချဉ်းကပ်လာခဲ့ပြီး မြန်မာနိုင်ငံအား မူလအဖွဲ့ဝင်နိုင်ငံအဖြစ်ပါဝင်ရန်နှင့်အဖွဲ့ ထူထောင်ရေးကိစ္စရပ်နှင့်ပတ်သက်၍ ညှိနှိုင်းဆွေးနွေးသည့်အစည်းအဝေးသို့ တက်ရောက်ရန် ဖိတ်ခေါ်ကမ်းလှမ်းခဲ့ပါသည်။ ထိုစဉ်က မြန်မာနိုင်ငံအနေဖြင့် အဖွဲ့၏ တည်ထောင်မှုနှင့် ရည်ရွယ်ချက်အပေါ်တွင် စောင့်ကြည့်လေ့လာလိုသေးသဖြင့် အစည်းအဝေးကို လေ့လာသူအဆင့်ဖြင့်သာ ပါဝင်တက်ရောက်ခဲ့ပါသည်။

အဆိုပါအစည်းအဝေး၏ ရလဒ်အနေဖြင့် ၁၉၉၇ ခုနှစ် ဇွန်လ ၆ ရက်နေ့တွင် ဗန်ကောက်ကြေညာစာတမ်းနှင့်အတူ ဘင်္ဂလားဒေ့ရှ်၊ အိန္ဒိယ၊ သီရိလင်္ကာနှင့် ထိုင်းနိုင်ငံ စီးပွားရေးပူးပေါင်းဆောင်ရွက်မှုအဖွဲ့- ဘစ္စတက် (Bangladesh-India-Sri Lanka-Thailand Economic Cooperation–BIST-EC) ကို စတင်ဖွဲ့စည်းတည်ထောင်ခဲ့ပါသည်။ မြန်မာနိုင်ငံသည် အနောက်အာရှနိုင်ငံများနှင့် အရှေ့တောင်အာရှနိုင်ငံများအကြား ပထဝီအနေအထားအရ မဟာဗျူဟာမြောက်စွာဖြင့်အဖွဲ့၏ ပေါင်းစည်းမှုဗဟိုချက်၌တည်ရှိနေသည်ဖြစ်ရာ အဖွဲ့၏ရည်ရွယ်ချက်နှင့်ဖွဲ့စည်းမှုကို သေချာစွာလေ့လာသုံးသပ်ခဲ့ပါသည်။ အဆိုပါအဖွဲ့တွင် အဖွဲ့ဝင်အဖြစ်ပါဝင်ခြင်းဖြင့် မြန်မာနိုင်ငံအတွက် နိုင်ငံရေး၊ စီးပွားရေး၊ သံတမန်ရေးနှင့် နိုင်ငံတကာရေးရာကိစ္စရပ်များတွင် အကျိုးရှိစေနိုင်မည်ဟုယူဆ၍ ၁၉၉၇ ခုနှစ် ဒီဇင်ဘာလ ၂၂ ရက်နေ့တွင် တင်းပြည့်အဖွဲ့ဝင်အဖြစ် ဝင်ရောက်ခဲ့ပါသည်။

မြန်မာနိုင်ငံအဖွဲ့ဝင်ဖြစ်လာသည့် ၁၉၉၇ ခုနှစ် ဒီဇင်ဘာလ ၂၂ ရက်နေ့မှစတင်၍အဖွဲ့၏ အမည်ကိုလည်း ဘစ္စတက်မှ ဘင်းမ်စတက် (Bangladesh-India-Myanmar-Sri Lanka-Thailand Economic Cooperation – BIMST-EC) သို့ ပြောင်းလဲဖွဲ့စည်းခဲ့ပါသည်။ ၂၀၀၄ ခုနှစ် ဖေဖော်ဝါရီလ ၅ ရက်နေ့မှ ၉ ရက်နေ့အထိ ထိုင်းနိုင်ငံ ဖူးခက်မြို့တွင် ကျင်းပခဲ့သော ဆဋ္ဌမအကြိမ် ဘင်းမ်စတက်ဝန်ကြီးအဆင့် အစည်းအဝေးတွင် ဘူတန်နှင့် နီပေါနိုင်ငံတို့ အဖွဲ့ဝင်အဖြစ် ပါဝင်လာပြီးနောက် ၂၀၀၄ ခုနှစ် ဇူလိုင်လ ၃၁ ရက်နေ့၌ ထိုင်းနိုင်ငံ ဗန်ကောက်မြို့တွင် ကျင်းပခဲ့သော ပထမအကြိမ် ထိပ်သီးအစည်းအဝေးတွင် အဖွဲ့၏အမည်ကို ဘင်းမ်စတက် -ဘင်္ဂလားပင်လယ်အော်ဒေသတွင်း ကဏ္ဍစုံနည်းပညာနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ ဦးဆောင်ဦးရွက်ပြုမှုအစီအစဉ်(Bay of Bengal Initiatives for Multi-Sectoral Technical and Economic Cooperation-BIMSTEC) ဟု ပြောင်းလဲခေါ်ဝေါ်ခဲ့ပါသည်။

**ရည်မှန်းချက်များ**

ဘင်းမ်စတက်အဖွဲ့၏ မျှော်မှန်းချက်များ၊ ရည်ရွယ်ချက်များကို အဆိုပါအဖွဲ့ တည်ထောင်သည့် ဗန်ကောက်ကြေညာစာတမ်းတွင် အောက်ပါအတိုင်း အတိအလင်းဖော်ပြထားပါသည်-

(က) ကုန်သွယ်ရေး၊ ရင်းနှီးမြှုပ်နှံမှု၊ စက်မှု၊ နည်းပညာ၊ လူ့စွမ်းရည်ဖွံ့ဖြိုးရေး၊ ခရီးသွားလုပ်ငန်း၊ စိုက်ပျိုးရေး၊ စွမ်းအင်၊ အခြေခံအဆောက်အအုံနှင့် ပို့ဆောင်ရေးကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်ရေး စီမံချက်များ အကောင်အထည်ဖော်ခြင်းဖြင့် စီးပွားရေးလျင်မြန်စွာ ဖွံ့ဖြိုးမှုရရှိရေးအတွက် ပတ်ဝန်းကျင်ကောင်း ဖန်တီးပေးရန်

(ခ) တန်းတူရည်တူ စိတ်ဓာတ်ဖြင့် ဒေသတွင်း စီးပွားရေး၊ တိုးတက်မှုကို အရှိန်အဟုန်မြှင့်တင်ရေးအတွက် ပူးပေါင်းဆောင်ရွက်ရန်

(ဂ) အဖွဲ့ဝင်နိုင်ငံများအားလုံးအတွက် အကျိုးရှိမည့် စီးပွားရေး၊ လူမှုရေး၊ သိပ္ပံနှင့် နည်းပညာကဏ္ဍများ၌ တက်ကြွစွာပူးပေါင်းဆောင်ရွက်ရန်နှင့် အပြန်အလှန်အကူအညီပေးရန်

(ဃ) ပညာရေးနှင့်နည်းပညာကဏ္ဍများ၌ သင်တန်းနှင့်သုတေသနအကူအညီများပေးခြင်းဖြင့် တစ်နိုင်ငံနှင့် တစ်နိုင်ငံ ကူညီပံ့ပိုးပေးကြရန်

(င) ပြည်သူတို့၏ လူနေမှုအဆင့်မြှင့်တင်ရေးကို လက်တွေ့အကျိုးပြုစေမည့် အမျိုးသားစီမံကိန်းကို အထောက်အကူပြုစေနိုင်သော ကြိုးပမ်းမှုတွင် အကျိုးရှိစွာ ပူးပေါင်းဆောင်ရွက်ရန်

(စ) ရည်ရွယ်ချက်နှင့် မျှော်မှန်းချက်ချင်းတူညီသော နိုင်ငံတကာအဖွဲ့အစည်းများ၊ ဒေသဆိုင်ရာအဖွဲ့အစည်းများနှင့် နီးကပ်စွာ ပူးပေါင်းဆောင်ရွက်ရန်

(ဆ) ဒေသခွဲအဆင့်တွင် လက်တွေ့အကျိုးရလဒ်ဖြစ်ထွန်းစေနိုင်ပြီး အုပ်စုအတွင်းရနိုင်သော စုပေါင်းအားကို အသုံးချနိုင်မည့်စီမံချက်များကို ပူးပေါင်းဆောင်ရွက်ရန်

**ထိပ်သီးအစည်းအဝေး**

ပထမဆုံးအကြိမ် ဘင်းမ်စတက်ထိပ်သီးအစည်းအဝေးကို ထိုင်းနိုင်ငံ ဗန်ကောက်မြို့တွင် ၂၀၀၄ ခုနှစ် ဇူလိုင်လ ၃၁ရက်နေ့က ကျင်းပခဲ့ပါသည်။ ဒုတိယအကြိမ် ဘင်းမ်စတက်ထိပ်သီးအစည်းအဝေးကို ၂၀၀၈ ခုနှစ် နိုဝင်ဘာလ ၁၁ ရက်နေ့မှ ၁၃ ရက်နေ့အထိ အိန္ဒိယနိုင်ငံ နယူးဒေလီမြို့တွင်လည်းကောင်း၊ တတိယအကြိမ်ဘင်းမ်စတက်ထိပ်သီးအစည်းအဝေးကို ၂၀၁၄ ခုနှစ် မတ်လ ၄ ရက်နေ့တွင် မြန်မာနိုင်ငံ နေပြည်တော်၌လည်းကောင်း ကျင်းပခဲ့ပါသည်။

**ဝန်ကြီးအဆင့်အစည်းအဝေးများ**

ဘင်းမ်စတက်အဖွဲ့၏ ဒုတိယအမြင့်ဆုံးအစည်းအဝေးဖြစ်သည့် နိုင်ငံခြားရေးဝန်ကြီးအဆင့် အစည်းအဝေးကို နှစ်စဉ်အဖွဲ့ဝင်နိုင်ငံများမှ အက္ခရာစဉ်အလိုက် အလှည့်ကျကျင်းပပါသည်။ စတုတ္ထအကြိမ်မြောက် ဘင်းမ်စတက်နိုင်ငံခြားရေးဝန်ကြီးအဆင့် အစည်းအဝေးကို ၂၀၀၁ ခုနှစ် ဒီဇင်ဘာလ ၂၁ ရက်နေ့တွင် မြန်မာနိုင်ငံ ရန်ကုန်မြို့တွင် ကျင်းပခဲ့ပါသည်။ အလားတူ (၁၂)ကြိမ်မြောက် ဘင်းမ်စတက် နိုင်ငံခြားရေးဝန်ကြီးအဆင့်အစည်းအဝေးကို ၂၀၀၉ ခုနှစ် ဒီဇင်ဘာလ ၁၁ ရက်နေ့တွင်လည်းကောင်း၊ (၁၃)ကြိမ်မြောက် ဘင်းမ်စတက်နိုင်ငံခြားရေးဝန်ကြီးအဆင့် အစည်းအဝေးကို ၂၀၁၁ ခုနှစ် ဇန်နဝါရီလ ၂၂ ရက်နေ့တွင်လည်းကောင်း၊ (၁၄)ကြိမ်မြောက် နိုင်ငံခြားရေးဝန်ကြီးအဆင့်အစည်းအဝေးကို ၂၀၁၄ ခုနှစ် မတ်လ ၃ ရက်နေ့တွင်လည်းကောင်း မြန်မာနိုင်ငံ နေပြည်တော်၌ ကျင်းပခဲ့ပါသည်။ (၁၂)ကြိမ်မြောက် နိုင်ငံခြားရေးဝန်ကြီးအဆင့်အစည်းအဝေးတွင် အပြည်ပြည်ဆိုင်ရာအကြမ်းဖက်မှု၊ အုပ်စုအသင်းအဖွဲ့ဖြင့် ကျူးလွန်သော နိုင်ငံဖြတ်ကျော်မှုခင်းများနှင့် မူးယစ်ဆေးဝါးတရားမဝင်ရောင်းဝယ်ဖောက်ကားမှုတိုက်ဖျက်ရေး၊ ဘင်းမ်စတက်ကွန်ဗင်းရှင်းအား လက်မှတ်ရေးထိုးနိုင်ခဲ့ပါသည်။ (၁၃) ကြိမ်မြောက် နိုင်ငံခြားရေးဝန်ကြီးအဆင့်အစည်းအဝေးတွင် စွမ်းအင်ဗဟိုဌာန တည်ထောင်ရေးဆိုင်ရာ သဘောတူစာချွန်လွှာအား လက်မှတ်ရေးထိုးနိုင်ခဲ့ပါသည်။ ယခုအချိန်ထိ နိုင်ငံခြားရေးဝန်ကြီးအဆင့်အစည်းအဝေး (၁၄)ကြိမ် ကျင်းပခဲ့ပြီးဖြစ်ပါသည်။

ဘင်းမ်စတက်အဖွဲ့၏ စီးပွားရေးဆိုင်ရာပူးပေါင်းဆောင်ရွက်မှုများ ပိုမိုထိရောက်ကျယ်ပြန့်စွာဆောင်ရွက်နိုင်ရန်အတွက် အဖွဲ့ဝင်နိုင်ငံများမှ စီးပွားရေးဝန်ကြီးများပါဝင်သော တတိယအကြိမ် ဘင်းမ်စတက်စီးပွားရေးဝန်ကြီးများ အစည်းအဝေးကို ၂၀၀၁ ခုနှစ် ဖေဖော်ဝါရီလ ၁၅ ရက်နေ့တွင် မြန်မာနိုင်ငံ ရန်ကုန်မြို့၌ ကျင်းပခဲ့ပါသည်။ ယခုအချိန်အထိ ဘင်းမ်စတက် ကုန်သွယ်ရေးနှင့် စီးပွားရေးဝန်ကြီးများအစည်းအဝေး ငါးကြိမ်တိုင် ကျင်းပခဲ့ပြီး ဖြစ်ပါသည်။

**အဆင့်မြင့်အရာရှိကြီးများအစည်းအဝေး**

ဝန်ကြီးအဆင့်အစည်းအဝေးမတိုင်မီ ညွှန်ကြားရေးမှူးချုပ် ဒုတိယဝန်ကြီးများအဆင့် တက်ရောက်လေ့ရှိသော အဆင့်မြင့်အရာရှိကြီးများအစည်းအဝေးများကို ကျင်းပလေ့ရှိပါသည်။ ၂၀၀၂ ခုနှစ် ဒီဇင်ဘာလတွင် ကျင်းပခဲ့သော ပဉ္စမအကြိမ်ဝန်ကြီးအဆင့် အစည်းအဝေးမှစတင်၍ အဆင့်မြင့်အရာရှိများ အစည်းအဝေးကို တစ်နှစ်လျှင် နှစ်ကြိမ်ကျင်းပရန် ဆုံးဖြတ်ခဲ့ပါသည်။ ၂၀၀၉ ခုနှစ်၊ ၂၀၁၁ ခုနှစ်နှင့်၂၀၁၄ ခုနှစ်များတွင် ကျင်းပခဲ့သော အဆင့်မြင့်အရာရှိကြီးများ အစည်းအဝေးများကို မြန်မာနိုင်ငံမှ အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပခဲ့ပါသည်။ ယခုအချိန်အထိ အဆင့်မြင့်အရာရှိကြီးများ အစည်းအဝေးကို (၁၆) ကြိမ်တိုင် ကျင်းပပြီးစီးခဲ့ပြီးဖြစ်ပါသည်။

> **မြန်မာနိုင်ငံသည် အနောက်အာရှနိုင်ငံများနှင့် အရှေ့တောင်အာရှနိုင်ငံများအကြား မဟာဗျူဟာမြောက်စွာတည်ရှိနေသည့် အားသာချက်ကို အသုံးချ၍ ဘင်းမ်စတက်အဖွဲ့တွင် တက်ကြွစွာ ပါဝင်လှုပ်ရှားခြင်းဖြင့် မြန်မာနိုင်ငံသားများ၏ လူမှုစီးပွားဘဝတိုးတက်မြင့်မားရေးကို အထောက်အကူပြုစေမည်ဖြစ်**

**မြန်မာနိုင်ငံနှင့် တတိယအကြိမ်ဘင်းမ်စတက်ထိပ်သီးအစည်းအဝေး**

ဘင်းမ်စတက်အဖွဲ့၏သမိုင်းတွင် အအောင်မြင်ဆုံးထိပ်သီးအစည်းအဝေးကိုပြပါဆိုလျှင် မြန်မာနိုင်ငံ နေပြည်တော်၌ကျင်းပခဲ့သည့် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်က ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ခဲ့သော တတိယအကြိမ် ဘင်းမ်စတက်ထိပ်သီးအစည်းအဝေးကို ပြသရပေလိမ့်မည်။ အဘယ်ကြောင့်ဆိုသော် မြန်မာနိုင်ငံ၏ ကြိုးပမ်းညှိနှိုင်းပေးမှုအရ အဆိုပါထိပ်သီးအစည်းအဝေး၌ ဘင်းမ်စတက်အဖွဲ့ စတင်ဖွဲ့စည်းစဉ်ကတည်းကပင် ဦးစားပေးညှိနှိုင်းလာခဲ့ကြသော နားလည်မှုစာချွန်လွှာ(၃)ရပ်ကို လက်မှတ်ရေးထိုးနိုင်ခဲ့သောကြောင့် ဖြစ်ပါသည်။ အဆိုပါနားလည်မှုစာချွန်လွှာများအရ ဘင်္ဂလားဒေ့ရှ်နိုင်ငံ ဒါကာမြို့၌ ဘင်းမ်စတက်အတွင်းရေးမှူးချုပ်ရုံး ဖွင့်လှစ်နိုင်ခဲ့သည့်အပြင် အိန္ဒိယနိုင်ငံ နျူဒေလီမြို့၌ ဘင်းမ်စတက် မိုးလေဝသနှင့် ရာသီဥတုဗဟိုဌာနကိုလည်းကောင်း၊ ဘူတန်နိုင်ငံ သင်ဖူးမြို့၌ ဘင်းမ်စတက်ယဉ်ကျေးမှုလုပ်ငန်းများ ကော်မရှင်နှင့် ယဉ်ကျေးမှုလုပ်ငန်းများ လေ့လာရေးဌာနကို ထူထောင်သွားရန်လည်း စီစဉ်ဆောင်ရွက်လျက်ရှိပါသည်။

**အတွင်းရေးမှူးချုပ်ရုံးတည်ထောင်ခြင်း**

မြန်မာနိုင်ငံ နေပြည်တော်၌ကျင်းပခဲ့သော တတိယအကြိမ် ဘင်းမ်စတက်ထိပ်သီးအစည်းအဝေးကြီး၏အောင်မြင်မှုပြယုဒ်တစ်ခုဖြစ်သည့် ဘင်္ဂလားဒေ့ရှ်နိုင်ငံ၊ ဒါကာမြို့၌ ဘင်းမ်စတက်အတွင်းရေးချုပ်ရုံးကို ၂၀၁၄ ခုနှစ် စက်တင်ဘာလ ၁၃ ရက်နေ့တွင် တရားဝင်ဖွင့်လှစ်နိုင်ခဲ့ပါသည်။ ဘင်းမ်စတက်အတွင်းရေးမှူးချုပ်ရုံး တည်ထောင်နိုင်ခဲ့ခြင်းကြောင့် ဘင်းမ်စတက်အဖွဲ့ကြီး၏ ပူးပေါင်းဆောင်ရွက်ရေးကဏ္ဍများကို ပိုမိုစနစ်ကျထိရောက်စွာ ဆောင်ရွက်နိုင်မည့် ပုံမှန်ဖွဲ့စည်းပုံယန္တရားတစ်ခုအဖြစ် အသက်ဝင်လာနိုင်မည်ဖြစ်ပြီး

စာမျက်နှာ ၇ သို့

ပြည်သူ့လွှတ်တော်အစည်းအဝေး

# ကျေးလက်လျှပ်စစ်မီးလင်းရေး တရားဝင်အသုံးပြုခွင့်ရရှိစေရန် ဓာတ်အားပို့လွှတ်သုံးစွဲခွင့်ရရှိရေး ညှိနှိုင်းဆောင်ရွက်ပေးလျက်ရှိ

နေပြည်တော် ဇွန် ၅

**ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ၅၉ ရက်မြောက်နေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော်အစည်းအဝေးခန်းမ၌ ကျင်းပသည်။**

အစည်းအဝေးတွင် ပျော်ဘွယ်မဲဆန္ဒနယ်မှ ဦးမြင့်စိုး၏ **ဘုရားကျောင်းကန် စေတီပုထိုးများ၊ ယဉ်ကျေးမှုဆိုင်ရာ အမွေအနှစ်များကို လေ့လာရန် ပြုလုပ်စီစဉ်ထားသည့် နေရာများ၊ အများပြည်သူဆိုင်ရာ နေရာများတွင် နိုင်ငံတကာအဆင့်မီ ရေအိမ်များ တည်ဆောက်ပေးပြီး ဝန်ဆောင်မှုပေးရန် အစီအစဉ် ရှိ/မရှိ မေးခွန်း**နှင့်စပ်လျဉ်း၍ သာသနာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမောင်မောင်ဌေးက ထင်ရှားကျော်ကြားသည့် ဘုရားကျောင်းကန်၊ စေတီပုထိုးများ၌ နိုင်ငံတကာအဆင့်မီ ရေအိမ်များကို စေတီတော်ရင်ပြင်နှင့် လွတ်ကင်းရာ၌ တည်ဆောက်ပေးထားပြီး သန့်ရှင်းသပ်ရပ်စွာ အခမဲ့ဝန်ဆောင်မှုပေးလျက်ရှိပါကြောင်း၊ အချို့သောဒေသများရှိ ဘဏ္ဍာရေးအခြေအနေအားနည်းသည့် ဘုရားကျောင်းကန်စေတီပုထိုးများ၌ ရေအိမ်များအဆင့်မြှင့်တင်ရေးမှာ ထိုဘုရားစေတီပုထိုးများကို ထိန်းသိမ်းစောင့်ရှောက်လျက်ရှိသည့် ဂေါပကအဖွဲ့များနှင့် အဓိကသက်ဆိုင်ပါကြောင်း၊ သက်ဆိုင်ရာဂေါပကအဖွဲ့၏ ဘဏ္ဍာရေးအခြေအနေပေါ်မူတည်၍ ဆောင်ရွက်ရခြင်းဖြစ်သဖြင့် ဘုရားကျောင်းကန်၊ စေတီပုထိုးများရှိရာနေရာတိုင်း၌ နိုင်ငံတကာအဆင့်မီ ရေအိမ်များထားရှိပေးနိုင်ခြင်းမရှိသေးပါကြောင်းနှင့် ယဉ်ကျေးမှုအမွေအနှစ်များတည်ရှိရာ ယဉ်ကျေးမှုဇုန်များ၌ ရေအိမ်များထားရှိပြီးဖြစ်သော်လည်း ယဉ်ကျေးမှုဇုန်ရှိ အဆောက်အအုံတိုင်း၌ ရေအိမ်များထားရှိနိုင်ခြင်း၊ ဝန်ဆောင်မှုပေးနိုင်ခြင်းမရှိသေးပါကြောင်း ရှင်းလင်းဖြေကြားသည်။



ဒုတိယဝန်ကြီး ဒေါက်တာမောင်မောင်ဌေး ဖြေကြားစဉ်။ (သတင်းစဉ်)



ပျော်ဘွယ်မဲဆန္ဒနယ်မှ ဦးမြင့်စိုး မေးမြန်းစဉ်။ (သတင်းစဉ်)

ပုဗ္ဗသီရိမဲဆန္ဒနယ်မှ ဦးဖြိုးဇေယျာသော်၏ **၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်တွင် ပုဗ္ဗသီရိမြို့နယ်အတွင်း ကျေးရွာ ၁၄ ရွာတွင် လျှပ်စစ်မီးလင်းရေးလုပ်ငန်းများ ဆောင်ရွက်ရန် ဒေသခံတောင်သူလယ်သမားများထံမှ ကျပ်သန်းပေါင်း ၂၆၇ ဒသမ ၆၈၀ သန်းကို ကျေးရွာမှ ထည့်ဝင်ငွေအဖြစ် စိုက်ထုတ်ကျခံခြင်းထက် နိုင်ငံတော်အစိုးရမှ စိုက်ထုတ်ကျခံပေးနိုင်ခြင်း ရှိ/မရှိ**နှင့်စပ်လျဉ်း၍ နေပြည်တော်ကောင်စီဝင် ဦးဖုန်းဇော်ဟန်က မြန်မာနိုင်ငံ၌ ကျေးရွာပေါင်း ၆၃၈၆၀ ရှိရာ နိုင်ငံတော်အနေဖြင့် ကျေးလက်ဒေသအားလုံး လျှပ်စစ်မီးရရှိရေး ဆောင်ရွက်ပေးရန် နိုင်ငံတော်ဘတ်ဂျက်ရန်ပုံငွေဖြင့်ဆောင်ရွက်ပါက နိုင်ငံတော်၏ အရေးကြီးသည့် အခြားကဏ္ဍများတွင် လျော့နည်းသုံးစွဲရမည်ဖြစ်သဖြင့် ကျေးရွာများ လျှပ်စစ်မီးလင်းရေးကို ကိုယ့်အားကိုယ်ကိုး ဆောင်ရွက်ရခြင်းဖြစ်ပါကြောင်း၊ ကျေးရွာများတွင် ကိုယ့်အားကိုယ်ကိုး လျှပ်စစ်မီးလင်းရေးကော်မတီများဖွဲ့စည်းပြီး ကျေးရွာအတွင်း မီးကြိုးသွယ်တန်းခြင်း၊ မီးတိုင်စိုက်ထူခြင်း စသည့်လုပ်ငန်းများအတွက် ကုန်ကျစရိတ်များကို အဆိုပါကော်မတီက တွက်ချက်၍ ကျေးရွာသူ ကျေးရွာသားများကို ချပြကာ ကျေးရွာပြည်သူအားလုံး၏ ဆန္ဒသဘောတူညီချက်ဖြင့် ကောက်ခံခြင်းဖြစ်ပါကြောင်း၊ ငွေကြေးကောက်ခံမှုမှန်ကန်မှုရှိစေရေးအတွက် ခရိုင်၊ မြို့နယ်မီးလင်းရေးကော်မတီများကို ကြီးကြပ်ဆောင်ရွက်လျက် ရှိပါကြောင်း၊ နေပြည်တော်ကောင်စီနယ်မြေ၌ မဟာဓာတ်အားလိုင်းနှင့် နီးသည့်ကျေးရွာများကို 11 KV ဓာတ်အားလိုင်း၊ ဓာတ်အားခွဲရုံများ ဆောင်ရွက်ပေးပြီး မီးလင်းရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် အခက်အခဲရှိသည့် ကျေးရွာများကို ကူညီဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ ကျေးလက်လျှပ်စစ်မီးလင်းရေးအတွက် တရားဝင်အသုံးပြုခွင့်ရရှိစေရန် ဓာတ်အားပို့လွှတ်သုံးစွဲခွင့်ရရှိရေးကို သက်ဆိုင်ရာဝန်ကြီးဌာနနှင့် ညှိနှိုင်းဆောင်ရွက်ပေးလျက်ရှိပါကြောင်းဖြင့် ရှင်းလင်းဖြေကြားသည်။ **(သတင်းစဉ်)**

*စာမျက်နှာ ၆ မှ*

ယခင်က ညှိနှိုင်းဆောင်ရွက်မှုမလုပ်နိုင်ခဲ့သည့် ကဏ္ဍများကိုလည်း ရှာဖွေဖော်ထုတ်၍ ညှိနှိုင်းချိတ်ဆက်ဆောင်ရွက်ပေးနိုင်မည်ဖြစ်ပါသည်။

**ဘင်းမ်စတက်လုပ်ငန်းအဖွဲ့အစည်းအဝေး**

ဘင်းမ်စတက်ဝန်ကြီးအဆင့်အစည်းအဝေး၊ အဆင့်မြင့်အရာရှိကြီးများ အစည်းအဝေးများ ရပ်နားထားသည့်ကြားကာလများတွင် ဘင်းမ်စတက်အဖွဲ့ကြီး၏ တိုးတက်မှုများကို ဆန်းစစ်လေ့လာရန်နှင့် ကွဲပြားခြားနားသော လုပ်ဆောင်ချက်များအကြား ပိုမိုနီးကပ်စွာ ညှိနှိုင်းဆောင်ရွက်နိုင်ရန်အတွက် အမြဲတမ်းယန္တရားတစ်ရပ်အနေဖြင့် ဘင်းမ်စတက်လုပ်ငန်းအဖွဲ့ (BIMSTEC Working Group) အစည်းအဝေးကို ထိုင်းနိုင်ငံ ဗန်ကောက်မြို့တွင် လစဉ်ကျင်းပဆောင်ရွက်ခဲ့ပါသည်။ ယခုဘင်းမ်စတက် အတွင်းရေးမှူးချုပ်ရုံး တည်ထောင်ပြီးနောက်ပိုင်းတွင် အဆိုပါလုပ်ငန်းအဖွဲ့အစည်းအဝေးများကို ဘင်္ဂလားဒေ့ရှ်နိုင်ငံ ဒါကာမြို့၌ လစဉ်ကျင်းပပါသည်။

**ပူးပေါင်းဆောင်ရွက်မှုကဏ္ဍများနှင့် မြန်မာနိုင်ငံ၏ဦးဆောင်ကဏ္ဍများ**

ဘင်းမ်စတက်အဖွဲ့၏ထူးခြားချက်မှာ အခြားသောဒေသတွင်းအဖွဲ့အစည်းများနှင့်မတူဘဲ ၎င်း၏လုပ်ငန်းလည်ပတ်မှုပုံစံကို ကဏ္ဍအလိုက်ပူးပေါင်းဆောင်ရွက်မှုအပေါ် အခြေခံ၍ ဖွဲ့စည်းထားပါသည်။ ဘင်းမ်စတက်အဖွဲ့တွင် ကုန်သွယ်ရေးနှင့်ရင်းနှီးမြှုပ်နှံမှုကဏ္ဍ၊ ပို့ဆောင်ဆက်သွယ်ရေးကဏ္ဍ၊ ခရီးသွားလုပ်ငန်းကဏ္ဍ၊ စွမ်းအင်ကဏ္ဍ၊ နည်းပညာကဏ္ဍ၊ ရေလုပ်ငန်းကဏ္ဍ၊ ဆင်းရဲနွမ်းပါးမှုပပျောက်ရေးကဏ္ဍ၊ စိုက်ပျိုးရေးကဏ္ဍ၊ ယဉ်ကျေးမှုကဏ္ဍ၊ အကြမ်းဖက်မှုတိုက်ဖျက်ရေးနှင့် နိုင်ငံဖြတ်ကျော်မှုခင်းများကဏ္ဍ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သဘာဝဘေးအန္တရာယ်ကာကွယ်ရေးကဏ္ဍ၊ ပြည်သူ့ကျန်းမာရေးကဏ္ဍ၊ ပြည်သူအချင်းချင်းထိတွေ့ဆက်ဆံမှုကဏ္ဍနှင့် ရာသီဥတုကဏ္ဍဟူ၍ လက်ရှိပူးပေါင်းဆောင်ရွက်မှုကဏ္ဍ (၁၄)ခုရှိပါသည်။ ပူးပေါင်းဆောင်ရွက်မှုများကို ထိရောက်စွာဆောင်ရွက်နိုင်ရန်အတွက် ကဏ္ဍအလိုက် ဦးဆောင်နိုင်ငံများကို သတ်မှတ်ထားရှိပြီး ၎င်းနိုင်ငံများအနေဖြင့် ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုထိရောက်လျင်မြန်စေရန် ညှိနှိုင်းပေါင်းစပ်ပေးခြင်း၊ ကဏ္ဍအလိုက် ကျွမ်းကျင်သူအစည်းအဝေးများကျင်းပပြုလုပ်၍ ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ စီမံကိန်းများဖော်ထုတ်ရေးဆွဲခြင်း၊ အကောင်အထည်ဖော်ဆောင်ရွက်ခြင်း၊ တိုးတက်မှုများကို တိုင်းတာစောင့်ကြည့်ခြင်းနှင့် အစီရင်ခံတင်ပြခြင်း စသည်တို့ကို ဆောင်ရွက်ကြပါသည်။

မြန်မာနိုင်ငံသည် စိုက်ပျိုးရေးကဏ္ဍနှင့် စွမ်းအင်ကဏ္ဍတို့တွင် ဦးဆောင်နိုင်ငံအဖြစ် တာဝန်ယူထားရာ စိုက်ပျိုးရေးကဏ္ဍနှင့်စပ်လျဉ်း၍ ပထမအကြိမ် ဘင်းမ်စတက်စိုက်ပျိုးရေးကျွမ်းကျင်သူများကဏ္ဍ အစည်းအဝေးကို ၂၀၀၇ ခုနှစ် မတ်လ ၁၅ ရက်နေ့မှ ၁၆ ရက်နေ့အထိ မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် ဦးစီးကျင်းပနိုင်ခဲ့ပါသည်။ ထို့အပြင် ဦးဆောင်နိုင်ငံအနေဖြင့် အဖွဲ့ဝင်နိုင်ငံများအကြား အကျိုးရှိစေမည့်စိုက်ပျိုးရေးကဏ္ဍဘုံစီမံကိန်းများကို ထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် လိုအပ်သောဘဏ္ဍာငွေအရင်းအမြစ်များကို ရှာဖွေဖော်ထုတ်နိုင်ရေးအတွက် ညှိနှိုင်းဆောင်ရွက်ပေးလျက်ရှိပါသည်။

အလားတူ စွမ်းအင်ကဏ္ဍတွင်လည်း မြန်မာနိုင်ငံအနေဖြင့် ကျွမ်းကျင်သူအဆင့်အစည်းအဝေး (၅)ကြိမ် ကျင်းပပြုလုပ်နိုင်ခဲ့ပါသည်။ ပထမအကြိမ်စွမ်းအင်ဝန်ကြီးအဆင့်အစည်းအဝေးကို ၂၀၀၅ ခုနှစ် အောက်တိုဘာလ ၄ ရက်နေ့တွင် အိန္ဒိယနိုင်ငံက အိမ်ရှင်အဖြစ်ကျင်းပပြုလုပ်ခဲ့ပြီး စွမ်းအင်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု ပူးတွဲကြေညာချက်နှင့် လုပ်ငန်းစီမံချက်များကို ထုတ်ပြန်နိုင်ခဲ့ပါသည်။ ၂၀၁၅ ခုနှစ် မတ်လ ၁၆ ရက်နေ့တွင် ဒါကာမြို့၌ ကျင်းပခဲ့သည့် (၅)ကြိမ်မြောက် BIMSTEC Task Force Trans-Power Exchange အစည်းအဝေးတွင် Memorandum of Understanding on BIMSTEC Grid Interconnection ကို လက်မှတ်ရေးထိုးနိုင်ရေးနှင့် ပတ်သက်၍ ဆွေးနွေးခဲ့ကြပြီး ယင်း Memorandum of Understanding အား အပြီးသတ်အတည်ပြုလက်မှတ်ရေးထိုးနိုင်ရေးအတွက် ဆက်လက်ညှိနှိုင်းဆောင်ရွက်လျက်ရှိပါသည်။

ဘင်းမ်စတက်အဖွဲ့ဝင်နိုင်ငံများသည် နိုင်ငံတစ်နိုင်ငံချင်းစီ၏ အရွယ်အစား၊ နိုင်ငံရေးပုံစံနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှုန်းထားများအရ ကွာခြားမှုရှိသော်လည်း အဖွဲ့တစ်ခုလုံးအနေဖြင့် ခြုံကြည့်ပါက အဖွဲ့ဝင်နိုင်ငံများ၏စုစုပေါင်းလူဦးရေသည် ကမ္ဘာ့လူဦးရေ၏ ၂၂ ရာခိုင်နှုန်းကျော်ရှိခြင်းကြောင့် အာဆီယံအဖွဲ့၏လူဦးရေထက်ပင် ပိုမိုများပြားကြောင်းတွေ့ရှိရပါသည်။ ထို့အပြင် ဘင်းမ်စတက်အဖွဲ့သည် ပထဝီအနေအထားအရ အာဆီယံအဖွဲ့ဝင်နိုင်ငံများနှင့်သာမက အနောက်အာရှနိုင်ငံများနှင့်ပါ နီးကပ်စွာတည်ရှိနေပြီး အဖွဲ့၏စုစုပေါင်း ဂျီဒီပီမှာလည်း အမေရိကန်ဒေါ်လာ ၇၅၀ ဘီလီယံရှိရာ အလားအလာကောင်းသော ဒေသဆိုင်ရာစီးပွားရေးပူးပေါင်းဆောင်ရွက်မှုအဖွဲ့တစ်ခုအဖြစ် ကမ္ဘာ့နိုင်ငံများက ရှုမြင်သုံးသပ်ကာ အဖွဲ့၏မိတ်ဖက်နိုင်ငံအဖြစ်ပါဝင်လိုကြောင်း ကမ်းလှမ်းမှုများပင် ရှိလာပါသည်။

မြန်မာနိုင်ငံသည် အနောက်အာရှနိုင်ငံများနှင့် အရှေ့တောင်အာရှနိုင်ငံများအကြား မဟာဗျူဟာမြောက်စွာတည်ရှိနေသည့် အားသာချက်ကို အသုံးချ၍ ဘင်းမ်စတက်အဖွဲ့တွင် တက်ကြွစွာ ပါဝင်လှုပ်ရှားခြင်းဖြင့် မြန်မာနိုင်ငံသားများ၏ လူမှုစီးပွားဘဝတိုးတက်မြင့်မားရေးကို အထောက်အကူပြုစေမည်ဖြစ်ပါကြောင်း ယုံကြည်ရေးသား၍ ဇွန်လ ၆ ရက်နေ့တွင်ကျရောက်သည့် ဘင်းမ်စတက်နေ့ကို ဂုဏ်ပြုကြိုဆိုအပ်ပါသည်။

# မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် ဩစတြေးလျနိုင်ငံ အကောက်ခွန်နှင့် နယ်စပ်ကာကွယ်တားဆီးရေးဌာနတို့ဆွေးနွေး

**နေပြည်တော် ဇွန် ၅**

မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ်ဇော်ဝင်းနှင့် ဩစတြေးလျနိုင်ငံ အကောက်ခွန်နှင့် နယ်စပ်ကာကွယ်တားဆီးရေးဌာန (Australin Customs and Border Protection Service-ACBPS) အရာရှိချုပ် Mr. Roman Quaedvlieg တို့သည် ဇွန် ၄ ရက် မွန်းလွဲ ၂ နာရီက မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဌာနချုပ်၌ တွေ့ဆုံဆွေးနွေး၍ ညနေ ၅ နာရီတွင် နေပြည်တော် Royal ACE ဟိုတယ်၌ ဆွေးနွေးမှုမှတ်တမ်းအား လက်မှတ်ရေးထိုးသည်။

နှစ်ဖက်တွေ့ဆုံဆွေးနွေးရာတွင် မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် ဩစတြေးလျနိုင်ငံ အကောက်ခွန်နှင့် နယ်စပ်ဒေသကာကွယ်တားဆီးရေးဌာနတို့အကြား သတင်းအချက်အလက် ဖလှယ်ရေးဆိုင်ရာ စီစဉ်ဆောင်ရွက်မှုနှင့် မြန်မာနိုင်ငံ ရေကြောင်းရဲတပ်ဖွဲ့မှ ကမ်းရိုးတန်းဒေသများ၌ တရားဥပဒေစိုးမိုးရေးလုပ်ငန်းများတွင် ပိုမိုမြှင့်တင်ဆောင်ရွက်နိုင်ရေးနှင့် နိုင်ငံဖြတ်ကျော်မှုခင်းများ၏ ခြိမ်းခြောက်မှုများကို ရင်ဆိုင်ဖြေရှင်းရာတွင် နှစ်နိုင်ငံတပ်ဖွဲ့ဝင်များ စွမ်းရည်တိုးမြှင့်စေရေးအတွက် ပူးပေါင်းဆောင်ရွက်မှုအစီအစဉ်များ ပါဝင်ကြောင်း သတင်းရရှိသည်။ **(မြန်မာ့အလင်း)**

## ရွှေ့ပြောင်းသွားလာအလုပ်လုပ်ကိုင်ရာ ကြိုတင်လေ့လာဘေးကင်းကွာ

# လူသားချင်းစာနာထောက်ထားမှုဖြင့် ကယ်ဆယ်ခဲ့သော လှေစီးသွားလာသူများအား အမြန်ပြန်လည်ပို့ဆောင်နိုင်ရန် ဆောင်ရွက်လျက်ရှိ

**မောင်တော ဇွန် ၅**

မြန်မာ့တပ်မတော်(ရေ)က ပင်လယ်ပြင်လုံခြုံရေးတာဝန်ထမ်းဆောင်စဉ် မေ ၂၉ ရက်က ဧရာဝတီတိုင်းဒေသကြီး ဖျာပုံမြို့အရှေ့တောင်ဘက် ပင်လယ်ပြင်၌ လူသားချင်းစာနာထောက်ထားသည့်အနေဖြင့်ကယ်တင်ခဲ့သော လှေစီးသွားလာသူ ၇၃၃ ဦးကို ၎င်းတို့မူလလာရောက်သည့်နေရာသို့ ချောမွေ့မြန်ဆန်စွာ ပို့ဆောင်သည့်လုပ်ငန်းများဆောင်ရွက်နိုင်ရန် လှေစီးသွားလာသူများ၏အခြေအနေနှင့်စပ်လျဉ်း၍ ဖြစ်ရပ်မှန်ပေါ်ပေါက်ရေး စိစစ်ရေးအဖွဲ့ခေါင်းဆောင် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းမြင့်၊ ရခိုင်ပြည်နယ် လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးထိန်လင်းနှင့် စိစစ်ရေးအဖွဲ့ဝင်များသည် လှေစီးသွားလာသူများကို ယာယီရွှေ့ပြောင်းထားရှိသည့် ရခိုင်ပြည်နယ် မောင်တောခရိုင် တောင်ပြို(လက်ဝဲ)မြို့အနီးရှိ မှတ်တိုင်(၃၇) စခန်းသို့ ယမန်နေ့ မွန်းလွဲ ၂ နာရီခွဲက သွားရောက်ခဲ့ကြသည်။

ရှေးဦးစွာ ဒုတိယဝန်ကြီး ဦးဝင်းမြင့် ခေါင်းဆောင်သောစိစစ်ရေးအဖွဲ့သည် မှတ်တိုင်(၃၇)အနီးရှိ ယာယီစခန်း၌ လှေစီးသွားလာသူများကို နေရာချထားမှု၊ စားဝတ်နေရေးနှင့် ကျန်းမာရေးစောင့်ရှောက်ပေးနေမှုတို့ကို လှည့်လည်ကြည့်ရှုပြီး အဆိုပါလှေစီးသွားလာသူများကို မူရင်းဒေသစိစစ်ပြီးပါက ၎င်းတို့ မူလလာရောက်သည့်နေရာများသို့ အမြန်ပြန်လည်ပို့ဆောင်နိုင်ရေးအတွက် သံတမန်နည်းလမ်းနှင့် လုပ်ငန်းစဉ်များအတိုင်း ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **(သတင်းစဉ်)**

# ပြည်သူလူထုတစ်ရပ်လုံး သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ရာသီဥတုပြောင်းလဲမှုလျော့ချရေးလုပ်ငန်းများတွင် ပူးပေါင်းပါဝင်ဆောင်ရွက်

နေပြည်တော် ဇွန် ၅

**၂၀၁၅ ခုနှစ် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန (MICC -2) ၌ ကျင်းပရာ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန် တက်ရောက်အမှာစကားပြောကြားသည်။**



**နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ၂၀၁၅ ခုနှစ် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် အလွတ်တန်းဆောင်းပါးပြိုင်ပွဲတွင် ပထမဆုရ ဒေါ်ဝေဝေလှိုင်အား ဆုများပေးအပ်ချီးမြှင့်စဉ်။** (သတင်းစဉ်)

အခမ်းအနားသို့ နိုင်ငံတော်သမ္မတနှင့်အတူ ဒုတိယသမ္မတ ဒေါက်တာ စိုင်းမောက်ခမ်း၊ ပြည်ထောင်စုဝန်ကြီးများနှင့် ဒုတိယဝန်ကြီးများ၊ ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ်(UNDP)ဌာနေကိုယ်စားလှယ် မစ္စရီနာတာ လော့ခ် ဒပ်စ္စလီယန်နှင့် ကုလသမဂ္ဂ အဖွဲ့အစည်းများမှ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် နိုင်ငံတော်သမ္မတက ယခုနှစ် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ ဆောင်ပုဒ်တွင်ပါသည့် လူသားသန်း ၇၀၀၀ ၏ အဓိကကျသည့် မျှော်မှန်းချက်များဖြစ်သည့် အစာအာဟာရ လုံလောက်စွာရရှိရန်နှင့် စိုက်ပျိုးရေးကိုမြှင့်တင်ရန်၊ အရည်အသွေးရှိသည့် ပညာရေးကို ဖော်ဆောင်ရန်၊ သန့်ရှင်းသည့်ရေ လုံလောက်စွာရရှိရန်၊ ထုတ်လုပ်မှုနှင့် စားသုံးမှုပုံသဏ္ဌာန်များကို ရေရှည်မျှော်ကိုးပြီး ကောင်းမွန်သော အလေ့အကျင့်များ ကျင့်ကြံရန်၊ ငြိမ်းချမ်းပြီး အားလုံးပါဝင်သည့် လူ့အဖွဲ့အစည်း တည်ဆောက်ရန် စသည့် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှု ရည်မှန်းချက်များကို ယခုလာမည့် စက်တင်ဘာလတွင်ကျင်းပမည့် ကမ္ဘာ့ကုလသမဂ္ဂ အထွေထွေညီလာခံတွင် အပြီးသတ်ချမှတ်သွားမည် ဖြစ်ပါကြောင်း၊ ထို့အပြင် ရာသီဥတုပြောင်းလဲမှုဆိုင်ရာ စိန်ခေါ်မှုများကို ဖြေရှင်းနိုင်ရန်အတွက် ယခုနှစ် ဒီဇင်ဘာလအတွင်း ပြင်သစ်နိုင်ငံ ပါရီမြို့၌ ကျင်းပမည့် ရာသီဥတုပြောင်းလဲမှုဆိုင်ရာညီလာခံတွင် ကမ္ဘာလုံးဆိုင်ရာ ရာသီဥတုပြောင်းလဲမှု သဘောတူညီချက်ကို ချမှတ်သွားမည်ဖြစ်သည့်အတွက် ၂၀၁၅ ခုနှစ်သည် သဘာဝပတ်ဝန်းကျင်နှင့် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ သမိုင်းမှတ်တိုင်တစ်ခုဖြစ်သည်ကို ပြောကြားလိုပါကြောင်း။

မြန်မာနိုင်ငံအပါအဝင် ကမ္ဘာပေါ်ရှိလူသားများအားလုံး သယံဇာတများ ထုတ်လုပ်ခြင်း၊ သုံးစွဲခြင်းနှင့် စွန့်ပစ်ခြင်းတို့ကို ဆောင်ရွက်ရာတွင် ပတ်ဝန်းကျင်နှင့် မူလဂေဟစနစ် ရေရှည်တည်တံ့စေမှုကို ထိခိုက်မှုမရှိစေရန် တစ်ဦးချင်း၏ နေထိုင်မှု အမူအကျင့်များကို အခြေခံကျကျ ပြောင်းလဲသွားကြရမည် ဖြစ်ပါကြောင်း၊ အဘယ်ကြောင့်ဆိုသော် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုရရန်၊ မရရန်ဆိုသည်မှာ မိမိတို့လူသားများ၏ အပြုအမူများနှင့် လုပ်ဆောင်ချက်များအပေါ် အဓိကတည်မှီနေခြင်းကြောင့် ဖြစ်ပါကြောင်း။

မိမိတို့အားလုံး အထူးသတိပြုရမည့် အချက်တစ်ချက်မှာ ကမ္ဘာ့လူဦးရေ တစ်နေ့တခြား တိုးတက်လာခြင်းပင်ဖြစ်ပါကြောင်း၊ ယနေ့ ကမ္ဘာ့လူဦးရေသည် သန်း ၇၀၀၀ ရှိနေပြီး ၂၀၅၀ ပြည့်နှစ်တွင် သန်း ၉၆၀၀ အထိ တိုးလာမည်ဟု ခန့်မှန်းထားပါကြောင်း၊ မြန်မာနိုင်ငံတွင်လည်း ၁၉၉၀ ပြည့်နှစ်က လူဦးရေသန်း ၄၀ ကျော်ခန့်ရှိခဲ့ရာမှ ယခုအခါ လူဦးရေ ၅၁ ဒသမ ၄ သန်းကျော်အထိ တိုးတက်လာပြီ ဖြစ်ပါကြောင်း၊ ထို့ကြောင့် စားနပ်ရိက္ခာ၊ လူ့အသုံးအဆောင်၊ သယံဇာတများ ဖြည့်ဆည်းပေးနိုင်ရန် မိမိတို့နိုင်ငံအပါအဝင် ကမ္ဘာ့နိုင်ငံအားလုံး၏ အဓိကစိန်ခေါ်မှုကြီးတစ်ခုဖြစ်သည်ကို မိမိတို့ငြင်း၍ မရနိုင်ပါကြောင်း။

ကမ္ဘာ့လူဦးရေ တိုးတက်လာသည်နှင့်အမျှ လူသားတို့၏ လိုအပ်ချက်များ ဖြည့်ဆည်းနိုင်ရန်အတွက် နည်းပညာများ ဆန်းသစ်တီထွင်ခြင်း၊ စက်မှုလက်မှုများ ဖွံ့ဖြိုးတိုးတက်လာခြင်းတို့နှင့်အတူ အခြားတစ်ဖက်တွင်လည်း သဘာဝသယံဇာတ အရင်းအမြစ်များ အလွန်အကျွံ ထုတ်ယူသည့်အတွက် သဘာဝသယံဇာတများ လျော့နည်းဆုံးရှုံးလာခြင်း၊ သစ်တောများပြုန်းတီးခြင်း၊ ဂေဟစနစ်များ ပျက်စီးခြင်း၊ ဇီဝမျိုးစုံမျိုးကွဲများ လျော့နည်းလာခြင်း၊ ရေအရင်းအမြစ်များ ရှားပါးလာခြင်း၊ လေထုနှင့် ရေထုညစ်ညမ်းမှုများ ဖြစ်ပေါ်လာခြင်း စသည့်ပတ်ဝန်းကျင်ယိုယွင်းမှု ပြဿနာများသည် မိမိတို့ မြန်မာနိုင်ငံအပါအဝင် ကမ္ဘာအနှံ့အပြား၌ ကြုံတွေ့ရလျက်ရှိပါကြောင်း၊ အထူးသဖြင့် သက်ရှိလောကတစ်ခုလုံးကို ခြိမ်းခြောက်နေသည့် အကြီးမားဆုံးသောပြဿနာမှာ ရာသီဥတုပြောင်းလဲမှုဖြစ်စဉ်ပင် ဖြစ်ပါကြောင်း။

ယနေ့ သက်ရှိလောက စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရန်အတွက် ကြိုးပမ်းသည့်နေရာတွင် ကြုံတွေ့နေရသည့် ယခုကဲ့သို့ ပတ်ဝန်းကျင်ဆိုင်ရာ ပြဿနာများနှင့် စပ်လျဉ်း၍ ကုလသမဂ္ဂပတ်ဝန်းကျင်ဆိုင်ရာ အစီအစဉ်မှ လေ့လာဆန်းစစ် တွေ့ရှိချက်များကို အခွင့်ကြုံ၍ ရှင်းပြရမည်ဆိုပါက ကမ္ဘာ့လူဦးရေ ၉၂၅ သန်းသည် စားနပ်ရိက္ခာချို့တဲ့မှု၊ သန်း ၆၀၀ ကျော်သည် သောက်သုံးရေမရရှိမှု၊ သန်း ၃၄၀၀ ခန့်သည် ရေချိုရရှိရေး ခြိမ်းခြောက်ခံနေရမှု၊ လူဦးရေသန်း ၂၅၀၀ သည် အခြေခံသန့်ရှင်းမှု မရှိသည့်အတွက် ၃ ဒသမ ၅ သန်းသည် ရောဂါဘယခံစားနေရမှု၊ ကမ္ဘာမြေဧရိယာ၏ လေးပုံ တစ်ပုံဖြစ်သည့် သစ်တောဧရိယာ၏ ၃၀ ရာခိုင်နှုန်း၊ စိုက်ပျိုးမြေဧရိယာ၏ ၂၀ ရာခိုင်နှုန်းနှင့် စားကျက်မြက်ခင်းဧရိယာ၏ ၁၀ ရာခိုင်နှုန်းသည် အဆင့်အတန်းကျဆင်းလာသည့်အတွက် ထုတ်လုပ်မှု၏ ၄ ရာခိုင်နှုန်းမှ ၁၀ ရာခိုင်နှုန်းအထိ နှစ်စဉ်လျော့ကျနေမှု၊ ၂၀၀၀ ပြည့်နှစ်နှင့် ၂၀၁၀ ပြည့်နှစ်အကြားတွင် နှစ်စဉ် သစ်တောဧရိယာဟက်တာ ၁၃ သန်းဆုံးရှုံးမှု၊ ကမ္ဘာ့ရေတိမ်ဒေသ၏ ၅၀ ရာခိုင်နှုန်းဆုံးရှုံးမှုစသည့် သဘာဝသယံဇာတများ လျော့ပါးမှုပြဿနာများနှင့် ကြုံတွေ့နေရကြောင်းကို ဖော်ပြထားပါကြောင်း၊ ယင်းတို့သည် လက်ရှိကမ္ဘာ့လူဦးရေ သန်း ၇၀၀၀ ၏ အသက်ရှင်ရပ်တည်မှုကို ခြိမ်းခြောက်နေသကဲ့သို့ နောင်အနာဂတ် ၂၀၅၀ ပြည့်နှစ်တွင် ရှိလာမည့် ကမ္ဘာ့လူဦးရေ သန်း ၉၆၀၀ ၏ အဓိက စိန်ခေါ်မှုကြီးတစ်ရပ်ဖြစ်သည်ဆိုသည်ကို ထင်ထင်ရှားရှား သိရှိနိုင်ပါကြောင်း၊ ဤကဲ့သို့ တိုးတက်လာသည့် လူဦးရေ၏ လိုအပ်ချက်များ ဖြည့်ဆည်းရန် ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် သဘာဝသယံဇာတများကို အလွန်အကျွံထုတ်ယူသုံးစွဲလျက် ရှိသည့်အတွက် အများစုသော ကမ္ဘာ့သဘာဝဂေဟစနစ်များသည်လည်း ပျက်သုဉ်းပြီး ပြန်လည်ကုစားရန် မရနိုင်သည့် အနေအထားရောက်ရှိနေပြီ ဖြစ်ပါကြောင်း၊ ထို့ကြောင့် လက်ရှိထုတ်လုပ်စားသုံးမှုပုံစံအတိုင်း သွားမည်ဆိုပါက ၂၀၅၀ ပြည့်နှစ်တွင် ကမ္ဘာသုံးခု လိုအပ်လာမည်ဟု ကုလသမဂ္ဂ ပတ်ဝန်းကျင်အစီအစဉ် (UNDP)၏ ၂၀၁၅ခုနှစ် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ဆိုင်ရာ ရှင်းလင်းဖော်ပြချက်တွင် ဖော်ပြထားပါကြောင်း။

အလားတူ ကမ္ဘာ့နှစ်စဉ် စားသောက်ကုန်ထုတ်လုပ်မှု၏ သုံးပုံတစ်ပုံဖြစ်သည့် မက်ထရစ်တန်ပေါင်း ၁ ဒသမ ၃ ဘီလီယံသည် အစားအသောက်စွန့်ပစ်ပစ္စည်းအဖြစ် ဆုံးရှုံးနေပြီး ဤပမာဏသည် တစ်ကမ္ဘာလုံး ဆီထွက်သီးနှံထုတ်လုပ်မှု ၂ ဒသမ ၃ ဘီလီယံတန်၏ တစ်ဝက်ကျော်နေကြောင်းကို လွန်ခဲ့သည့် နှစ်နှစ်က ဆန်းစစ်သည့် ကိန်းဂဏန်းအချက်အလက်များအရ သိရှိရပါကြောင်း။

မြန်မာနိုင်ငံ၏ ရေရှည်စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ ကိစ္စရပ်များကို ပေါင်းစပ်ဆောင်ရွက်နိုင်ရေးနှင့် ပတ်သက်ပြီး နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေတွင် နိုင်ငံတော်သည် သဘာဝပတ်ဝန်းကျင်ကို ကာကွယ်ထိန်းသိမ်းစောင့်ရှောက်ရမည်ဟု ဖော်ပြထားသည့်အပြင် နိုင်ငံသားတိုင်းသည်လည်း သဘာဝပတ်ဝန်းကျင်ကို ထိန်းသိမ်းစောင့်ရှောက်ရန် တာဝန်ရှိသည်ဟု ဖော်ပြထားပါကြောင်း၊ ထို့ကြောင့်လည်း နိုင်ငံတော်အစိုးရအနေဖြင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေ၊ နည်းဥပဒေများပြဋ္ဌာန်းခဲ့သကဲ့သို့ တစ်ဖက်တွင်လည်း ဥပဒေ၊ နည်းဥပဒေများအရ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်နှင့် ကဏ္ဍအသီးသီးတွင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးကဏ္ဍကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်နိုင်ရန်အတွက် အဖွဲ့များ ဖွဲ့စည်းတာဝန်ပေးဆောင်ရွက်လျက် ရှိပါကြောင်း၊ ထို့အပြင် မိမိတို့ မြန်မာနိုင်ငံ၏ ပေါကြွယ်ဝသည့် သစ်တောသယံဇာတများ၊ ရေအရင်းအမြစ်များ၊ ဇီဝမျိုးစုံမျိုးကွဲနှင့် တွင်းထွက်သဘာဝသယံဇာတအရင်းအမြစ်များကို သုံးစွဲသည့်အခါတွင် သဘာဝပတ်ဝန်းကျင်ကို မထိခိုက်စေရန်နှင့် ပြုန်းတီးမှုမရှိစေရန် ရေရှည်မျှော်ကိုးပြီး အလေးထား အကောင်အထည်ဖော် ဆောင်ရွက်သွားနိုင်ရေးအတွက် နိုင်ငံတော်၏ အမျိုးသားဘက်စုံဖွံ့ဖြိုးတိုးတက်မှု နှစ် ၂၀ စီမံကိန်းတွင်လည်း အဓိကကဏ္ဍတစ်ရပ်အနေဖြင့် ထည့်သွင်းရေးဆွဲထားပါကြောင်း။

ထို့ကြောင့် ဖွံ့ဖြိုးရေးလုပ်ငန်းများလုပ်သည့်အခါတွင် ပတ်ဝန်းကျင်နှင့် စီးပွားရေးဟန်ချက်ညီညီ ဖွံ့ဖြိုးတိုးတက်စေရန်အတွက် ရေးဆွဲပြဋ္ဌာန်းပြီးဖြစ်သည့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးမူဝါဒ၊ မြန်မာနိုင်ငံ (၂၁)ရာစုအစီအစဉ်၊ အမျိုးသားစဉ်ဆက်မပြတ် ဖွံ့ဖြိုးမှုဆိုင်ရာ မဟာဗျူဟာတို့ကိုအခြေခံပြီး လက်ရှိဖြစ်ပေါ်နေသည့် စီးပွားရေး၊ လူမှုရေး၊ ပတ်ဝန်းကျင်အခြေအနေနှင့် လိုက်လျောညီထွေရှိသည့် ပတ်ဝန်းကျင်ဆိုင်ရာ မဟာဗျူဟာမူဘောင်နှင့် စီမံအုပ်ချုပ်မှုလုပ်ငန်း အစီအစဉ်များ၊ အစိမ်းရောင်စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ မဟာဗျူဟာမူဘောင်နှင့် လုပ်ငန်းအစီအစဉ်များ၊ ရာသီဥတုပြောင်းလဲမှုဆိုင်ရာ မဟာဗျူဟာမူဘောင်နှင့် လုပ်ငန်းအစီအစဉ်များနှင့် မြေအသုံးချမှုဆိုင်ရာမူဝါဒကိုလည်း ရေးဆွဲပြဋ္ဌာန်းနိုင်ရန်အတွက် နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိပါကြောင်း။

မိမိတို့အနေဖြင့် နိုင်ငံသားတို့၏ အသက်၊ အိုးအိမ်၊ စည်းစိမ်လုံခြုံရေးကို ကာကွယ်စောင့်ရှောက်ရန်၊ သဘာဝသယံဇာတ အရင်းအမြစ်များကို ပျက်စီးဆုံးရှုံးမှုမရှိစေရန်၊ ပစ္စုပ္ပန်နှင့် အနာဂတ်တွင် ရေရှည်စနစ်တကျ ထုတ်ယူသုံးစွဲသွားနိုင်ရန်၊ ကောင်းမွန်သန့်ရှင်းသည့် ရေ၊ မြေ၊ လေ၊ ရာသီဥတုနှင့် ရေရှည်တည်တံ့သည့် ဂေဟစနစ်နှင့် ဇီဝမျိုးကွဲများနှင့် သဘာဝပတ်ဝန်းကျင် အခြေအနေကောင်းများကို လက်ရှိပစ္စုပ္ပန်အတွက်သာမက နောင်အနာဂတ်မျိုးဆက်များကိုလည်း လက်ဆင့်ကမ်း အမွေပေးနိုင်ရေးကို သမိုင်းပေးတာဝန်တစ်ခုအဖြစ် မှတ်ယူပြီး ပြည်သူများအားလုံး ပူးပေါင်းကြိုးပမ်း ဆောင်ရွက်သွားကြရန် တိုက်တွန်းလိုပါကြောင်း။

မြန်မာနိုင်ငံမှသည် ကမ္ဘာကြီး လူမှုဘဝ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ရေရှည်စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရန်၊ အနာဂတ်မျိုးဆက်များအတွက် ပတ်ဝန်းကျင် အခြေအနေကောင်းများ လက်ဆင့်ကမ်းပေးနိုင်ရန်၊ ပတ်ဝန်းကျင်သာယာလှပပြီး ကျန်းမာပျော်ရွှင်စွာဖြင့် အသက်ရှင်ရပ်တည်နေထိုင်သွားနိုင်ရန်အတွက် ပြည်သူလူထုတစ်ရပ်လုံးအနေဖြင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများ၊ ရာသီဥတုပြောင်းလဲမှု လျော့ချရေးနှင့် လိုက်လျောညီထွေဖြစ်စေရေးလုပ်ငန်းများတွင် နိုးကြား တက်ကြွသည့် အသိစိတ်ကိုယ်စီဖြင့် တစ်တပ်တစ်အား ပူးပေါင်းပါဝင်ဆောင်ရွက်ကြရန် အလေးအနက် တိုက်တွန်းပြောကြားလိုပါကြောင်း၊ ယခုကဲ့သို့ ပြည်သူများ၏ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး အသိအမြင် ရှင်သန်ထက်မြက်ပြီး ပူးပေါင်းပါဝင် ဆောင်ရွက်လာမှုများကို နိုင်ငံတော်အနေဖြင့် လှိုက်လှဲဝမ်းမြောက်စွာ ချီးကျူးဂုဏ်ပြုကြိုဆိုပါကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ် (UNDP) ဌာနေကိုယ်စားလှယ် မစ္စရီနာတာလော့ခ် ဒပ်စ္စလီယန်က ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ် မစ္စတာဘန်ကီမွန်း၏ သဝဏ်လွှာနှင့် ကုလသမဂ္ဂပတ်ဝန်းကျင်အစီအစဉ်(UNEP)အမှုဆောင်ညွှန်ကြားရေးမှူး မစ္စတာ အာချင်မ်စတိန်နာ၏ သဝဏ်လွှာတို့ကို ဖတ်ကြားသည်။

ထို့နောက် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်က ၂၀၁၅ ခုနှစ် ကမ္ဘာ့ပတ်ဝန်းကျင် ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် အလွတ်တန်းဆောင်းပါးပြိုင်ပွဲတွင် ပထမဆုရ ဒေါ်ဝေဝေလှိုင်၊ ဒုတိယဆုရ ဦးစိန်ဝင်း (ပန်းမြိုင်လယ်စိန်ဝင်း)၊ တတိယဆုရ ဦးစန်းအောင် (မောင်ခိုင်မာ-အထက်မင်းလှ)၊ အထူးဆုရရှိကြသည့် ဒေါ်ယုယုနိုင် (မယု-စက်မှု)၊ ဦးသူရမြင့်မောင် (ပါရမီသွေး- ဆေးပညာ)နှင့် ဒေါ်စမ်းဇမော်တို့အား ဆုများ ပေးအပ်ချီးမြှင့်ပေးသည်။

ယင်းနောက် ကုလသမဂ္ဂ ဖွံ့ဖြိုးမှုအစီအစဉ် (UNDP) ဌာနေကိုယ်စားလှယ် မစ္စရီနာတာ လော့ခ်ဒပ်စ္စလီယန်က ၂၀၁၅ ခုနှစ် ကမ္ဘာ့ပတ်ဝန်းကျင် ထိန်းသိမ်းရေးနေ့အထိမ်းအမှတ် အလွတ်တန်းစာစီစာကုံးပြိုင်ပွဲတွင် ပထမဆုရ မစန္ဒီဟိန်းလတ်၊ ဒုတိယဆုရ မထက်ထက်လင်း၊ တတိယဆုရ ဒေါ်သက်ဝေနှင်း (မြူ)၊ အထူးဆုရရှိကြသည့် ဦးဝင်းထွန်း၊ မဆွေကမ္ဘာအောင် (ကမ္ဘာကြီး-MECH)နှင့် မလှယမင်းကိုကိုတို့အား ဆုများ ပေးအပ်ချီးမြှင့်သည်။



**ကုလသမဂ္ဂ ဖွံ့ဖြိုးမှုအစီအစဉ် (UNDP)ဌာနေကိုယ်စားလှယ် မစ္စရီနာတာ လော့ခ် ဒပ်စ္စလီယန် ၂၀၁၅ ခုနှစ် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် အလွတ်တန်းစာစီစာကုံးပြိုင်ပွဲတွင် အထူးဆုရရှိသည့် မဆွေကမ္ဘာအောင် (ကမ္ဘာကြီး-MECH)အား ဆုများ ပေးအပ်ချီးမြှင့်စဉ်။** (သတင်းစဉ်)

ထို့နောက် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ ဗီဒီယိုကိုပြသပြီး နိုင်ငံတော်သမ္မတသည် အခမ်းအနားသို့ တက်ရောက်လာကြသူများနှင့်အတူ မှတ်တမ်းတင် ဓာတ်ပုံရိုက်သည်။

ယင်းနောက် နိုင်ငံတော်သမ္မတနှင့် အဖွဲ့ဝင်များသည် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ်အဖြစ်ခင်းကျင်းပြသထားသည့် ပြခန်းအား လှည့်လည်ကြည့်ရှု အားပေးကြသည်။ **(သတင်းစဉ်)**




နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ၂၀၁၅ ခုနှစ် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။ (သတင်း-စာ ၈) (သတင်းစဉ်)

# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နှင့် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများ ရွေးကောက်ပွဲကျင်းပမည့် မဲဆန္ဒနယ်မြေများ၊ မဲရုံတည်နေရာများ လျာထားသတ်မှတ်နိုင်ရေး လုပ်ငန်းညှိနှိုင်းစည်းဝေး

**နေပြည်တော် ဇွန် ၅**

ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်နှင့် တိုင်းဒေသကြီး/ပြည်နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများ ရွေးကောက်ပွဲကျင်းပမည့် မဲဆန္ဒနယ်မြေများ၊ မဲရုံတည်နေရာများ လျာထားသတ်မှတ်နိုင်ရေး လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးတင်အေးနှင့် ကော်မရှင်အဖွဲ့ဝင်များ၊ ကော်မရှင်အတွင်းရေးမှူး၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ကော်မရှင် အဖွဲ့ခွဲများမှ ဥက္ကဋ္ဌ၊ အတွင်းရေးမှူး၊ ရွေးကောက်ပွဲအရာရှိများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။



ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌက အမှာစကားပြောကြားရာတွင် အထွေထွေရွေးကောက်ပွဲကို ယခုနှစ် အောက်တိုဘာလကုန် သို့မဟုတ် နိုဝင်ဘာလဆန်းပိုင်းတွင် ကျင်းပသွားရန် ဇန်နဝါရီ ၁ ရက်နေ့က စတင်ကြေညာခဲ့ကြောင်း၊ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်သည် ၂၀၀၈ခုနှစ် ဖွဲ့စည်းပုံအခြေခံ ဥပဒေအရ ပေါ်ပေါက်ခဲ့ခြင်းဖြစ်ကြောင်း၊ အခြေခံဥပဒေအရ ကော်မရှင်၏တာဝန်များမှာ လွှတ်တော်ရွေးကောက်ပွဲများ ကျင်းပခြင်း၊ လွှတ်တော် ရွေးကောက်ပွဲများကိုကြီးကြပ်ခြင်း၊ ကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်ကို ဖွဲ့စည်းခြင်းနှင့် ကြီးကြပ်စေခြင်း၊ မဲဆန္ဒနယ်များ သတ်မှတ်ခြင်းနှင့် ပြင်ဆင်သတ်မှတ်ခြင်း၊ မဲစာရင်းများ ပြုစုခြင်းနှင့်ပြင်ဆင်ခြင်း၊ သဘာဝဘေးအန္တရာယ်ကြောင့် သော်လည်းကောင်း၊ နယ်မြေလုံခြုံရေးအခြေအနေအရ သော်လည်းကောင်း လွတ်လပ်ပြီးတရားမျှတသော ရွေးကောက်ပွဲ ကျင်းပနိုင်ခြင်းမရှိသည့် မဲဆန္ဒနယ်များ၏ ရွေးကောက်ပွဲများကို ရွှေ့ဆိုင်းခြင်း စသည်ဖြင့် သတ်မှတ်ထားပါကြောင်း၊ ယနေ့အစည်းအဝေး၏ အဓိကရည်ရွယ်ချက်မှာ မဲဆန္ဒနယ် သတ်မှတ်ရန် ညှိနှိုင်းအစည်းအဝေးဖြစ်၍ ရွေးကောက်ပွဲကျင်းပနိုင်ရေးအတွက် စတင်လုပ်ဆောင် အကောင်အထည်ဖော်သည့် အစည်းအဝေးဖြစ်ကြောင်း၊ ပြည်သူ့လွှတ်တော် မဲဆန္ဒနယ်သည် မြို့နယ်ကို အခြေခံသဖြင့် လက်ရှိမြို့နယ် ၃၃၀ ကိုပင် ဆက်လက်သတ်မှတ်ရမည်ဖြစ်ကြောင်း၊ အမျိုးသားလွှတ်တော် မဲဆန္ဒနယ်သည် တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် ၁၂ နေရာသတ်မှတ်ထားပြီး မည်သို့သတ်မှတ်ရမည်ကို ဥပဒေပြဋ္ဌာန်းထားပြီးဖြစ်၍ ဥပဒေနှင့်အညီ လိုက်နာသတ်မှတ်ပေးသွားရန် ဖြစ်ကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ် လွှတ်တော်တွင် တစ်မြို့နယ်လျှင် မဲဆန္ဒနယ်(၁)နှင့် (၂)ဟု သတ်မှတ်ထားသဖြင့် လူဦးရေအပေါ် အခြေခံပြီး ရပ်ကွက်နှင့် ကျေးရွာအုပ်စုများကို မျှတစွာသတ်မှတ်ပေးရန် လိုကြောင်း။

လွှတ်တော်ရွေးကောက်ပွဲကျင်းပနိုင်ရေး ကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်ကို မြို့နယ်အဆင့်ထိ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်မှ ဥပဒေ၊ ညွှန်ကြားချက်များနှင့်အညီ ဖွဲ့စည်းပေးခဲ့ကြောင်း၊ ရပ်ကွက်/ကျေးရွာအုပ်စု ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲများကို မြို့နယ်ကော်မရှင်အဖွဲ့ခွဲက ဖွဲ့စည်းခန့်အပ်ကြောင်း၊ ရပ်ကွက်/ကျေးရွာအုပ်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများ အရည်အချင်းပြည့်ဝစေရန်အတွက် မြို့နယ် ကော်မရှင်အဖွဲ့ခွဲက ကြီးကြပ်ရန်၊ လေ့ကျင့်ပညာပေးသွားရန် လိုကြောင်း။

မဲစာရင်းပြုစုခြင်းကို ရပ်ကွက်/ကျေးရွာအုပ်စု အထွေထွေအုပ်ချုပ်ရေးရုံးရှိ လူဦးရေစာရင်းနှင့် အိမ်ထောင်စုစာရင်းကို အခြေခံပြီး ပြုစုရကြောင်း၊ အထွေထွေအုပ်ချုပ်ရေးရုံးရှိ စာရင်းများ နောက်ဆုံးအခြေအနေနှင့် ကိုက်ညီမှုမရှိက မဲစာရင်းတွင် လွဲမှားမှုများရှိမည်ဖြစ်ကြောင်း၊ မဲစာရင်းကပ်ခြင်းသည် မဲဆန္ဒရှင်များ လာရောက်ကြည့်ရှု၍ အမှားများ ပြင်ဆင်ကြပြီး မှန်ကန်သော မဲစာရင်း ရရှိစေရန် ဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ မဲစာရင်းလာရောက်ကြည့်ရှုပြီး မဲစာရင်းမှန်ရရှိရေး ပါတီများ၊ လူမှုအဖွဲ့အစည်းများသာမက အုပ်ချုပ်ရေးအဖွဲ့များ၏ အကူအညီ၊ ပူးပေါင်းဆောင်ရွက်မှုကိုပါ ရယူဆောင်ရွက် သွားစေလိုကြောင်း၊ အခြေခံမဲစာရင်းမပြည့်စုံမှုကို ပြောဆိုဝေဖန်မည့်အစား ပူးပေါင်းဆောင်ရွက်ရန် ရှင်းလင်းပြောကြားကြရန် လိုအပ်ကြောင်း။

မဲဆန္ဒနယ်များ သတ်မှတ်ရာတွင် လက်ရှိအခြေအနေအတိုင်း လျာထားရန်လိုကြောင်း၊ နယ်မြေလုံခြုံရေးအခြေအနေအရ လွတ်လပ်မျှတသောရွေးကောက်ပွဲ ကျင်းပနိုင်ခြင်းမရှိမှသာ ဥပဒေနှင့်အညီ ရွှေ့ဆိုင်းခြင်းကို ဆောင်ရွက်မည်ဖြစ်ကြောင်း၊ ကော်မရှင်အဖွဲ့ခွဲများအနေဖြင့် ရွေးကောက်ပွဲ လုပ်ငန်းစဉ်များဆောင်ရွက်ရာ၌ ဥပဒေကိုသိရှိအောင်လေ့လာပြီး ဥပဒေနှင့်အညီ ရဲရဲဝံ့ဝံ့ လိုက်နာဆောင်ရွက်ကြရန် လိုကြောင်း ပြောကြားသည်။

ယင်းနောက် သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ် တာဝန်ခံကော်မရှင်အဖွဲ့ဝင်များနှင့် တိုင်းဒေသကြီး/ပြည်နယ်ကော်မရှင်အဖွဲ့ခွဲများသည် မဲဆန္ဒနယ်မြေသတ်မှတ်ရေးဆိုင်ရာများ၊ မဲဆန္ဒရှင်များစာရင်းနှင့် မဲရုံများလျာထားသတ်မှတ်ရေးဆိုင်ရာများကို ဆွေးနွေးကြသည်။

ဇင်းနောက် လျာထားသတ်မှတ်သည့်မဲဆန္ဒနယ်များနှင့် မဲရုံစာရင်းများအား ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများက ရှင်းလင်းတင်ပြပြီး အတည်ပြုခြင်းကို ဆောင်ရွက်သည်။

ထို့နောက် ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌက ရွေးကောက်ပွဲလုပ်ငန်းစဉ်များ အောင်မြင်စွာ ဆောင်ရွက်နိုင်ရေးအတွက် ကော်မရှင်အဖွဲ့ခွဲ အဆင့်ဆင့်အနေဖြင့် ကြီးကြပ်ဆောင်ရွက်သွားရန် လိုကြောင်း နိဂုံးချုပ်အမှာစကား ပြောကြားပြီးအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

**(သတင်းစဉ်)**

# လူသားသန်း ၇၀၀၀ ရဲ့ဆန္ဒတွေပြည့်ဝဖို့ သဘာဝပတ်ဝန်းကျင်ကို ထိန်းသိမ်းစောင့်ရှောက်စို့

ကျော်ကျော်လှိုင်(SMART)

**ဇွန်လ ၅ ရက်နေ့သည် ကမ္ဘာ့သဘာဝ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ဖြစ်ပါသည်။ သဘာဝပတ်ဝန်းကျင်နှင့်ကမ္ဘာမြေကြီးကို လူသားများထိန်းသိမ်းစောင့်ရှောက်လာအောင် အသိပညာပေးလိုသည့် ရည်ရွယ်ချက်ဖြင့် ၁၉၇၂ ခု ကမ္ဘာ့ကုလသမဂ္ဂညီလာခံက ဇွန်လ ၅ ရက်နေ့ကို ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့အဖြစ်သတ်မှတ်ခဲ့ပါသည်။**

၁၉၇၄ ခုနှစ်မှစ၍ ဆောင်ပုဒ်တစ်ခုစီဖြင့် နှစ်စဉ်နှစ်တိုင်း ကမ္ဘာ့ကုလသမဂ္ဂသဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအဖွဲ့မှဦးစီး၍ ကမ္ဘာတစ်ဝန်းလုံးရှိ နိုင်ငံပေါင်း ၁၀၀ ကျော်တွင် ကမ္ဘာ့သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ကို ကျင်းပခဲ့ပါသည်။ ယခုနှစ်ဆောင်ပုဒ်မှာ **"လူသား သန်း ၇၀၀၀ ရဲ့ ဆန္ဒတွေပြည့်ဝဖို့၊ သဘာဝပတ်ဝန်းကျင်ကို ထိန်းသိမ်းစောင့်ရှောက်စို့"** ဖြစ်ပါသည်။ ကမ္ဘာပေါ်ရှိသဘာဝသယံဇာတများကို တာဝန်သိတတ်စွာဖြင့် ဆင်ဆင်ခြင်ခြင်ထုတ်ယူသုံးစွဲမှသာ လူသားများကျန်းကျန်းမာမာနှင့် ချမ်းသာစွာနေနိုင်ပြီး သဘာဝပတ်ဝန်းကျင်လည်း ရေရှည်တည်တံ့ခိုင်မြဲနိုင်ပါမည်။

လူသားများသည် ကမ္ဘာကြီးက ပေးနိုင်သည့် သဘာဝသယံဇာတများထက် ပိုမို၍အလွန်အကျွံသုံးစွဲနေကြပါသည်။ လူဦးရေတိုးပွားခြင်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုများက ကမ္ဘာပေါ်ရှိ ဂေဟစနစ်များကို ပျောက်ကွယ်လုနီးနီးဖြစ်အောင်ဖန်တီးနေပါသည်။ ၂၀၂၀ ပြည့်နှစ်တွင် လူဦးရေသန်း ပေါင်း ၉၆၀၀ ဖြစ်လာမည်ဟု ခန့်မှန်းထားပါသည်။ လူသားများသည် သဘာဝသယံဇာတများကို ယနေ့ပုံစံအတိုင်းဆက်၍ သုံးစွဲမည်ဆိုပါက ၂၀၂၀ ပြည့်နှစ်ရောက်လျှင် လူသားများ၏ လိုအပ်ချက်ကို ဖြည့်ဆည်းရန် ကမ္ဘာသုံးခု လိုအပ်လာပါမည်။

လူသားများ၏ အိပ်မက်များပြည့်ဝစေရန် ကမ္ဘာပေါ်ရှိသဘာဝသယံဇာတများကို တာဝန်သိတတ်စွာနှင့်စနစ်တကျသုံးစွဲဖို့ လိုအပ်နေပါပြီ။ ကမ္ဘာကြီးကို ထိခိုက်ပျက်စီးစေပြီး လူသားများ၏အကျိုးစီးပွားကို တိုးတက်လာအောင် မပြုလုပ်သင့်ပါ။ သဘာဝ သယံဇာတများကို အနည်းဆုံးသုံးစွဲ၍ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းမှုကို အများဆုံးလုပ်ဆောင်ခြင်းဖြင့်သာ ရေရှည်တည်တံ့သော ဖွံ့ဖြိုးတိုးတက်မှုကို ဖန်တီးသင့်ပါသည်။ သဘာဝသယံဇာတများကို အလွန်အကျွံသုံးစွဲခြင်းနှင့်သဘာဝ ပတ်ဝန်းကျင်ကို ထိခိုက်ပျက်စီးစေခြင်းတို့သည် စီးပွားရေးဖွံ့ဖြိုးတိုးတက်လာမှု၏ ဘေးထွက်ဆိုးကျိုး မဖြစ်သင့်ပါ။

**ရေသဘာဝသယံဇာတ**

ကမ္ဘာပေါ်ရှိ ရေအားလုံး၏ သုံးရာခိုင်နှုန်းသာ သောက်သုံးလို့ရသည့် ရေချိုဖြစ်ပြီး ၎င်းရေချိုထဲမှ ၂ ဒသမ ၅ ရာခိုင်နှုန်း သည် မြောက်ဝင်ရိုးစွန်းနှင့် တောင်ဝင်ရိုးစွန်းတွင် ရေခဲပြင်အဖြစ် တည်ရှိပါသည်။ ကျန်ရှိသည့် ရေချို ၀ ဒသမ ၅ ရာခိုင်နှုန်းကိုသာ လူသားတို့၏ ရေချိုလိုအပ်ချက်နှင့် ရေချို ဂေဟစနစ်အတွက် အသုံးပြုရပါသည်။ မြစ်ချောင်းနှင့် အင်းအိုင်ထဲရှိ ရေများကို သဘာဝက ပြန်လည်သန့်စင်အောင် လုပ်နိုင်သည့် နှုန်းထားထက် မြန်ဆန်သည့် နှုန်းထားဖြင့် လူသားများက ညစ်ညမ်းအောင် ပြုလုပ်နေပါသည်။ ကမ္ဘာပေါ်တွင် လူဦးရေ သန်းတစ်ထောင်ခန့်သည် ရေချိုရရှိရန် အခက်အခဲတွေ့နေဆဲ ဖြစ်ပါသည်။ ကျွန်တော်တို့ နိုင်ငံတွင်လည်း မြစ်ချောင်း အင်းအိုင်များကို ထိန်းသိမ်းမှသာလျှင် ရေချိုရှားပါးမှုဘေးမှ ကင်းဝေးနိုင်ပါမည်။ ရန်ကုန်မြို့တွင်လည်း အဝီစိတွင်းများတူး၍ မြေအောက်ရေများ အလွန်အကျွံထုတ်ယူခြင်းကို ကြပ်မတ်သင့်ပါသည်။ မြေအောက်ရေများ အလွန်အကျွံထုတ်ယူပါလျှင် ဗန်ကောက်နှင့် ဂျကာတာမြို့ကြီးများကဲ့သို့ ရန်ကုန်မြို့ နိမ့်ဆင်းသွားနိုင်ပါသည်။ ရန်ကုန်မြို့ နိမ့်ဆင်းသွားလျှင် ရေကြီး ရေလျှံခြင်းများ ဖြစ်ပေါ်လာနိုင်ပါသည်။

**စွမ်းအင်သယံဇာတ**

မည်မျှပင် နည်းပညာအသစ်များသုံးကာ စွမ်းအင်ကို ထိရောက်အောင် သုံးစွဲနေသော်လည်း ၂၀၂၀ ပြည့်နှစ်တွင် ဖွံ့ဖြိုးတိုးတက်သော နိုင်ငံများမှ သုံးစွဲသည့်စွမ်းအင်သည် ၃၅ ရာခိုင်နှုန်း တိုးလာပါမည်။ သယ်ယူပို့ဆောင်ရေးအတွက်စွမ်းအင်ကို အများဆုံးသုံးစွဲမှာဖြစ်ပြီး စီးပွားရေးအဆောက်အအုံနှင့် လူနေအိမ်များ၏ စွမ်းအင်သုံးစွဲမှုက ဒုတိယလိုက်ပါမည်။ ၂၀၀၂ ခုနှစ်က ဖွံ့ဖြိုးတိုးတက်သော နိုင်ငံများတွင် မော်တော်ကား သန်း ၅၅၀ ရှိရာမှ ၂၀၂၀ ခုရောက်လျှင် ၇၂၆ သန်းသို့ တိုးလာပါလိမ့်မည်။ မော်တော်ကားများသွားလာသည့်ကီလိုမီတာသည် ၄၀ ရာခိုင်နှုန်းတိုးလာမည်ဖြစ်ပြီး လေကြောင်း သွားလာမှုသည် ကမ္ဘာပေါ်တွင် သုံးဆတိုးလာမည်ဟု ခန့်မှန်းထားပါသည်။

ကျွန်တော်တို့၏ လူနေမှုပုံစံ မထိခိုက်စေဘဲ စွမ်းအင်ကို ချွေတာသုံးစွဲနိုင်သည့် နည်းလမ်းများကို ရှာဖွေရပါမည်။ ပြန်ပြည့်မြဲ စွမ်းအင်ကို တတ်နိုင်သလောက်သုံးစွဲရန် လိုအပ်ပါသည်။ ဝမ်းသာစရာကောင်းသည့်သတင်းမှာ ပြန်ပြည့်မြဲစွမ်းအင် ထုတ်လုပ်စရိတ်များကလည်း လူတိုင်းသုံးစွဲနိုင်သည့် အနေအထားသို့ တစ်နေ့တခြား ပြောင်းလဲလာနေပါသည်။

**အစားအသောက်**

စိုက်ပျိုးထုတ်လုပ်သည့် အလေ့အကျင့်များနှင့် အစားအသောက် ထုတ်လုပ်သည့် စက်ရုံများ၏ အလေ့အထများကြောင့် သဘာဝပတ်ဝန်းကျင်ကို ထိခိုက်ပျက်စီးစေနိုင်သလို လူသားများ၏ အစားအသောက်ပုံစံနှင့် အမူအကျင့်များကြောင့်လည်း သဘာဝပတ်ဝန်းကျင်ကို ထိခိုက်ပျက်စီးစေနိုင်ပါသည်။ အစားအသောက်အတွက် စွမ်းအင်ကိုသုံးစွဲရသလို အစားအသောက်မှလည်း စွန့်ပစ်ပစ္စည်းများ ထွက်ရှိပါသည်။

နှစ်စဉ် ကမ္ဘာပေါ်တွင် အစားအသောက် တန်သန်း ၁၃၀၀ အလဟဿ ဖြစ်နေရသော်လည်း လူသန်းတစ်ထောင်ခန့်သည် အာဟာရချို့တဲ့မှုနှင့် ရင်ဆိုင်နေရပြီး နောက်သန်းတစ်ထောင်သည် အငတ်ဘေးနှင့် ရင်ဆိုင်နေရပါသည်။

ချမ်းသာသည့် နိုင်ငံများက အစားအသောက်များကို အလွန်အကျွံပိုလျှံစွာ စားသုံးခြင်းကြောင့် ကျန်းမာရေးနှင့် ပတ်ဝန်းကျင်ကို ဆိုးရွားစွာ ထိခိုက်လျက်ရှိပါသည်။ ကမ္ဘာပေါ်ရှိ လူဦးရေသန်းပေါင်း တစ်ထောင့်ငါးရာသည် အဝလွန်နေပါသည်။ ဓာတ်မြေ ဩဇာများ အလွန်အကျွံသုံးစွဲခြင်း၊ ပိုးသတ်ဆေးများ အလွန်အကျွံသုံးစွဲခြင်းကြောင့် မြေဆီလွှာများ ပျက်စီးခြင်း၊ မြစ်ချောင်း အင်းအိုင်များ၊ ညစ်ညမ်းခြင်း၊ ငါးများအလွန်အကျွံဖမ်းဆီးခြင်း ၊ ငါးမျိုးပြုန်းတီးခြင်း၊ မိုင်းခွဲ၍ ငါးဖမ်းခြင်းကြောင့် ပင်လယ်တွင်းရှိ ဂေဟစနစ်များ ပျက်စီးခြင်းတို့သည် အစားအသောက်ကို ထုတ်ပေးသော သဘာဝသယံဇာတများကို ဖျက်ဆီးပစ်နေခြင်းဖြစ်ပါသည်။ ကမ္ဘာပေါ်တွင် အသုံးပြုသော စွမ်းအင်စုစုပေါင်း၏ ၃၀ ရာခိုင်နှုန်းကို အစားအသောက်ကဏ္ဍအတွက် အသုံးပြုရပါသည်။ ဖန်လုံအိမ်ဓာတ်ငွေ့၏ ၂၂ ရာခိုင်နှုန်းသည် အစားအသောက်ကဏ္ဍမှ ထုတ်လွှတ်ပါသည်။ မလိုအပ်ဘဲ အစား အသောက်များကို ပိုလျှံစွာ စားသုံးခြင်းသည် ဈေးနှုန်းကို မြင့်မားစေပါသည်။ အစား အသောက်များကို တိုး၍ ထုတ်လုပ်ရသည့်အတွက်လည်း သဘာဝသယံဇာတများကို ပိုမိုသုံးစွဲရပါသည်။


**သဘာဝနှင့် ကိုက်ညီအောင်နေထိုင်ခြင်း**

လူသား သန်း ၇၀၀၀ ၏ ဆန္ဒများ ပြည့်ဝစေရန် လူသားတစ်ဦးချင်းတွင် တာဝန်ရှိပါသည်။ လူသားတိုင်းအောက်ဖော်ပြပါ အချက်များကို လိုက်နာပြီး သဘာဝနှင့် ကိုက်ညီအောင် ပြုမူနေထိုင်လျှင် လူသားသန်း ၇၀၀၀ ၏ ဆန္ဒများ ပြည့်ဝမည့်အပြင် ကမ္ဘာကြီးလည်း ရေရှည်တည်တံ့နေပါမည်။



၁။ စွမ်းအင်ကို ချွေတာပါ။ မလိုအပ်လျှင် မီးပိတ်ပါ။
၂။ ပြန်ပြည့်မြဲစွမ်းအင်ကို သုံးပါ။
၃။ ရေကိုချွေတာပါ။ မိုးရေကိုခံသုံးပါ။
၄။ စက္ကူကိုလျှော့သုံးပါ။ ပြန်လည်ပြုပြင်သုံးပါ။
၅။ မြစ်ချောင်းအင်းအိုင်ထဲသို့ ရေဆိုးများ၊ အမှိုက်များ စွန့်ပစ်ခြင်းကို ရှောင်ပါ၊ တားဆီးပါ။
၆။ ကြွပ်ကြွပ်အိတ်မသုံးပါနှင့် ။ သုံးသူကို တားဆီးပါ။
၇။ သစ်ပင်မခုတ်ပါနှင့်။ ခုတ်သူကိုတားဆီးပါ။ သစ်ပင်စိုက်ပါ။
၈။ အစားအသောက်ကို သင့်တင့်မျှတအောင်စားပါ။ ပိုလျှံနေလျှင် လိုအပ်သူကို ပေးပါ။ မဖြုန်းတီးပါနှင့်။ ဒီကမ္ဘာကြီးသည် အဘိုးအဘွားတွေဆီက အမွေရခြင်းမဟုတ်ပါ။ နောင်လာမည့် မျိုးဆက်တွေဆီက ငှားထားခြင်းပါ။ ပြန်ပေးတဲ့အခါ မပျက်စီးဖို့ ကျွန်တော်တို့မှာ တာဝန်ရှိပါသည်။

# ဂန့်ဂေါတွင် လေပြင်းတိုက်ခတ်သဖြင့် ကျေးရွာများတွင် လူနေအိမ်အမိုးအကာများ ပျက်စီး



**ဂန့်ဂေါ ဇွန် ၅**

ဂန့်ဂေါမြို့နယ်တွင် ဇွန် ၁ ရက် ညနေ ၄ နာရီခွဲမှ ၆ နာရီဝန်းကျင် ထိ မိုးသက်လေပြင်းတိုက်ခတ်သဖြင့် ပိုဦးကျေးရွာအနီး ကွမ်းဇဲချောင်းကူး လူကူးကြိုးတင်တံတားမှာ ကြမ်းခင်း ဆိုင်းကြိုးတစ်ချောင်း ပြတ်တောက်သွားပြီး အလျားပေ ၃၀ ခန့် အခင်း သံပြားငယ်များ တွန့်လိမ်ပျက်စီးသွားကြောင်း သိရသည်။

အဆိုပါ တိုက်ခတ်မှုကြောင့် ပိုဦးရွာတွင် ပျဉ်ထောင်ပျဉ်ခင်း၊ သွပ်မိုးအိမ် ၁၉ လုံး၊ ပျဉ်ထောင်၊ ပျဉ်ခင်းဝါးကပ်မိုးအိမ် အလုံး ၂၀ တို့ အမိုးလန်၊ စိုင်ဒူးကျေးရွာတွင် ပျဉ်ထောင်ပျဉ်ခင်း သွပ်မိုးအိမ် သုံးလုံး၊ ပျဉ်ထောင် ပျဉ်ခင်း ဝါးကပ်မိုးအိမ် လေးလုံးတို့ အမိုးလန် ၊ ဇာဟော ကျေးရွာတွင် ပျဉ်ထောင်၊ ပျဉ်ခင်း သွပ်မိုးအိမ် သုံးလုံး၊ ဇာဟောရွာ အလက(ခွဲ) နံရံကပ်၊ သွပ်မိုးကျောင်းဆောင် အမိုးလန်ပျက်စီးသွားကြောင်း သိရသည်။

အဆိုပါ လေပြင်းတိုက်ခတ်မှုကြောင့် ပျက်စီးသွားသည့် ကျေးရွာများသို့ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးလှဝင်းအောင်၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးမြင့်ဆွေတို့ ပါဝင်သည့်အဖွဲ့ သွားရောက်ကြည့်ရှု အားပေးခဲ့ကြောင်းနှင့် ဖြစ်စဉ်ကြောင့် လူ၊ တိရစ္ဆာန်များ ထိခိုက်မှုမရှိကြောင်း သိရသည်။ **(၁၀၁)**

# သီးနှံမျိုးစေ့ပေးအပ်

**မူဆယ် ဇွန် ၅**

ရှမ်းပြည်နယ် မူဆယ်မြို့နယ်၌ ၂၀၁၅-၂၀၁၆ ခုနှစ် စိုက်ပျိုးရာသီ ဘိန်းအစားထိုးသီးနှံ စိုက်ပျိုးရေးမျိုးစေ့ပေးအပ်ပွဲကို ဇွန် ၅ ရက်က နမ့်လောင်း ကျေးရွာလူငယ်ဇရပ်၌ ကျင်းပသည်။ အခမ်းအနားတွင် ခရိုင်အုပ်ချုပ်ရေးမှူး ဦးကျော်ကျော်ထွန်းနှင့် ခရိုင်ရဲတပ်ဖွဲ့မှူး ရဲမှူးကြီး မင်းမင်းဦးနှင့် တာဝန်ရှိသူများက နမ့်လောင်းကျေးရွာအုပ်စု တောင်သူများအား ဘိန်းအစားထိုး ပုလဲသွယ်မျိုးစေ့များကို အခမဲ့ ပေးအပ်ခဲ့ကြောင်း သိရသည်။

**အယ်လ်စိုး (iprd)**

# ကမ္ဘာ့ပထမဆုံး ကျောက်စိမ်းစေတီတော် စိန်ဖူးတော်၊ ငှက်မြတ်နားတော်၊ ရွှေထီးတော် တင်လှူပူဇော်ပွဲ ဘုရားဖူးသူများဖြင့်စည်ကား

**မန္တလေး ဇွန် ၅**

မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ် ဆင်ရွာမြင်းမှုကျေးရွာတွင် တည်ထားကိုးကွယ်သည့် ကမ္ဘာ့ပထမဆုံး ဝေရောစန ကျောက်စိမ်းစေတီတော်ကြီး၏ စိန်ဖူးတော်၊ ငှက်မြတ်နားတော်၊ ရွှေထီးတော်တင်လှူပူဇော်ပွဲနှင့် ဗုဒ္ဓါဘိသေက အနေကဇာတင် မဟာမင်္ဂလာအခမ်းအနားကို အဆိုပါဘုရား ပရိဝုဏ်အတွင်းရှိ ကျောက်စိမ်းမဏ္ဍပ်ရုံကြီး၌ ယနေ့နံနက် ၇ နာရီက ကျင်းပရာ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးရဲမြင့်နှင့် ဇနီးနှင့် တာဝန်ရှိသူများ တက်ရောက်သည်။

အခမ်းအနားတွင် ဘုရားဒါယကာ ဦးစိုးနိုင်က ဘုရားတည်ထားပူဇော်ရခြင်းနှင့် ပတ်သက်၍ သာသနာရေးဆိုင်ရာများ လျှောက်ထားသည်။ ဆက်လက်၍ ကျောက်စိမ်း စိန်ဖူးတော်၊ ငှက်မြတ်နားတော်နှင့် ရွှေထီးတော်ဘုံအဆင့်ဆင့်တို့ကို ဆရာတော် အရှင်သူမြတ်တို့ထံ ဆက်ကပ်ပြီး လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် နိုင်ငံတော် သံဃနာယကအဖွဲ့ဥက္ကဋ္ဌ အဘိဓဇမဟာရဋ္ဌဂုရု ဖန်းမော်ကျောင်းတိုက် ဆရာတော် ဒေါက်တာဘဒ္ဒန္တကုမာရာဘိဝံသထံမှ အနုမောဒနာတရားနာကြားပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချအမျှပေးဝေကြသည်။



ဆက်လက်ပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များ၊ တာဝန်ရှိသူများ၊ ဘုရား ဒါယကာ၊ ဒါယိကာမမိသားစုနှင့်အလှူရှင်များက ကျောက်စိမ်းစိန်ဖူးတော်၊ ငှက်မြတ်နားတော်၊ ရွှေထီးတော် ဘုံအဆင့်ဆင့်တို့ကို ပင့်ဆောင်ကာ စေတီတော်မြတ်ကြီးအား လက်ယာရစ်သုံးပတ် လှည့်လည်ပူဇော် မင်္ဂလာအခါတော်တွင် စေတီတော် ပဒ္မမဘုံအဆင့်သို့ မင်္ဂလာရထားပျံဖြင့် ပင့်ဆောင်၍ စေတီတော်အထွတ်တွင် ထီးတော်ဘုံအဆင့်ဆင့်၊ ငှက်မြတ်နားတော်နှင့် ကျောက်စိမ်းစိန်ဖူးတော်တို့အား တင်လှူပူဇော်ပြီး သာသနာ့အောင်လံတော် လွှင့်ထူ၍ ရေစင်ရေသန့် သွန်းလောင်းကာ အမွှေးနံ့သာရည်ပက်ဖျန်းရာ 'ဇယန္တောဗောဓိယာမူလေ' အစချီသော ဇယမင်္ဂလာ အောင်ဂါထာတို့ကို သုံးကြိမ်ရွတ်ဆိုပူဇော်ကြပြီး ရွှေကြာသက်န်းတော်ကို ကပ်လှူပူဇော်သည်။

ယင်းနောက် ဗုဒ္ဓါဘိသေက အနေကဇာတင်ခြင်း၊ ရတနာရွှေမိုး ငွေမိုးရွာသွန်းဖြိုးခြင်း၊ စေတီတော်ကြီး၏ အရှေ့မြောက်ထောင့်အရပ်တွင် ဗောဓိပင်စိုက်ပျိုး ပူဇော်ခြင်းများ ဆောင်ရွက်ပြီး အခမ်းအနားကို "ဗုဒ္ဓသာသနံစိရံတိဋ္ဌတု" သုံးကြိမ်ရွတ်ဆိုဆုတောင်း၍ ရုပ်သိမ်းခဲ့သည်။

**တင်မောင်၊ အောင်သူရ**
**(မန်းကိုယ်ပွား)**

# (၂၈)ကြိမ်မြောက် စင်ကာပူဆီးဂိမ်းဖွင့်ပွဲ လှုပ်ရှားမှုပုံရိပ်များ



(၂၈)ကြိမ်မြောက် အရှေ့တောင် အာရှအားကစားပြိုင်ပွဲ၏ မီးရှူးတိုင်ကို စင်ကာပူနိုင်ငံ ယဉ်ကျေးမှု အသိုက်အဝန်းနှင့် လူငယ်ဝန်ကြီး မစ္စတာ လောရင့်ဝေါင်းက မီးထွန်းညှိပေးစဉ်။ (ရိုက်တာ)

အမျိုးသားတစ်ဦးချင်း ဓားသိုင်းပြိုင်ပွဲတွင် စင်ကာပူနိုင်ငံမှ ကီဗင်ချန်းနှင့် ယောရှုလင်းတို့ ယှဉ်ပြိုင်နေစဉ်။ (ရိုက်တာ)



## (၂၈)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ နိုင်ငံအလိုက်ဆုရရှိမှုဇယား

၅-၆-၂၀၁၅

| အဆင့် | နိုင်ငံ | ရွှေ | ငွေ | ကြေး | စုစုပေါင်း |
|---|---|---|---|---|---|
| ၁ | စင်ကာပူ | ၇ | ၄ | ၇ | ၁၈ |
| ၂ | ဗီယက်နမ် | ၄ | ၁ | ၅ | ၁၀ |
| ၃ | ထိုင်း | ၂ | ၃ | ၇ | ၁၂ |
| ၄ | မလေးရှား | ၁ | ၃ | ၂ | ၆ |
| ၅ | ဖိလစ်ပိုင် | ၀ | ၃ | ၁ | ၄ |
| ၆ | အင်ဒိုနီးရှား | ၀ | ၀ | ၃ | ၃ |
| ၇ | ဘရူနိုင်း | - | - | - | - |
| ၈ | ကမ္ဘောဒီးယား | - | - | - | - |
| ၉ | လာအို | - | - | - | - |
| ၁၀ | မြန်မာ | - | - | - | - |
| ၁၁ | တီမောလက်စ်တေ | - | - | - | - |

(၂၈)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို တွေ့ရစဉ်။ (ရိုက်တာ)



# မောင်တောမြို့ မြို့မစည်ပင်စျေးကြီး၌ မီးလောင်မှုဖြစ်ပွား

**မောင်တော ဇွန် ၅**

မောင်တောမြို့ မြို့မအနောက်ရပ်ကွက် မင်းဘာကြီးလမ်းနှင့် ဦးဥတ္တမလမ်းကြားရှိ မြို့မစည်ပင်သာယာစျေးကြီးအတွင်း ဆိုင်ခန်းအမှတ် 6/E-12 ၌ ဇွန် ၅ ရက် နံနက် ၁ နာရီ၁၅ မိနစ်က မီးလောင်မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

မီးလောင်မှုဖြစ်ပွားရာသို့ ခရိုင်/မြို့နယ်ထွေ/အုပ်မှ တာဝန်ရှိသူများ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များမှ ဝိုင်းဝန်းမီးငြိမ်းသတ်ခဲ့ရာ နံနက် ၁ နာရီ မိနစ် ၄၀ တွင် မီးလုံးဝငြိမ်းသွားခဲ့သည်။ မီးစတင်လောင်သည့် ဆိုင်ခန်းပိုင်ရှင် ဇော်လာမောက်၏ အလှကုန်ပစ္စည်းများနှင့်အတူ ဂက်စ်မီးခြစ် ထည့်သည့် ဂက်စ်ဘူးများ အပူလွန်ကဲရာမှ မီးလောင်ကျွမ်းမှုဖြစ်ပြီး ၎င်းဆိုင်ခန်းဘေးရှိ ဆိုင်ခန်းခြောက်ခန်း စုစုပေါင်း ဆိုင်ခန်း ခုနစ်ခန်း မီးလောင်ဆုံးရှုံးခဲ့ကြောင်း သိရသည်။ မီးလောင်မှုကြောင့် လူ၊ တိရစ္ဆာန် သေဆုံးထိခိုက်ဒဏ်ရာမရှိကြောင်း သိရသည်။



**(ခရိုင် ပြန်/ဆက်)**

# မြန်မာနိုင်ငံတစ်ဝန်း ဟိုတယ်ပေါင်း ၁၁၈၆ လုံးရှိလာ

မြန်မာနိုင်ငံတွင် ဟိုတယ်နှင့်ခရီး သွားလာရေးလုပ်ငန်းများ တိုးတက်မှု အရှိန်ရရှိလာလျက်ရှိရာ နိုင်ငံ တစ်ဝန်း ဟိုတယ်ပေါင်း ၁၁၈၆ လုံး ရှိလာပြီး အခန်းပေါင်း ၄၆၆၉၀ ခန်းမ အထိ ရှိလာနေပြီဖြစ်ရာ ယင်းမှာ ၂၀၁၅ ခုနှစ် မေ ၃၁ ရက်အထိဖြစ် ကြောင်း ဟိုတယ်နှင့်ခရီးသွားလာရေး လုပ်ငန်းဝန်ကြီးဌာနမှ ထုတ်ပြန်သော သတင်းအချက်အလက်များ၌ ဖော်ပြထားသည်။

မြန်မာနိုင်ငံတွင် သဘာဝပတ် ဝန်းကျင် မထိခိုက်စေသည့် ခရီးသွားခရီးစဉ်သစ်များလည်း ဖော်ထုတ်နိုင် ရေး ကြိုးစားလျက်ရှိသည်။ ထို့အတူ ၂၀၁၃ မှ ၂၀၂၀ အထိ ခရီးသွား လုပ်ငန်း ပင်မစီမံကိန်းကို အကောင်အထည်ဖော် ဆောင်ရွက်နေရာ ပုဂံဒေသခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဂျပန်အပြည်ပြည် ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့နှင့်လည်း ရေ့ပြေးစီမံချက်များ ချမှတ် ဆောင်ရွက်လျက်ရှိသည်။

ခရီးသွားလုပ်ငန်းတိုးတက်ဖွံ့ဖြိုးစေရန်အတွက် ခရီးလှည့်လည်ရေး လုပ်ငန်းလိုင်စင် ၁၇၃၆ ခုကိုလည်း ခွင့်ပြုပေးထားပြီး ခရီးသွားလုပ်ငန်းဆိုင်ရာ ပို့ဆောင်ရေးလိုင်စင် ၃၈၉ ခုကိုလည်း လုပ်ကိုင်ခွင့်ပြုပေးထား သည်။ ဟိုတယ်နှင့် ခရီးသွားလုပ်ငန်း များတွင် လိုအပ်သော လူ့စွမ်းအားအရင်းအမြစ်များကို အရည်အချင်း ပြည့်မီစွာ ရရှိနိုင်စေရန် သင်တန်းများလည်း ပေးလျက်ရှိနေသည်။

မြန်မာနိုင်ငံသို့ လာရောက်သော ဧည့်သည်များအတွက် မြန်မာနိုင်ငံ သားဧည့်လမ်းညွှန်များကိုလည်း လိုင်စင်များ ထုတ်ပေးကာ လုပ်ကိုင် ခွင့်ပြုခဲ့ရာ ၂၀၁၅ ခုနှစ် မေလကုန် အထိ လိုင်စင်ရဧည့်လမ်းညွှန် ၃၉၆၅ ဦးနှင့် ဒေသဆိုင်ရာ ဧည့်လမ်းညွှန် ၁၁၈၈ ဦးကို လိုင်စင်များ ထုတ် ပေးကာ လုပ်ကိုင်ခွင့်ပြုခဲ့သည်။

ကမ္ဘာ့ခရီးသွားလုပ်ငန်းမှ သုတေ သနပြုချက်အရ ၂၀၁၃ ခုနှစ် ကမ္ဘာတစ်ဝန်း ခရီးသွားဧည့်သည် ၁၀၈၇ သန်း လည်ပတ်ခဲ့ရာ အာဆီယံဒေသသို့ ခရီးသွားဧည့်သည် ၉၉ ဒသမ ၂ သန်းခန့် လာရောက်လည်ပတ်ခဲ့ကြောင်း သိရသည်။ မြန်မာနိုင်ငံ တွင် ၂၀၁၅ ခုနှစ်၌ ကမ္ဘာလှည့်ခရီးသွားဧည့်သည် ၄ ဒသမ ၅ သန်း ကျော်လာရောက်မည်ဟု မျှော်မှန်း ထားရာ လက်ရှိခရီးသွား ဧည့်သည် လာရောက်မှုအရ မျှော်မှန်းချက် ပြည့်မီနိုင်သည့် အနေအထားရှိ ကြောင်း သိရသည်။

**သတင်း-ဝေယံဦး**

# ဝင်ဝကျေးရွာ၌ ဆိုင်ကယ်တိုက်မှုဖြစ်

**ရွှေကူ ဇွန် ၅**

ဗန်းမော်ခရိုင် ရွှေကူမြို့နယ်ဝင်ဝကျေးရွာနှင့်ရွာသစ်ကုန်းကြား၌ မေလနောက်ဆုံးပတ်က နတ်လှန်ကျေးရွာနေ ဦးသိန်းကျော်သည် ရွှေကူမြို့မှ နတ်လှန်ရွာသို့ အပြန်လမ်းဝင်ဝကျေးရွာ ရွာသစ်ကုန်းကြား၌ အမျိုးသားတစ်ဦးက ရွှေကူမှ ပြန်လာသော ဦးသိန်းကျော်ကို ဆိုင်ကယ်နှင့် ဝင်တိုက်ပြီး ထွက်ပြေးသွားကြောင်း သိရသည်။

အတိုက်ခံရသူဦးသိန်းကျော်သည် ဒဏ်ရာများရရှိပြီး ရွှေကူပြည်သူ့ဆေးရုံ၌ ဆေးကုသခဲ့ရာ ခြေတစ်ချောင်းဖြတ်လိုက်ရကြောင်း သိရသည်။

**လဘန်အောင်(ကချင်မြေ)**

# ကျောက်စိမ်းတုံးဖြတ်စများ သိမ်းဆည်းရမိ

**နောင်ချို ဇွန် ၅**

နောင်ချိုမြို့ တရားမဝင်ကုန်သွယ်မှုတားဆီးထိန်းချုပ်ရေး ညွှန်ကြားရေးမှူး ဦးတင်ရဲဝင်း ဦးစီးသော (Mobile Team) (လရ-၁) အဖွဲ့သည် နောင်ချိုမြို့ အေးရှားဝေါလ် တိုးဂိတ်အနီးအခြေပြုလျက် မူဆယ်-မန္တလေးကားလမ်းတစ်လျှောက်လုပ်ငန်းဆောင်ရွက်ကြစဉ် မေလနောက်ဆုံးပတ်က မန္တလေးဘက်မှ မူဆယ်ဘက်သို့ မောင်းနှင်လာသည့် ယာဉ်ငယ် 5D/-------ယာဉ်ကိုစစ်ဆေးရာ ယာဉ်၏ ဝမ်းဗိုက်အတွင်း သိုဝှက်သယ်ဆောင်လာသော ကျောက်စိမ်းတုံး၊ ကျောက်စိမ်း ဖြတ်စများ ၁၁၀ ကီလိုခန့်ကို ရှာဖွေသိမ်း ဆည်းရမိသည်။ သိမ်းဆည်းရမိသော ကျောက်စိမ်းတုံး၊ ကျောက်စိမ်းဖြတ် စသယ်ဆောင်လာသော ယာဉ်တို့ကို အကောက်ခွန်အမှုတွဲဖွင့်လှစ်အရေးယူဆောင်ရွက်သွားမည်ဟု သိရသည်။

**(ဖ၆၁)**

# စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိ

**တာချီလိတ် ဇွန် ၅**

ရှမ်းပြည်နယ်(အရှေ့ပိုင်း)တာချီလိတ်မြို့နယ် မိုင်းကိုးအုပ်စု ဝမ်မုံကျေးရွာ၌ စိတ်ကြွရူးသွပ်ဆေးပြား၊ စိတ်ကြွဆေးမှုန့်၊ ဘိန်းဖြူအခဲနှင့်စိတ်ကြွဆေးပြားရိုက်နှိပ်ရာတွင် အသုံးပြုသည့် ဆက်စပ်ပစ္စည်းများကို ဇွန် ၃ ရက်က ဖမ်းဆီးရမိခဲ့သည်။

ဖြစ်စဉ်မှာ ဇွန် ၃ ရက် နံနက် ၈ နာရီက မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တာချီလိတ်မြို့နယ် မိုင်းကိုးအုပ်စု ဝမ်မုံကျေးရွာရှိ မနန်းစိုး၏ နေအိမ်ကို သတင်းအရ ဝင်ရောက်ရှာဖွေခဲ့ရာ WY စာတန်းပါ စိတ်ကြွရူးသွပ်ဆေးပြား၂၁ ပြား၊ လိမ္မော်ရောင်စိတ်ကြွရူးသွပ်ဆေးမှုန့်အလေးချိန် ၃၂ ဂရမ်၊ ဘိန်းဖြူ အညိုရောင်အခဲ အလေးချိန် ၂ ဂရမ်နှင့်WY တံဆိပ်ပါ လက်ရိုက်ကော်မှိုရှစ်ခု၊ တံဆိပ်မပါသံစို့သုံးချောင်း၊ အောက်ခံသံမှိုနှစ်ခု၊ အပေါက် လေးပေါက်ပါဆေးပြားပုံစံခွက် ကြေးတုံးတစ်တုံး၊ စိတ်ကြွဆေးပြားရှူရာတွင် အသုံးပြုသည့် ပိုက်တပ်လျက်ရေသန့်ဘူးခွံတစ်လုံးတို့ကို သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

**မြင့်မိုရ်(တာချီလိတ်)**

**နိုင်ငံဘက်စုံ တည်ဆောက်ရေး မှန်မှန်ကန်ကန်အခွန်ပေး**


## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ကျန်းမာရေးဝန်ကြီးဌာန၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာနသည် ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် အောက်ဖော်ပြပါတည်ဆောက်ရေးလုပ်ငန်းများအားဆောင်ရွက်မည်ဖြစ်ပါ၍ သက်ဆိုင်ရာ မြန်မာနိုင်ငံသားပိုင် ဆောက်လုပ်ရေးလိုင်စင်ရ ကုမ္ပဏီအသင်းအဖွဲ့များထံမှ အိတ်ဖွင့်တင်ဒါများ ခေါ်ယူအပ်ပါသည်။

| စဉ် | တည်နေရာ | ဆောင်ရွက်မည့်လုပ်ငန်း |
|---|---|---|
| ၁။ | ကချင်ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူးရုံး | ဆေးသိုလှောင်ရုံအသစ်ဆောက်လုပ်ခြင်း |
| ၂။ | မြိတ်ခရိုင်ပြည်သူ့ကျန်းမာရေးဦးစီးဌာန | လေးခန်းတွဲ သုံးထပ်အမှုထမ်းအိမ်ရာ ဆောက်လုပ်ခြင်း |
| ၃။ | ပုလောမြို့နယ်၊ မိခင်ကလေးကျန်းမာရေး ဌာန | နှစ်ထပ်အဆောက်အအုံဆောက်လုပ်ခြင်း |
| ၄။ | တနင်္သာရီမြို့ မိခင်ကလေးကျန်းမာရေးဌာန | နှစ်ထပ်အဆောက်အအုံဆောက်လုပ်ခြင်း |
| ၅။ | ထားဝယ်မြို့နယ် ဒေသန္တရကျန်းမာရေးဌာန နှင့် မိခင်ကလေးကျန်းမာရေးဌာန | အဆောက်အအုံဆောက်လုပ်ခြင်း |
| ၆။ | ဝမ်းတွင်းမြို့၊ သဲတောအမှတ်(၃)ရပ်ကွက် အောင်ချမ်းသာဒေသန္တရ | အဆောက်အအုံဆောက်လုပ်ခြင်း |
| ၇။ | ပြင်ဦးလွင်၊ ဖာသင်းကျေးလက်ကျန်းမာရေးဌာန | သားဖွားခန်း၊ ဝန်ထမ်းအိမ်ရာဆောက် လုပ်ခြင်း |
| ၈။ | ပြင်ဦးလွင်၊ မိုးကြိုးပစ်ကျေးလက် ကျန်းမာရေးဌာနခွဲ | သားဖွားခန်း၊ ဝန်ထမ်းအိမ်ရာ ဆောက်လုပ်ခြင်း |
| ၉။ | တောင်ဥက္ကလာပမြို့နယ်၊ (၄)ရပ်ကွက် ဒေသန္တရကျန်းမာရေးဌာနခွဲ | အဆောက်အအုံအသစ်ဆောက်လုပ်ခြင်း |
| ၁၀။ | တောင်ဥက္ကလာပမြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာန | ဆေးသိုလှောင်ရုံဆောက်လုပ်ခြင်း |
| ၁၁။ | ရွှေပြည်သာမြို့နယ်၊ အမှတ်(၂၁)ရပ်ကွက်၊ ဒေသန္တရကျန်းမာရေးဌာန | ဒေသန္တရ ကျန်းမာရေးဌာနအဆောက်အအုံ ဆောက်လုပ်ခြင်း |
| ၁၂။ | လားရှိုးမြို့နယ်ပြည်သူ့ကျန်းမာရေး ဦးစီးဌာနမှူးရုံး | လေးခန်းတွဲ နှစ်ထပ်ဝန်ထမ်းအိမ်ရာ တစ်လုံး၊ နှစ်ခန်းတွဲ တစ်ထပ်ဆရာဝန် နေအိမ်တစ်လုံး |

၂။ အိတ်ဖွင့်တင်ဒါစည်းမျဉ်းစည်းကမ်းအသေးစိတ်နှင့် ပတ်သက်၍လည်းကောင်း၊ ဆောက်လုပ်မည့် အဆောက်အအုံများ၏ ဆောင်ရွက်မည့် အတိုင်းအတာ၊ အသေးစိတ်အချက်အလက်များ၊ မီှငြမ်းပြုပုံစံများနှင့် ပတ်သက်၍သိရှိလိုပါက ကျန်းမာရေးဝန်ကြီးဌာန၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ အခြေခံကျန်းမာရေးဌာနခွဲ(နေပြည်တော်) ဖုန်း-၀၆၇-၄၃၁၁၄၃၊ ၀၆၇-၄၃၁၃၆၂သို့လည်းကောင်း၊ ဝယ်ယူဖြန့်ဖြူးရေးဌာနခွဲ(နေပြည်တော်) ဖုန်း-၀၆၇-၄၃၁၀၇၇သို့ လည်းကောင်း၊ လူကိုယ်တိုင်လာရောက်၍ဖြစ်စေ၊ ဆက်သွယ်၍ဖြစ်စေ မေးမြန်းစုံစမ်းနိုင်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါများအား အောက်ပါအတိုင်း ရောင်းချသွားမည်ဖြစ်ပါသည်။

**အိတ်ဖွင့်တင်ဒါစတင်ရောင်းချမည့်ရက်** - ၅-၆-၂၀၁၅ ရက် (သောကြာနေ့)မှ ၁၉-၆-၂၀၁၅ရက် (သောကြာနေ့)အထိ

**အိတ်ဖွင့်တင်ဒါလက်ခံမည့်ရက်** - ၁၅-၆-၂၀၁၅ ရက် (တနင်္လာနေ့)မှ ၂၅-၆-၂၀၁၅ ရက် (ကြာသပတေးနေ့)အထိ ရုံးချိန်အတွင်း နံနက် ၉း၃၀နာရီမှ ၁၆း၃၀နာရီအထိ

**တင်ဒါပုံစံတန်ဖိုး** - တင်ဒါပုံစံစျေးနှုန်းများသည် လုပ်ငန်းတန်ဖိုးအလိုက် သတ်မှတ်ထားသော စျေးနှုန်းများအတိုင်းဖြစ်ပါသည်။

**အိတ်ဖွင့်တင်ဒါရောင်းချမည့်နေရာ** - အခြေခံကျန်းမာရေးဌာနခွဲ၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ရုံးအမှတ် ၄၇။ နေပြည်တော်၊ သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူးရုံးများ။

**အိတ်ဖွင့်တင်ဒါလက်ခံမည့်နေရာ** - အခြေခံကျန်းမာရေးဌာနခွဲ၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ရုံးအမှတ် ၄၇၊ နေပြည်တော်

**တင်ဒါစိစစ်ရွေးချယ်ရေးအဖွဲ့**
**ပြည်သူ့ကျန်းမာရေးဦးစီးဌာန**
**ကျန်းမာရေးဝန်ကြီးဌာန**
**နေပြည်တော်**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ တံတားဦးစီးဌာန၊ တည်ဆောက်ရေး(၂)၊ တံတားအထူးအဖွဲ့(၅)၊ ဆိပ်ဖြူမှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တိုင်းဒေသကြီး ရန်ပုံငွေဖြင့် တာဝန်ယူတည်ဆောက်မည့် ပုသိမ်-ရှောပြာ-ချောင်းသာလမ်းပေါ်ရှိ ဥတိုတံတား၊ စက်ဒေါင့်ကြီး (သာပေါင်း)-ရေကြည်လမ်း ပေါ်ရှိ ရှောက်ချောင်းတံတားနှင့် ဒရယ်ကူးတံတားတို့၏ တံတားလုပ်ငန်းများအတွက် အသုံးပြုရန်လိုအပ်သော မြစ်ကျောက်စရစ်၊ မြစ်သဲ၊ သစ်ခွဲသားများကို (မြန်မာကျပ်ငွေ)ဖြင့် ဝယ်ယူလိုပါသည်။

၂။ တင်ဒါလျှောက်လွှာပုံစံများကို တံတားအထူးအဖွဲ့(၅)၊ ဆိပ်ဖြူမြို့၊ ဒု-ညွှန်ကြားရေးမှူး(ရုံး)နှင့် ပုသိမ်ခရိုင်(ရုံး)တွင် ၆-၆-၂၀၁၅ ရက်မှစ၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ပါသည်။ အသေးစိတ်သိရှိလိုပါက တံတားအထူးအဖွဲ့ (၅)၊ ဆိပ်ဖြူ (ရုံး) ဖုန်း-၀၆၁-၃၀၃၇၅ သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**တင်ဒါပိတ်မည့်ရက်၊ အချိန်** - ၁၆-၆-၂၀၁၅ ရက်၊ ညနေ ၁၆း၀၀ နာရီ
**တင်ဒါဖွင့်မည့်ရက်၊ အချိန်** - ၁၇-၆-၂၀၁၅ ရက်၊ နံနက် ၉း၀၀ နာရီ
**တင်ဒါဖွင့်မည့်နေရာ** - ပုသိမ်ခရိုင်(ရုံး)

**တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ကရင်ပြည်နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးတွင် အသုံးပြုရန် Saloon မော်တော်ယာဉ်နှစ်စီးအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါ၍ အိတ်ဖွင့်တင်ဒါပေးသွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ တင်ဒါစည်းကမ်းချက်များနှင့် တင်ဒါပုံစံများကို ၆-၆-၂၀၁၅ရက်မှစတင်ရောင်းချမည်ဖြစ်ပြီး ၁၆-၆-၂၀၁၅ ရက် ၉း၀၀နာရီတွင် ကရင်ပြည်နယ်၊ အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ တင်ဒါဖွင့်ပွဲ ဆောင်ရွက်မည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**တင်ဒါကြီးကြပ်ရေးကော်မတီ**
**ကရင်ပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**ဆက်သွယ်ရန် ဖုန်း-၀၅၈-၂၁၁၈၁**


# ပလက်ဖောင်းပေါ်ရောက်သွားတဲ့ဒေါ်လာဈေး ကောင်တာပေါ်ပြန်ရောက်ပြီလား

သတင်းဆောင်းပါး-ခင်ရတနာ
ဓာတ်ပုံ-မေဦးမိုး

"ဝယ်မှာလား ရောင်းမှာလား၊ ရောင်းရင်ကောင်တာထက်ဈေးပိုပေးဝယ်မယ်။ ဝယ်ရင် အပြင်ပေါက်ဈေးထက် ငါးကျပ်ပိုပေးမယ်"

နေကျဲကျဲပူနေတဲ့ မဟာဗန္ဓုလပန်းခြံလမ်းတစ်လျှောက် ပုဆိုးတိုတိုဝတ်ပြီး ဒေါ်လာအရောင်းအဝယ်လုပ်ဖို့ ကြိုးပမ်းနေကြသူတွေကို မြင်ရတာ လွန်ခဲ့တဲ့ ဆယ်စုနှစ်တစ်ခုကို ပြန်ရောက်သွားသလိုပါပဲ။

"နိုင်ငံခြားငွေကြေးဈေးကွက်ကို ဗဟိုဘဏ်ကထိန်းချုပ်ဖို့ ကြိုးစားနေလျက်ကနေ ပလက်ဖောင်းပေါ်ပြန်ရောက်လာရတာတော့ မကောင်းပါဘူး။ ဗဟိုဘဏ်တစ်ခုတည်းတင်မက ဘဏ်တွေ၊ နိုင်ငံခြားငွေရောင်းချခွင့်ရရှိထားသူတွေအားလုံးနဲ့သက်ဆိုင်တယ်။ မူဝါဒတွေ၊ ညွှန်ကြားချက်တွေ အချိန်အခါနဲ့အညီ အမြန်ဆုံးပြောင်းလဲဖို့လိုအပ်တယ်"လို့ စီးပွားရေးပညာရှင် ဒေါက်တာထင်ကျော်ဇော က ပြောပါတယ်။ ပြည်တွင်းငွေလဲလှယ်နှုန်းနဲ့ မြန်မာ့ငွေကြေး ကျဆင်းနေတာကို ထိန်းချုပ်ဖို့ ဗဟိုဘဏ်ရဲ့ ဆောင်ရွက်ချက်တွေဟာ တစ်ပတ်အတွင်း များပြားလာခဲ့ပါတယ်။



ဇွန် ၁ ရက်မှာ ပြင်ပငွေလဲနှုန်းက တစ်ဒေါ်လာကို မြန်မာကျပ် ၁၁၃၀ ကနေ ယနေ့ ဇွန် ၅ ရက်မှာ ၁၁၆၈ ကျပ်အထိ မြင့်တက်နေပါတယ်။ ငွေလဲနှုန်းကို ကာမိထိန်းချုပ်ဖို့အတွက် ဗဟိုဘဏ်အနေနဲ့ ဈေးနှုန်းကို တစ်ဒေါ်လာ ၁၀၈၀ ကျပ်ကနေ ယနေ့ဆိုလျှင် တစ်ဒေါ်လာ ၁၁၀၅ ကျပ်အထိ တိုးမြှင့်ပြီး သတ်မှတ်ရည်ညွှန်းဈေးဖွင့်ထားတာကို မြင်တွေ့ရပါတယ်။

ဒါ့အပြင် နိုင်ငံခြားဘဏ်စာရင်းဖွင့်သူတွေ အတွက် တစ်ပတ်ကိုဒေါ်လာ ၁၀၀၀၀ ထုတ်ယူနိုင်ရာကနေ တစ်ပတ်မှာ နှစ်ကြိမ်နှင့်တစ်ကြိမ်ကို ဒေါ်လာ ၅၀၀၀သာထုတ်ယူနိုင်ကြောင်း၊ ပမာဏကျော်လွန်ထုတ်ယူလိုပါက စာရင်းပြောင်းနည်းနဲ့ ဆောင်ရွက်ရန်ဆိုတဲ့ ညွှန်ကြားချက်ကို ဗဟိုဘဏ်က ပြီးခဲ့တဲ့လကုန်ပိုင်းက ထုတ်ပြန်ပြီး ငွေကြေးဈေးကွက်ကိုကန့်သတ်ဖို့ နည်းလမ်းရှာဖွေလာပါတယ်။

"ဝန်ဆောင်မှုလုပ်ငန်းတွေနဲ့ ရောင်းဝယ်မှုတွေအားလုံး ကျပ်ငွေနဲ့ပေးချေစေမှုဟာ နိုင်ငံခြားအရန်ငွေပမာဏကို ကာကွယ်တာဖြစ်တာကြောင့် နိုင်ငံအတွက် ကောင်းပါတယ်။ ဒါကို ဈေးကွက်က လက်ခံဖို့အတွက်တော့ ကြိုးပမ်းဖို့လိုပါတယ်၊ ကန့်သတ်လိုက်တာတွေကနေ လမ်းကြောင်းမှန်ပေါ်ရောက်မလာဘဲ မှောင်ခိုဈေးကို အားပေးရာရောက်မယ်ဆိုရင် မကောင်းဘူး"လို့ ဒေါက်တာအောင်ကိုကိုက ဝေဖန်ပါတယ်။

နိုင်ငံခြားငွေလိုအပ်ချက်အရ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်ဦး၌ အမေရိကန်တစ်ဒေါ်လာလျှင် မြန်မာကျပ်ငွေ ၉၆၀ ကျော်ဝန်းကျင်ရှိခဲ့ရာမှ ယနေ့ ၁၁၆၈ ကျပ်အထိ မြင့်တက်လာခဲ့ခြင်းမှာ ငွေကြေးဖောင်းပွမှုကိုလည်း မြင့်တက်လာစေတဲ့အတွက် ယခုဘဏ္ဍာရေးနှစ်ငွေကြေးဖောင်းပွမှု ပျမ်းမျှ ၅ ဒသမ ၉ ရာခိုင်နှုန်းမှသည် လာမည့်နှစ်တွင် ၈ ဒသမ ၄ ရာခိုင်နှုန်းအထိရှိလာနိုင်မယ်လို့ အာရှဖွံ့ဖြိုးမှုဘဏ်က ခန့်မှန်းထားပါတယ်။

"ဒေါ်လာဈေးကို ထိန်းညှိပေးဖို့ ကျွန်တော်တို့ ကြိုးပမ်းရာမှာ အဘက်ဘက်ကနေ စဉ်းစားသုံးသပ်ရပါတယ်။ မကြာမီ ဈေးနှုန်းတွေ မျှတမှန်ကန်လာမှာပါ။ ပြီးခဲ့တဲ့ နှစ်ပတ်လောက်က ငွေကြေးထိန်းချုပ်မှုထက် အခုအချိန်မှာ အနည်းငယ်တည်ငြိမ်လာပြီး အရောင်းအဝယ်မျှလာတယ်" လို့ ဗဟိုဘဏ်ဥက္ကဋ္ဌ ဦးဆက်အောင်က ပြောပါတယ်။

ဘဏ်တွေရဲ့ နိုင်ငံခြား ငွေလဲကောင်တာတွေမှာ အရောင်းအဝယ် ပုံမှန်အခြေအနေကို ပြန်လည်ရောက်ရှိလာပေမယ့် ဗဟိုဘဏ်ကသတ်မှတ်တဲ့ သတ်မှတ်ရည်ညွှန်းနိုင်ငံခြားငွေ လဲလှယ်နှုန်းရဲ့ ဝ ဒသမ ၈၈ ရာခိုင်နှုန်း အတိုးအလျှော့ ရောင်းဝယ်ဖို့ ညွှန်ကြားမှုကိုတော့ အပြည့်အဝလိုက်နာမှုမရှိသေးဘူးလို့ စုံစမ်းသိရှိရပါတယ်။

"ကျွန်တော်တို့က အပြင်မှာပေါက်ဈေးကိုလည်း အမြဲမပြတ်လေ့လာနေပါတယ်။ ကိုယ့်ဆီမှာလည်း အရောင်းအဝယ်က နေ့စဉ်ညီမျှနေတာမဟုတ်တော့ ဈေးကွာလာပြီဆိုရင် အရောင်းအဝယ် ရပ်နားထားလိုက်တယ်"လို့ တာမွေအဝိုင်းထိပ်ရှိ Money Changer တစ်ခုမှ တာဝန်ခံက ဆိုပါတယ်။

ကုန်သွယ်မှုလိုငွေ ကွာခြားမှုမြင့်တက်လာတာကြောင့် ယခုကဲ့သို့ မြန်မာကျပ်ငွေ တန်ဖိုးကျဆင်းရကြောင်း စီးပွားရေးပညာရှင်များက သုံးသပ်ကြပြီး ဈေးနှုန်းကွာခြားမှုကြောင့် ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်မှာ မြန်မာနိုင်ငံရဲ့ နိုင်ငံခြားအရန်ငွေပမာဏဟာ ၈ ဘီလီယံကျော်ရှိရာမှ ယခုဘဏ္ဍာရေးနှစ်မှာ ၄ ဒသမ ၈ ဘီလီယံကို ကျဆင်းလာတယ်လို့ သိရပါတယ်။ **(မြန်မာ့အလင်း)**

> **"နိုင်ငံခြားငွေကြေးဈေးကွက်ကို ဗဟိုဘဏ်ကထိန်းချုပ်ဖို့ ကြိုးစားနေလျက်ကနေ ပလက်ဖောင်းပေါ် ပြန်ရောက်လာရတာတော့ မကောင်းပါဘူး၊ ဗဟိုဘဏ်တစ်ခုတည်းတင်မက ဘဏ်တွေ၊ နိုင်ငံခြားငွေ ရောင်းချခွင့်ရရှိထားသူတွေ အားလုံးနဲ့သက်ဆိုင်တယ်။ မူဝါဒတွေ၊ ညွှန်ကြားချက်တွေ အချိန်အခါနဲ့အညီ အမြန်ဆုံးပြောင်းလဲဖို့ လိုအပ်တယ်"**

# စားအုန်းဆီပြည်ပဈေးကျဆင်းသော်လည်း ပြည်တွင်းငွေလဲနှုန်းကြောင့် ရန်ကုန်ဈေးကွက်တွင် ဈေးနှုန်းမြင့်တင်ရောင်းချ

**ရန်ကုန် ဇွန် ၅**

ဇွန် ၄ ရက် ရန်ကုန်စားသုံးဆီဈေးကွက်တွင် မွန်းလွဲပိုင်း စားအုန်းဆီထုတ်ယူခွင့် D.O ဝါရွက်တစ်ပိဿာလျှင် ငွေကျပ် ၁၄၈၀ နှုန်း၊ လက်ကားအလှယ်တစ်ပိဿာ ၁၄၉၃ ကျပ်နှုန်းသာရှိသည်။ ညနေပိုင်းတွင်မူ D.O ဝါရွက်တစ်ပိဿာရောင်းဈေးငွေကျပ် ၁၅၀၀ နှုန်းသို့ မြင့်တက်လာသည်။ အလှယ်တစ်ပိဿာရောင်းဈေးမှာလည်း ငွေကျပ် ၁၅၀၀ နှုန်းဖြစ်လာပြီး ဇွန် ၄ ရက် ညနေပိုင်းတွင် ဆီကုမ္ပဏီအချို့ ခေတ္တအရောင်းပိတ်မှုရှိလာသည်ဟု ဆီကုန်သည်များက ပြောသည်။

ဇွန် ၄ ရက်တွင် ပြည်ပစားအုန်းဆီ FOB တစ်တန်ဈေးနှုန်း ၆၇၅ ဒေါ်လာ၊ ပြည်ပပို့ကုန်ရငွေ ငွေလဲနှုန်း ၁၁၆၅ ကျပ်ဖြင့် ဆိပ်ကမ်းရောက်တစ်ပိဿာ အရင်းဈေး ၁၄၇၄ ကျပ်ရှိသည်။ ဇွန် ၃ ရက်တွင် FOB ဈေးနှုန်း ဒေါ်လာ ၆၈၀ ငွေလဲနှုန်း ငွေကျပ် ၁၁၅၀၊ တစ်ပိဿာအရင်းဈေး ၁၄၆၇ ကျပ်နှုန်း၊ ဇွန် ၂ ရက်တွင် FOB ဈေးနှုန်း ဒေါ်လာ ၆၈၀ ငွေလဲနှုန်း ၁၁၄၂ ကျပ်၊ တစ်ပိဿာအရင်း ဈေး ၁၄၅၇ ကျပ်ရှိသည်ဟု ဘုရင့်နောင်ကုန်စည်ဒိုင်ရှိ မြန်မာနိုင်ငံဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်းမှ ထုတ်ပြန်သော ပြည်ပစားအုန်းဆီဈေးနှုန်း နေ့စဉ်စာရင်းများမှ သိရသည်။

ရန်ကုန်ဆီဈေးကွက်တွင် ဇွန် ၁ ရက်က လက်ကားအလှယ်တစ်ပိဿာ ရောင်းဈေးငွေကျပ် ၁၄၅၀၊ ဇွန် ၂ ရက်တွင် ငွေ ၁၄၉၂ ကျပ်၊ ဇွန် ၃ ရက်တွင် ငွေကျပ် ၁၄၈၀၊ ဇွန် ၄ရက်တွင် ၁၄၉၃ ကျပ်ဖြစ်ပြီး ယင်းဇွန် ၄ ရက်ညနေပိုင်းတွင် ငွေကျပ် ၁၅၀၀ နှုန်းဖြင့်ပင် အရောင်းခေတ္တပိတ်ထားရာ ဇွန် ၅ ရက်တွင် ယင်းဈေးနှုန်းထက် ပိုမိုမြင့်တက်လာနိုင်သည်ဟု နယ်သို့ စားအုန်းဆီဝယ်ယူတင်ပို့နေသည့် ကုန်သည်အဝယ်တော်တစ်ဦးက ပြောသည်။

ဇွန်လဆန်းရန်ကုန်ဈေးကွက်တွင် ရောင်းချသော စားအုန်းဆီများမှာ ပြည်ပမှ မေလနောက်ဆုံးပတ်အတွင်း ဝယ်ယူခဲ့ခြင်းဖြစ်ရာ ရန်ကုန်ဆိပ်ကမ်းအရောက် တစ်ပိဿာအရင်းဈေးမှာ ပျမ်းမျှ ၁၃၉၅ ကျပ်ဝန်းကျင်သာရှိသည်။

ကမ္ဘာ့စားအုန်းဆီဈေးနှုန်းသည်လည်း ကျဆင်းနေသည်။ သို့သော် ငွေလဲနှုန်းမြင့်တက်သည့် လတ်တလောအခြေအနေပေါ်မူတည်၍ ဈေးကွက်တွင်ဈေးမြှင့်တင်ရောင်းချကြ၍ စားအုန်းဆီပြည်ပမှတင်သွင်းလာသူများ ပြည်တွင်းတွင် ဈေးနှုန်းအနိမ့်အမြင့် ဝယ်ယူလက်ဝယ်ထားရှိသူများ အကျိုးအမြတ်များစွာရရှိလာကြသည်။ သို့သော် စားသုံးသူများအကြား လက်လီဈေးကွက်တွင် အသုံးများသော စားအုန်းဆီဈေးမှာ တစ်ပိဿာလျှင် ငွေကျပ် ၂၀၀ ခန့် ဈေးမြှင့်ဝယ်ယူရမှုများ ကြုံတွေ့လာရသည်ဟု ကမာရွတ်မြို့နယ်တွင် ကုန်စုံဆိုင်ဖွင့်ရောင်းချနေသူ ကိုကျော်က ပြောသည်။

ဗဟိုဘဏ်၏ သတ်မှတ်ရည်ညွှန်းနှုန်းမှာ ဇွန် ၂ ရက်တွင် တစ်ဒေါ်လာလျှင် ငွေကျပ် ၁၀၉၀ နှုန်းရှိရာမှ ဇွန် ၄ ရက်တွင် ၁၀၉၇ ကျပ်နှုန်းသို့တိုးမြှင့်လာသည်။ ကုန်စည်ဈေးနှုန်းများ၏ ဆိပ်ကမ်းရောက်အရင်းဈေးကို တွက်ချက်ရာတွင် ပြင်ပငွေလဲနှုန်းပေါ်တွင်သာ မူတည်တွက်ချက်သည်ကို ဆီအသင်း၏ စားအုန်းဆီဆိပ်ကမ်းရောက်တစ်ပိဿာအရင်းဈေးထုတ်ပြန်ချက်၌ တွေ့ရသည်။

ပြည်ပစားအုန်းဆီ FOB တစ်တန်ဈေးနှုန်း ၆၇၅ ဒေါ်လာရှိသော ၂၀၁၅ ဖေဖော်ဝါရီ ၆ ရက်တွင်ပြည်ပပို့ကုန်ရငွေ ငွေလဲနှုန်း ၁၀၃၂ ကျပ် သာရှိသဖြင့် ဆိပ်ကမ်းရောက်တစ်ပိဿာအရင်းဈေး ၁၃၁၄ ကျပ်နှုန်းရှိသည်။ ရန်ကုန်ဈေးကွက်၏ ယင်းနေ့ရောင်းဈေးမှာ D.O ဝါရွက်တစ်ပိဿာ ၁၃၁၅ ကျပ်နှုန်း၊ လက်ကားအလှယ်တစ်ပိဿာ ၁၃၂၅ ကျပ်ရှိခဲ့သည်ဟု ဈေးနှုန်းဟောင်းများအရ သိရသည်။

ပြည်ပပို့ကုန်ငွေလဲနှုန်း ၁၀၃၂ ကျပ်ရှိသော ၂၀၁၅ ဖေဖော်ဝါရီ ၅ ရက်တွင် ပြည်ပမှတင်သွင်းလာသော အိန္ဒိယငရုတ်ရှည်တစ်ပိဿာ ရန်ကုန်ဈေးကွက်တွင် လက်ကားတစ်ပိဿာငွေကျပ် ၃၅၀၀ ဖြင့် ရောင်းချသည်။ ငွေလဲနှုန်း ၁၁၆၅ ကျပ်ရှိသော ဇွန် ၄ ရက်တွင် တစ်ပိဿာ ငွေကျပ် ၂၉၀၀-၃၀၅၀ ဖြင့်သာ ရောင်းချရသည်။ **ခင်ဆိုင်**

**ပြည့်ကျော် စာသင်ဝိုင်း**
ဆရာကြီး သချၤာ ဦးအောင်သောင်း၊ တွဲဖက်ပါမောက္ခ ဒေါက်တာခင်လှိုင် (ငြိမ်း)၊
ဦးရည်ဆန်းမွန် M.A( English)၊ ဒေါက်တာသန်းထိုက်၊ ဒေါက်တာဆွေဆွေထိုက်၊
ဒေါ်ဖြူလေးဦး (B.Ed)၊ သချၤာ ဦးမင်းနိုင်၊ ဦးကျော်မိုးဟိန်း တို့ ဦးစီးသည်။
ရည်မှန်းချက်မြင့်မြင့်မားမားထားသော မိဘများနှင့် ကျောင်းသားများအတွက်.....
၉တန်း၊ ၁၀တန်း ၁၀ ယောက်စာသင်ဝိုင်း
ခြံအမှတ် ၃၄ ဘီ + ၂၊ ကျောက်ကုန်းလမ်း၊ ၁၄ရပ်ကွက်၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။ ၀၉ ၂၅၀၃၅၇၀၅၃၊ ၀၉ ၂၅၉ ၂၈၆၇၂၇

**မြေရောင်းမည်။**
(ဦးရာလူရမည်)
ရန်ကုန်မြို့ ... ညှိနှိုင်းဈေး
A B
ဆက်သွယ်ရန်
ဖုန်း-
၀၁-၅၆၄၈၉၉
၀၉-၅၁၉၂၅၄၉
ရောင်းမည့်မြေကွက်ပုံစံ (B)

**ဘဏ်ဖွင့်ရန်သင့်တော်**
စော်ဘွားကြီးကုန်း အိမ်ဆောက်ပစ္စည်းဈေးကွက်အတွင်း တိုက် A ၊ RC နှစ်ထပ်တိုက်၊ အပေါ်ထပ်၊ စလပ်လောင်းပြီး၊ အသင့်တင့်ပြင်ဆင်ပြီး စော်ဘွားကြီးကုန်း တိုးချဲ့ဝင်းအတွင်း ဘဏ်များအနီး (၅၆×၃၀)ပေ **ဈေးနှုန်း ၉၈၀၀ သိန်း**
**ဆက်သွယ်ရန် ဖုန်း-၀၉-၇၃၁၇၇၅၅၇၊ ၀၉-၄၃၁၇၃၄၈၈**

**BONITA**
**Academy of English**
တက္ကသိုလ်ဝင်တန်း(၁၀-တန်း)စာမေးပွဲဖြေဆိုအောင်မြင်ထားသူများအတွက်...
**IELTS, IGCSE, TOEFL, SAT,4 SKILLS**
အင်္ဂလိပ်ဘာသာစကားဝါသနာပါသော ၅နှစ်မှ၁၅နှစ်အရွယ်ကျောင်းသား/သူများအတွက်...
*Young Learners English( Cambridge Exams)*
**Starters,Movers,Flyers,KET,PET,FCE...**
မြန်မာကျောင်း ၄-တန်းနှင့် ၈-တန်း တို့အတွက်သီးသန့်
English Grammar & Essay သင်တန်း
No.142, 1st.Fl., 46th St., Botahtaung Tsp., Yangon
Ph. 01294328, 095056872,09254127116

**TET LANN CONCRETE CO.,LTD.**
**ဝန်ထမ်းအလိုရှိသည်**
**Sales & Marketing Manager** **M/F 1Post**
(အသက် ၃၀နှင့်၄၅ကြား)လုပ်ငန်းအတွေ့အကြုံရှိသူ ဦးစားပေးလျှောက်ထားနိုင်သည်။
**Sales & Marketing Staff** **F 15 Post**
**Engineer (B.E-Civil)** **M/F 4 Post**
(အတွေ့အကြုံမရှိသူများလည်းလျှောက်ထားနိုင်သည်။)
**ဆက်သွယ်ရန်** - တိုက်အမှတ်(**F-4**)၊အခန်းအမှတ် ၃၀၈၊ရွှေခင်းသာ ၅လမ်း၊ ရွှေခင်းသာအိမ်ရာ၊ သာကေတ
**ဖုန်း-၀၉-၃၁၇၇၄၄၄၇၊၀၁-၉၁၉၀၅၄၅**

**အမြန်ပြန်လာပါ**
ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ ကျောက်မြောင်းနေ ဦးလှအောင်၏သမီး ဒေါ်ခင်စန်းရီ ၁၂/ဗတထ(နိုင်)၀၂၈၇၄၆ သည် ၂-၆-၂၀၁၅ရက်တွင် မိသားစုဝင်များအားလုံး သိရှိခြင်းမရှိဘဲနေအိမ်မှ ရွှေထည်ပစ္စည်းများ ယူဆောင်ကာထွက်သွားသဖြင့် မိသားစုအားလုံးမှ စိတ်ပူလျက်ရှိပါသည်။သွေးဆောင်ဖြားယောင်း လက်ခံထားသူအား တည်ဆဲဥပဒေအရ အရေးယူမည်ဖြစ်ကြောင်းနှင့် မိသားစုနှင့်အမြန်ဆုံးဆက်သွယ် ပြန်လာပေးပါရန်။
**ဆက်သွယ်ရန် ဖုန်း-၀၉-၂၅၄၁၇၈၀၈၀၊ ၀၉-၄၃၀၈၃၆၆၈**

**အမည်မှန်**
ဦးကျော်စွာဝင်း ၈/မသန(နိုင်)၀၈၄၆၉၉ ၏သမီးမြို့သစ်မြို့နယ်၊နဘဲကုန်းကျေးရွာအုပ်စု၊ကိုရဲ(တ)ကျေးရွာနေ မသီရိတုန်၏အမည်မှန်မှာ မသဲအိစံ ဖြစ်ပါကြောင်း။
**မသဲအိစံ**

**ပြင်ဆင်ဖတ်ရှုပါရန်**
၄-၆-၂၀၁၅ ရက်ထုတ် စာ-၁၂ ပါ ကန့်ကွက်နိုင်ပါကြောင်း ကြော်ငြာတွင် သဇင်လမ်းအစား ခိုင်သဇင်လမ်းဟု ပြင်ဆင်ဖတ်ရှုပါရန်။

**သမီးအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း**
မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာမြို့နယ်၊ပြည်သာယာ(မြောက်)ဆ/ ၂၂၊ ၃လမ်းနေ ဦးဌေးဝင်း(ခ)ဦးတင်စိန် ၉/မထလ(နိုင်)၀၄၁၉၉၁၏သမီး မခင်မာအေး ၉/မထလ(နိုင်) ၁၈၉၄၈၂ သည် မိဘ၏ဆိုဆုံးမမှုကိုမနာခံဘဲ သူ့စိတ်သူ့သဘောနှင့်လုပ်ချင်တာလုပ် အကြိမ်ကြိမ်အခါခါ စိတ်ဆင်းရဲအောင်ပြုလုပ်ပါသဖြင့်သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ နောက်နောင် ၄င်းနှင့်ပတ်သက်သည့်ကိစ္စအဝဝကို (လုံးဝ)လုံးဝတာဝန်မယူကြောင်းအများ သိစေရန် ကြေညာအပ်ပါသည်။ **(မေးမြန်းစုံစမ်းခြင်းသည်းခံပါ။)**
ဖခင် ဦးဌေးဝင်း(ခ)ဦးတင်စိန် ၉/မထလ(နိုင်)၀၄၁၉၉၁

## ကျန်းမာရေး ပညာပေးစကားဝိုင်းကျင်းပ

**နေပြည်တော် ဇွန် ၅**

နေပြည်တော်ကောင်စီနယ်မြေ ပျဉ်းမနားမြို့နယ် ဇီးဖြူပင်ကျေးရွာ၌ မေလကုန်က မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းနှင့် ကျန်းမာရေး ဦးစီးဌာနတို့ပူးပေါင်းကျင်းပသော ကျန်းမာရေးကွင်းဆင်းကုသပညာပေး စကားဝိုင်း ကျင်းပခဲ့သည်။ **(ယာပုံ)**

အဆိုပါအခမ်းအနားသို့ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာ ဒေါ်သိန်းသိန်းဌေးတက်ရောက်အမှာစကားပြောကြားပြီး ပညာပေး စကားဝိုင်းများအတွင်း လိုက်လံကြည့်ရှု၍ ကွင်းဆင်းကုရေးတွင်ကုသမှုခံ ယူနေသော ဒေသခံများကို အားပေးစကားများပြောကြားသည်။

ထို့နောက် ဒုတိယဝန်ကြီးသည် ဇီးဖြူပင်ကျေးရွာအနီးရှိ ကျေးရွာများမှ ပြည်သူများအား မိမိတို့ကျန်းမာရေးအဆင့်မြှင့်တင်နိုင်မည့် နည်းလမ်းများကို ပါဝင်ဆောင်ရွက်ကြရန်အတွက် ဆွေးနွေးညှိနှိုင်းပြီး ဇီးဖြူပင်ကျေးရွာတွင် Digital သွေးပေါင်ချိန်ကိရိယာကို လှူဒါန်းခဲ့သည်။

ပညာပေးစကားဝိုင်း၌ ကျန်းမာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများက ကျန်းမာရေးနှင့်ပတ်သက်သည့်အကြောင်းအရာများကို ဟောပြောဆွေးနွေးခဲ့ပြီး ကွင်းဆင်းကုသရေးအဖွဲ့ကလည်း အထွေထွေရောဂါလူနာများကို စမ်းသပ် ကုသပေးခြင်းနှင့် ခွဲစိတ်ကုသခြင်းဆိုင်ရာ ရောဂါများကိုစမ်းသပ်ကုသပေးပြီး ဆက်လက်ကုသရန် လိုအပ်သောလူနာများအား ဆေးရုံသို့ ညွှန်ပို့ခြင်းများ ဆောင်ရွက်ပေးခဲ့ကြောင်းသိရသည်။



**မျိုးဇေယျာ(ပျဉ်းမနား)**
**ဓာတ်ပုံ-သီရိခေတ်**

## မန္တလေး၌ အကြိမ်(၂၀)မြောက် ရေဆေးပန်းချီပြပွဲဖွင့်ပွဲ ကျင်းပ



**မန္တလေး ဇွန် ၅**

မြန်မာနိုင်ငံ ရေဆေးအကြည် လှုပ်ရှားမှုအသင်းမှ ကြီးမှူးကျင်းပ သော (၂၀)ကြိမ်မြောက် ရေဆေးပန်းချီပြပွဲဖွင့်ပွဲအခမ်းအနားကို ဇွန် ၃ ရက်က မန္တလေးမြို့ အောင်မြေသာ စံမြို့နယ် မန္တလေးတောင်ခြေရှိ ART GALLERY မန္တလေးတောင် ပန်းချီ အရောင်းပြခန်း၌ ကျင်းပ သည်။

အခမ်းအနားတွင် ဆရာကြီး ဦးဇော်ဝင်း (သစ်ထွင်း)က အမှာ စကားပြောကြားပြီး ပန်းချီပညာရှင် ကြီး ဦးခင်မောင်သန်းက မုဒိတာ စကားပြောကြားသည်။

ထို့နောက် ရေဆေးအကြည် လှုပ်ရှားမှုအသင်း (မြန်မာ)မှ အတွင်း ရေးမှူး ဦးလှထွန်းအောင်က ပြပွဲ ကျင်းပရခြင်းအကြောင်း ရှင်းလင်း ပြောကြားသည်။

အဆိုပါ ပန်းချီပြပွဲတွင် ရန်ကုန်၊ မန္တလေး၊ ပုဂံ၊ မုံရွာ၊ ပြင်ဦးလွင်၊ ပုသိမ်၊ ဖြူးတို့မှ ပန်းချီဆရာ ၄၂ ဦး၏ လက်ရာပန်းချီကား ၁၃၀ ကျော်ကို ဇွန် ၃ ရက်မှ ၇ ရက်ထိ နေ့စဉ်နံနက် ၉ နာရီမှ ညနေ ၅ နာရီထိ ဖွင့်လှစ် ပြသသွားမည်ဖြစ်ကြောင်း သိရ သည်။

**တင်မောင်(မန်းကိုယ်ပွား)**

## သောက်သုံးရေရရှိနိုင်ရေး JICA နှင့် ပူးပေါင်းဆောင်ရွက်

**မန္တလေး ဇွန် ၅**

ပြည်ကြီးတံခွန်မြို့နယ်အတွင်း ပြည်သူများ သောက်သုံးရေရရှိနိုင် ရန် JICAနှင့် မန္တလေးစည်ပင်သာယာ ရေး ကော်မတီတို့ စတင်အကောင် အထည်ဖော် ဆောင်ရွက်နိုင်ရန် MoU လက်မှတ်ရေးထိုးခြင်းကို ဇွန် ၃ ရက်က မန္တလေးမြို့တော် စည်ပင်သာယာရေး ကော်မတီရုံး အစည်းအဝေးခန်းမ၌ ကျင်းပခဲ့ ကြောင်း သိရသည်။

ရှေးဦးစွာ မန္တလေးမြို့တော်ဝန် ဦးအောင်မောင်းက အမှာစကားပြော ကြားပြီး Japan International Cooperation Agency Myanmar Office Chief Representative Mr. Keiichiro NAKAZAWA က ပြည်ကြီးတံခွန်မြို့နယ်အတွင်းရှိ ပြည်သူများကို သောက်သုံးရေဖူလုံ စွာရရှိနိုင်ရေး ပြုလုပ်ဆောင်ရွက် သွားမည့်အစီအစဉ်များကို ရှင်းလင်း ပြောကြားခဲ့သည်။

ထို့နောက် မန္တလေးမြို့တော်ဝန် နှင့် JICA မှ မြန်မာတာဝန်ခံတို့က လုပ်ငန်း စတင်လည်ပတ်နိုင်ရန် MoU လက်မှတ်ရေးထိုးပြီးချိန်မှ စ၍ လုပ်ငန်းစတင်လည်ပတ် သွားမည်ဖြစ်ပြီး ၂၀၁၇ခုနှစ်တွင် လုပ်ငန်းပြီးစီးမည်ဖြစ်သည်။

အဆိုပါ လုပ်ငန်းအတွက် JICA က ငွေကျပ် ၂၂ သန်း အကုန်အကျခံ ဆောင်ရွက်သွားမည်ဖြစ်ပြီး မန္တလေး တိုင်းဒေသကြီးအတွင်း သောက်သုံး ရေရရှိနိုင်ရန် ဆောင်ရွက်ခြင်း ပထမခြေလှမ်းဖြစ်ကြောင်း သိရ သည်။ **ကျော်ထူး(မန္တလေး)**

## ဝါးခယ်မမြို့နယ်၌ နောက်ပြန်ဒိုးချောင်းကူးတံတားပြီးစီး

**ဝါးခယ်မ ဇွန် ၅**

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် ဝါးခယ်မမြို့နယ် ပဒေသာကုန်း ကျေးရွာအုပ်စု နောက်ပြန်ဒိုးကျေးရွာ နောက်ပြန် ဒိုးချောင်းကူးတံတားကို ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် ကျေး လက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ရန်ပုံငွေဖြင့် ရွှေလ ဝိုင်းကုမ္ပဏီမှ တာဝန်ယူ ဆောက်လုပ်၍ ရာနှုန်းပြည့်ပြီးစီး ခဲ့ကြောင်း သိရသည်။



အဆိုပါ နောက်ပြန်ဒိုးချောင်း ကူး တံတားမှာ အရှည်ပေ ၁၀၀၊ အကျယ် ၁၄ ပေ၊ အမြင့် ၂၃ ပေ သံကူကွန်ကရစ်တိုင် သံပေါင်ရက်မ သစ်သားကြမ်းခင်းတံတားဖြစ် ကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

## မိုးပွင့်စီမံချက်အရ နိုင်ငံသားစိစစ်ရေးကတ်ပြား ပေးအပ်ပွဲကျင်းပ

**လားရှိုး ဇွန် ၅**

လားရှိုးမြို့ အမှတ်(၁၀)ရပ်ကွက်အတွင်းရှိ နယ်မြေကိုးခုသို့ မိုးပွင့်အထူးစီမံချက်အရ မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနမှူးရုံးမှ တာဝန်ရှိသူများက ရပ်ကွက်အတွင်းရှိ ရှမ်း၊ ပလောင်၊ ကချင် စသည့် တိုင်းရင်းသားပြည်သူများကို နိုင်ငံသားစိစစ်ရေးကတ်ပြားထုတ်ပေးနိုင်ရေး ကွင်းဆင်းဆောင်ရွက်ပေးခဲ့သည်။

နိုင်ငံသားစိစစ်ရေးကတ်ပြားရရှိသူ ၁၈၁ ဦးကို နောက်ဆုံးပတ်က ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးခန်းမ၌ မြို့နယ်ဦးစီးဌာနမှူး ဦးလေးမောင်နှင့် ဝန်ထမ်းများက နိုင်ငံသားစိစစ်ရေးကတ်ပြားများကို ပြည်သူများထံသို့ ပေးအပ်ခဲ့သည်။ **ဇော်လွင်(လားရှိုး)**

## မီးငြှိမ်းသတ်နည်း လက်တွေ့သရုပ်ပြပွဲကျင်းပ

**မိတ္ထီလာ ဇွန် ၅**

မိတ္ထီလာမြို့ အောင်ဆန်းရပ်ကွက် မိတ္ထီလာ-ကျောက်ပန်းတောင်းကားလမ်း အနီးရှိ FARMER လောင်စာဆီအရောင်းဆိုင်တွင် ဇွန် ၃ ရက်က ဆိုင်ဝန်ထမ်းများအား မီးငြှိမ်းသတ်နည်း လက်တွေ့သရုပ်ပြသခဲ့ကြောင်း သိရသည်။ ထိုမီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးနှင့် ငြှိမ်းသတ်ရေး အသိပညာများကို ခရိုင်မီးသတ်ဦးစီးဌာနဦးစီးအရာရှိ ဦးကျော်ဆန်းက ရှင်းလင်းဟောပြောသည်။ ထို့နောက် လောင်စာဆီမီးလောင်မှုဖြစ်ပွားစဉ် လက်တွေ့မီးငြှိမ်းသတ်ပုံကို ဝန်ထမ်းတစ်ဦးချင်းစီအလိုက် လက်တွေ့သရုပ်ပြ ပြသခဲ့ကြောင်း သိရသည်။ **ချမ်းသာ(မိတ္ထီလာ)**

## ဘိန်းအစားထိုးသီးနှံမျိုးစေ့ ပျိုးပင်များ ပေးအပ်

**ပင်လောင်း ဇွန် ၅**

(ယင်းမာ) အထူးစီမံချက်အရ အစားထိုးသီးနှံမျိုးစေ့နှင့်ပျိုးပင်များ ဒုတိယအကြိမ် အခမဲ့ဖြန့်ဖြူးပေးအပ်ပွဲကို ဇွန် ၂ရက် မွန်းလွဲ ၂ နာရီက ရှမ်းပြည်နယ်(တောင်ပိုင်း) ပအိုဝ်း ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်လောင်း မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ကျင်းပသည်။

ဘိန်းအစားထိုးသီးနှံမျိုးစေ့၊ ပျိုးပင်များအဖြစ် မိုးစပါးသီးနှံအတွက် အထူး အထွက်တိုး ပုလဲသွယ် စပ်မျိုးစပါးဧက ၅၀ အတွက်ကီလို ၃၅၀၊ လက်ဖက် ပျိုးပင် ၂၅၀၀၀ နှင့် ထောပတ်စိုက်ပျိုးရန် မြေ ၁၅ ဧက အတွက် ပျိုးပင် ၂၂၅၀ တို့ကို တာဝန်ရှိသူများက ပေးအပ်ရာပင်လောင်းမြို့နယ်နှင့်နောင်တ ရားမြို့အတွင်းရှိ ကျေးရွာအုပ်စု ၁၄ အုပ်စုမှ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး များက လက်ခံယူကြသည်။ **(မြို့နယ် ပြန်/ဆက်)**

## မူးယစ်ဆေးဝါးအန္တရာယ်တားဆီးရေး အသိပညာပေး

**ဟိုပန်**

မူးယစ်ဆေဝါးအန္တရာယ်တားဆီးကာကွယ်ရေးနှင့်ပတ်သက်၍ နိုင်ငံ တစ်ဝန်းတွင် (ယင်းမာ)စီမံချက်ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက် ရှိရာ “ဝ”ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရတိုင်း၊ ဟိုပန်မြို့ ပန်ကောက်ကျေးရွာတွင် ဇွန် ၃ ရက် နံနက် ၉ နာရီခွဲက နံရံကပ်စာစောင်၊ ဓာတ်ပုံပြပွဲနှင့်ဟောပြောပွဲကို ကျေးရွာခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးသန်းအောင်၊ ခရိုင်ပြန်ကြား ရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးအရာရှိ ဦးသိန်းအောင်၊ မြို့နယ်ဥပဒေအရာရှိ ဦးဇော်ဝင်းအောင် တို့က မူးယစ်ဆေးဝါးနှင့်ပတ်သက်၍ ပညာပေးဟောပြော သည်။ အခမ်းအနားသို့ တက်ရောက်လာကြသည့် ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် ပြည်သူများ၊ ကျောင်းသား ကျောင်းသူများက မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေးနှင့်ပတ်သက်သည့် အသိပညာပေးနံရံကပ်စာစောင်၊ ဓာတ်ပုံများကို ကြည့်ရှုကြသည်။

**(ခရိုင် ပြန်/ဆက်)**

**ဒေးဒရဲ**

အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါး အလွဲသုံးမှုနှင့် တရားမဝင်ရောင်း ဝယ်မှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် နယ်လှည့်၊ နံရံကပ်စာစောင်၊ ဓာတ်ပုံပြပွဲ၊ ဟောပြောပွဲကိုဇွန် ၃ ရက်နံနက် ၁၀ နာရီက ဒေးဒရဲမြို့ အထက (၁) ကရဝိက်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူးဦးအောင်မျိုးနိုင်က အမှာစကား ပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးမှူး ဒေါ်မြင့်မြင့် ခိုင်က မူးယစ်ဆေးဝါးအန္တရာယ်တားဆီးကာကွယ်ရေး သိကောင်းစရာများကို ရှင်းလင်းတင်ပြသည်။ **သူဇာနွယ်(ဖျာပုံ)**

**ကော့ကရိတ်**

ကော့ကရိတ်မြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ကော့ကရိတ်မြို့နယ် အထကချောင်းတောင်တွင် ဇွန် ၃ ရက် မွန်းလွဲ ၂ နာရီက အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ် တိုက်ဖျက်ရေးနေ့အထိမ်းအမှတ် ဟောပြောပွဲ၊ နံရံကပ်စာစောင်၊ ဓာတ်ပုံပြပွဲ ကို ကျင်းပသည်။

အဆိုပါအခမ်းအနားတွင် မြန်မာနိုင်ငံရဲတပ်ဖွဲ့ မြို့နယ်ဒုတိယရဲမှူးကိုကိုက မူးယစ်ဆေးဝါးနှင့် ပတ်သက်သည်များကို ရှင်းလင်းသည်။

အခမ်းအနားသို့ ကျောင်းသား ကျောင်းသူများ၊ ဆရာ ဆရာမများ တက်ရောက်ပြီး ပြသထားသည့် နံရံကပ်စာစောင်နှင့် ဓာတ်ပုံမှတ်တမ်းများအား ကြည့်ရှုလေ့လာကြကြောင်း သိရသည်။

**စောစိုးထက်အောင်**

**ဟားခါး**

အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့်တရားမဝင်ရောင်း ဝယ်မှု တိုက်ဖျက်ရေးနေ့အထိမ်းအမှတ် အထက်တန်း၊ အလယ်တန်း၊ မူလတန်းအဆင့် ပန်းချီ၊ ကာတွန်း၊ ပိုစတာနှင့် ကွန်ပျူတာပန်းချီပြိုင်ပွဲများ ကို ဇွန် ၂ ရက်က ဟားခါးမြို့ အမှတ်(၁) အခြေခံ ပညာအထက်တန်းကျောင်း ဗိုလ်တိုက်ချွန်းခန်းမ၌ ကျင်းပသည်။

ပန်းချီပြိုင်ပွဲတွင် ၁၈ ဦး၊ ကာတွန်းပြိုင်ပွဲတွင်ခုနစ်ဦး၊ ပိုစတာပြိုင်ပွဲတွင် ၁၅ ဦးနှင့် ကွန်ပျူတာပန်းချီပြိုင်ပွဲတွင် ငါးဦး စုစုပေါင်း ကျောင်းသားကျောင်းသူ ၄၅ ဦး ပါဝင်ယှဉ်ပြိုင်ခဲ့ကြောင်း သိရသည်။

**(ပြည်နယ် ပြန်/ဆက်)**

# ငါးကောင်ရေ ၄၂ သိန်းကျော် စိုက်ထည့်မည်



**မုံရွာ ဇွန် ၅**

စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ မြစ်ချောင်း၊ ဆည်တမံများနှင့် စပါးခင်းများသို့ တိုင်းဒေသကြီး အစိုးရအဖွဲ့၏ လမ်းညွှန်မှုဖြင့် ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် တိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာနမှ ငါးကောင်ရေ ၄၂ ဒသမ ၂ သိန်း စိုက်ထည့်သွားမည်ဖြစ်ကြောင်း သိရသည်။

ငါးမျိုးများစိုက်ထည့်မည့် အစီအစဉ်နှင့်ပတ်သက်ပြီး တိုင်းဒေသကြီးအတွင်းမှာရှိတဲ့ ပြည်သူတွေ ငါးစားသုံးမှု ဖူလုံစေရေးအတွက် ချင်းတွင်းမြစ်အတွင်းသို့ မုံရွာမြို့မှ ငါးကောင်ရေ ၆ ဒသမ ၅ သိန်း၊ ဧရာဝတီမြစ်အတွင်းသို့ ကသာ၊ ရွှေဘို၊ ထီးချိုင့်နှင့် မြောင်မြို့များမှ ငါးကောင်ရေ ၁၃သိန်း၊ မြစ်သာမြစ်အတွင်းသို့ကလေးမြို့မှ ငါးကောင်ရေ တစ်သိန်း စုစုပေါင်း ၂၀ ဒသမ ငါးသိန်း၊ မုံရွာမြို့ ထန်းဇလုတ်ဆည်ထဲသို့ ငါးကောင်ရေ နှစ်သိန်း၊ ကန့်ဘလူ မြို့နယ်ကင်းတပ်ဆည်နဲ့ သိန်ရင်ဆည်အတွင်းသို့ ငါးကောင်ရေ နှစ်သိန်း၊ ကျွန်းလှမြို့နယ် သဖန်းဆိပ်ဆည်အတွင်းသို့ ငါးကောင်ရေ ငါးသိန်း၊ စစ်ကိုင်းမြို့နယ် အုန်းတောဆည်၊ နုန်းတွင်းဆည်၊ ထန်းဖူးတောဆည်၊ ကျောက်ဖရားလေးတမံနှင့် ဆားတောင်ဆည်အတွင်းသို့ ငါးကောင်ရေ ၄ ဒသမ ၂၅ သိန်း၊ ရေဦးမြို့ မဟာသီရိကန်အတွင်းသို့ ငါးကောင်ရေ တစ်သိန်း၊ ဟုမ္မလင်းမြို့နယ် နမ့်တလုံးဆည်အတွင်းသို့ ငါးကောင်ရေ ၅၀၀၀၀ ၊ ပုလဲမြို့နယ် မြောက်ယမားရေကူတမံအတွင်းသို့ ငါးကောင်ရေ ၁ ဒသမ ၅သိန်း၊ ဆားလင်းကြီးမြို့နယ် ငွေသာဆည်အတွင်းသို့ ငါးကောင်ရေနှစ်သိန်း၊ ရွှေဘို၊ ခင်ဦး၊ ဝက်လက်၊ ရေဦး၊ ဒီပဲယင်း၊ တန့်ဆည်၊ ကောလင်း၊ ထီးချိုင့်၊ ကလေး၊ တမူးမြို့နယ်များရှိ လယ်ဧက ၆၉၀ အတွင်းသို့ ငါးကောင်ရေ ၃၄၅၀၀၀ စိုက်ထည့်ပေးသွားမည်ဖြစ်ကြောင်း တိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

အဆိုပါ သဘာဝမြစ်ချောင်း၊ ဆည်တမံနှင့် လယ်များအတွင်းသို့ စိုက်ထည့်မည့် ငါးမျိုးများမှာ ရွှေဝါငါးကြင်း၊ ငါးမြစ်ချင်း၊ တီလားဗီးယား၊ ငါးခုံးမနှင့် အခြားငါးမျိုးများဖြစ်ပြီး ကောင်ရေ ၄၂ ဒသမ ၂ သိန်းကို ငါးလုပ်ငန်းဦးစီးဌာန ငါးသားဖောက် စခန်းများဖြစ်သော ရွှေဘိုစခန်း၊ ရေဦးစခန်း၊ ထီးချိုင့်မြို့နယ် အင်ကြင်းကုန်း ငါးသားဖောက်စခန်းနှင့် တစ်ပိုင်တစ်နိုင် ငါးသားဖောက်စခန်းများမှထုတ်လုပ်ဖြန့်ဖြူးပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**ဖိုးချမ်း(မုံရွာ)**

# တင်သွင်းခွင့်မပြုသည့် ကုန်ပစ္စည်းများ ဖျက်ဆီး

**ရန်ကုန် ဇွန် ၅**

ကုန်သွယ်မှုမြှင့်တင်ရေး၊ စားသုံးသူအကာအကွယ်ပေးရေး လုပ်ငန်းများတွင် ပြည်သူများ စားသုံးရန်မသင့်သည့် ကုန်ပစ္စည်းများကို ကုန်သည်များက နည်းလမ်းပေါင်းစုံဖြင့် သယ်ဆောင်တင်သွင်းလျက်ရှိရာ တရားမဝင်ကုန်သွယ်မှု တားဆီးထိန်းချုပ်ရေး ဗဟိုကော်မတီမှ အဖွဲ့စုံပါဝင်သော Mobile Team အဖွဲ့များမှ ထိုကုန်ပစ္စည်းများ ဝင်ရောက်နိုင်သည့် လမ်းကြောင်းများတွင် ဖမ်းဆီးဆောင်ရွက်လျက်ရှိသည်။

ရန်ကုန်တိုင်းဒေသကြီး ပူးပေါင်းလှုပ်ရှား အဖွဲ့ နှင့် ညောင်ခါးရှည်လှုပ်ရှား-၂ အဖွဲ့ တို့မှ ဖမ်းဆီးရမိသော စားသုံးရန်မသင့်သည့် ကုန်ပစ္စည်းများအား အကောက်ခွန်ဦးစီးဌာနသို့ လွှဲပြောင်းအပ်နှံခဲ့ရာ အကောက်ခွန် အမှုတွဲ ၂၃ မှု၊ ခန့်မှန်းတန်ဖိုး ငွေကျပ် ၂၃၄၇ သိန်းခန့် ရှိသည်။

တင်သွင်းခွင့်မပြုသော ဘီယာဘူးပေါင်း ၂၂၇၃၈၁ ဘူးနှင့် ကွမ်းစားဆေး ၆၅၆၀ တို့ကို ရန်ကုန်မြို့ရှိ အကောက်ခွန်ဦးစီးဌာန ထောက်ပံ့ရေးနှင့် ပို့ဆောင်ရေးဌာနခွဲ သိုလှောင်ရုံတွင် မေ ၂၀ ရက်နှင့် ၂၅ ရက်တို့တွင် လမ်းကြိတ်စက်ကြီးများဖြင့် နင်းကြိတ်ဖျက်ဆီးခဲ့ကြောင်း သိရသည်။

**ကိုကြီးစိုး(ဆိပ်ကမ်း)**



## ကျေးလက်ဒေသ အခြေခံမွေးမြူရေးလုပ်သားသင်တန်းဖွင့်

**မိုးနဲ ဇွန် ၅**

ကျေးလက်ဒေသအခြေခံမွေးမြူရေးလုပ်သားသင်တန်း(CAHW) ဖွင့်ပွဲအခမ်းအနားကို ရှမ်းပြည်နယ်(တောင်ပိုင်း) လင်းခေးခရိုင် မိုးနဲမြို့နယ် စိုက်ပျိုးရေးရုံးအစည်းအဝေးခန်းမ၌ ဇွန် ၃ ရက်က ကျင်းပရာ ခရိုင်မွေးမြူရေးနှင့် ကုသရေးဦးစီးမှူး ဒေါက်တာစိုင်းမြကြွယ်က သင်တန်းဖွင့်လှစ်ပေးခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြီး ဦးစီးဌာနမှူး ဒေါက်တာ အောင်ဆန်းဝင်းက ကျွဲ၊ နွား၊ ကြက်၊ ဝက်မွေးမြူခြင်းနှင့် ကုသရေးဆိုင်ရာ လုပ်ငန်းစဉ်များ၊ မွေးမြူရေးဆိုင်ရာ ချေးငွေများထုတ်ချေးပေးခြင်းများကို ဆွေးနွေးပို့ချခဲ့ကြောင်း သိရသည်။

**မျိုးညွန့်ရွှေ(မိုးနဲ)**

## မူးယစ်ဆေးဝါးအန္တရာယ် ပညာပေးဟောပြောပွဲများဆောင်ရွက်

**ပင်လုံ ဇွန် ၅**

ပင်လုံမြို့ ပင်လုံအရှေ့ကျေးရွာအုပ်စု ဝမ်လုံကျေးရွာအုပ်ချုပ်ရေးမှူးရုံး၌ မေ စတုတ္ထပတ်က မူးယစ်ဆေးဝါးအန္တရာယ် ပညာပေးဟောပြောပွဲ၊ လက်ကမ်းစာစောင်၊ နံရံကပ်စာစောင်နှင့် ဓာတ်ပုံပြပွဲ နယ်လှည့်ကွင်းဆင်းဆောင်ရွက်မှု လုပ်ငန်းများ ဆောင်ရွက်ခဲ့သည်။ ပင်လုံမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်နန်းမြင့်မြင့်ဆွေက ဟောပြောပွဲတွင် ဘိန်းစိုက်ပျိုးမှု ပပျောက်ရေး ဆွေးနွေးခဲ့ကြောင်း သိရသည်။

**မြင့်မြင့်ဆွေ**



# ဘုန်းတော်ကြီးကျောင်းများသို့ လှူဖွယ်ပစ္စည်းများ လှူဒါန်း

**ပျဉ်းမနား ဇွန် ၅**

နေပြည်တော်ကောင်စီနယ်မြေ ပျဉ်းမနားမြို့နယ်အရှေ့ဘက် မိုင် ၄၀ ကျော်ဝေးသော တဘန့်ဘားအုပ်စုရှိ လက်ဖက်တောင် ဘုန်းတော်ကြီးကျောင်း၊ ဘိုမအုပ်စု ဘိုမသံတောင် ဘုန်းတော်ကြီးကျောင်း၊ ပြည်ထောင်ကိုးအုပ်စု ပန္နတိုက်ဘုန်းတော်ကြီးကျောင်း၊ ကိုးတမ်အုပ်စု ဖုန်းဆိုး ဘုန်းတော်ကြီးကျောင်း၊ ဖယ်ခုံမြို့နယ် သစ်ကျိတ်အုပ်စု ဇီးဖြူတောင် ဘုန်းတော်ကြီးကျောင်းများသို့ ဇွန် ၃ ရက်က နယ်စပ်ရေးရာဝန်ကြီးဌာန နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ တစ်လလျှင် ငွေကျပ် တစ်သိန်းနှုန်း ထောက်ပံ့လှူဒါန်းမှုဖြင့် လှူဖွယ်ပစ္စည်းများနှင့် ငွေများသွားရောက်လှူဒါန်းခဲ့သည်။



လှူဒါန်းရာ တောင်ပေါ်ဒေသသို့ နေပြည်တော်ကောင်စီဝင် ပျဉ်းမနားမြို့နယ်တာဝန်ခံ ဗိုလ်မှူးကြီးမြင့်အောင်သန်း၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမြို့နိုင်နှင့် ရုံးဝန်ထမ်းများ၊ နေပြည်တော် အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်မြတ်မြတ်မိုးနှင့် အဖွဲ့ဝင်များ သွားရောက်လှူဒါန်းခဲ့ကြောင်း သိရသည်။ **မျိုးဇေယျာ**

**ဓာတ်ပုံ-သီရိခေတ်**

# မူးယစ်ဆေးဝါးတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် ဘိန်းအစားထိုး သီးနှံများ အခမဲ့ဖြန့်ဖြူး

**တနိုင်း ဇွန် ၅**

ကချင်ပြည်နယ် တနိုင်းမြို့နယ်၌ ၂၀၁၅-၂၀၁၆ ခုနှစ် မိုးရာသီစိုက်ပျိုးရေးကာလအတွင်း ဘိန်းအစားထိုးသီးနှံစိုက်ပျိုးရေးအတွက် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက နှစ်ချင်းသီးနှံ မျိုးစေ့ထုပ်များပေးအပ်ပွဲကို မေ ၃၁ ရက်က တနိုင်းမြို့နယ် မိုင်းခွန်ကျေးရွာအုပ်စုမိုင်းခွန်အခြေခံပညာမူလတန်းကျောင်း၌ ကျင်းပသည်။

အခမ်းအနားတွင် တနိုင်းမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဦးမင်းမင်းအောင်က အမှာစကားပြောကြားပြီး မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ ဒုရဲအုပ်ထွန်းနေဝင်းက မူးယစ်ဆေးဝါးရောင်းဝယ်၊ ဖောက်ကား၊ သုံးစွဲခြင်း၏ ပြစ်မှုပြစ်ဒဏ်များအကြောင်း ဟောပြောသည်။

ထို့နောက် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှူး ဦးထွေးလှိုင်က ဘိန်းအစားထိုး သီးနှံ အထူးအထွက်တိုး ပုလဲသွယ်(စပ်မျိုး)စပါးမျိုးစေ့ထုပ်များကို ဒေသခံတောင်သူ ၅၂ ဦးအားမျိုးစပါး ကီလို ၂၅၀ ပေးအပ်ခဲ့သည်။

**(မြို့နယ် ပြန်/ဆက်)**

# ပန်လှိုင်ကျေးရွာ၌ မိုးသည်းထန်ပြီး ရုတ်တရက် လေပြင်းတိုက်ခတ်

**မိုင်းကိုင် ဇွန် ၅**

မိုင်းကိုင်မြို့နယ် ဝမ်ဟွေလုံကျေးရွာအုပ်စု ပန်လှိုင်ကျေးရွာတွင် ဇွန် ၂ ရက်က မိုးသည်းထန်စွာ ရွာသွန်းပြီး ရုတ်တရက် လေပြင်းတိုက်ခတ်မှုဖြစ်ပွားခဲ့ရာ ပန်လှိုင်ကျေးရွာ ဘုန်းတော်ကြီးကျောင်း တစ်ကျောင်းနှင့် လူနေအိမ် ၁၉ လုံး သွပ်အမိုးများလန် ပျက်စီးသွားခဲ့သည်။

အဆိုပါ ကျေးရွာသို့ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးညီညီလွင်စိုး၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ မြို့နယ်မှူး ရဲမှူးမြင့်နွယ်ဦးနှင့်အဖွဲ့က သွားရောက်ပြီး ပန်လှိုင်ဘုန်းတော်ကြီးကျောင်းအတွက် သွပ်အချပ် ၁၄၀ နှင့် အလှူငွေကျပ် ၃၅၀၀၀၀၊ လူနေအိမ် ၁၉ လုံးအတွက် ပစ္စည်းများနှင့် ထောက်ပံ့ငွေများ ပေးအပ်ခဲ့ကြောင်း သိရသည်။

**နန်းလှိုင်လှိုင်ဦး(မိုင်းကိုင်)**

# ရေရှားပါးသည့် ရပ်ကွက်၊ ကျေးရွာများသို့ ရေပေးဝေ

**ရန်ကုန် ဇွန် ၅**

ပြည်ထဲရေးဝန်ကြီးဌာန မီးသတ်ဦးစီးဌာနသည် တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ရေရှားပါးသည့်ဒေသများတွင် ပြည်သူ့အကျိုးပြု ရေပေးဝေရေး လုပ်ငန်းများ ကူညီဆောင်ရွက်ပေးလျက်ရှိသည်။

ဇွန် ၃ ရက်က မန္တလေးတိုင်းဒေသကြီး မဟာအောင်မြေမြို့နယ်နှင့် ကျောက်ပန်းတောင်းမြို့နယ်များရှိ ရေရှားပါးသည့် ရပ်ကွက်၊ ကျေးရွာများသို့ ရေဂါလန် ၁၁၂၀၀၊ ဧရာဝတီတိုင်းဒေသကြီး မြန်အောင်မြို့နယ်ရှိ ရေရှားပါးသည့် ရပ်ကွက်၊ကျေးရွာများသို့ ရေဂါလန် ၆၇၀၀ နှင့် ရန်ကုန်တိုင်းဒေသကြီး ကော့မှူးမြို့နယ်ရှိ ရေရှားပါးသည့် ရပ်ကွက်၊ ကျေးရွာများသို့ ရေဂါလန် ၈၀၀ စုစုပေါင်း ရေဂါလန် ၁၈၇၀၀ ကို ပေးဝေခဲ့ကြောင်း သိရသည်။

**(သတင်းစဉ်)**

# ငရုတ်ကောင်းကမ်းခြေဒေသမှ မျက်စိဝေဒနာရှင်များ အခမဲ့ ဆေးကုသမှုခံယူ

**ပုသိမ် ဇွန် ၅**

ဧရာဝတီတိုင်းဒေသကြီး ငပုတောမြို့နယ် ငရုတ်ကောင်းမြို့ အမှတ်(၁)ရပ်ကွက် ဓမ္မိကာရုံမြို့မကျောင်းတိုက်တွင် ဇွန် ၁ ရက်က ကမ်းခြေဒေသ မျက်စိဝေဒနာရှင် ၂၀၀၀ ကျော် အခမဲ့ဆေးကုသမှု ခံယူခဲ့ကြကြောင်း သိရသည်။

အဆိုပါ မျက်စိဝေဒနာရှင်များအား ကွင်းဆင်းဆေးကုသမှုကို တိုင်းဒေသကြီး ကျန်းမာရေးဦးစီးဌာန၏ ကြီးကြပ်မှုဖြင့် ချယ်ရီမေတ္တာဖောင်ဒေးရှင်းက စက္ခုဒါန အစီအစဉ်ကို ဆောင်ရွက်ရာ ရန်ကုန်မြို့မှ မျက်စိခွဲစိတ်ကုသမှု တာဝန်ခံဆရာကြီး မျက်စိပါရဂူ ပါမောက္ခ ဒေါက်တာဦးကိုကိုတင် အပါအဝင် ဆရာဝန်ကြီးသုံးဦး၊ မျက်စိစမ်းသပ်ဆရာကြီး သုံးဦးနှင့် အထူးကျွမ်းကျင် ပညာရှင်များကိုယ်တိုင် လာရောက်ကွင်းဆင်းကုသသည်။

ထိုသို့ ကုသရာတွင် မခွဲစိတ်မီနှင့် ခွဲစိတ်ပြီးသည်အထိ စမ်းသပ်ခ၊ ခွဲစိတ်ခ၊ မျက်မှန်၊ ဆေးဝါးတို့ကို အခမဲ့ ကျန်းမာရေးစောင့်ရှောက်မှု ပြုလုပ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။



ငရုတ်ကောင်း ကမ်းခြေအုပ်စု ၁၃ ရွာရှိ မျက်စိဝေဒနာရှင် ၂၀၀၀ ကျော်တွင် ၂၀၀ ခန့်ကို ငရုတ်ကောင်းမြို့ ပြည်သူ့ဆေးရုံတွင် ခွဲစိတ်ကုသမှုပြုလုပ်မည်ဟု သိရပြီး ဆေးကုသမှုငါးရက်အတွင်း လက်ခံကုသရေး၊ နေထိုင်စားသောက်ရေး တို့ကို ငရုတ်ကောင်းမြို့ခံ ဇီဝိတဒါန လူမှုကူညီရေးအဖွဲ့ဝင် ၁၅၀ ခန့်က လုပ်အားဒါန ကူညီဆောင်ရွက်ပေးခဲ့သည်။

တိုင်းရင်းသား အလှူရှင်များ ပါဝင်သည့် ချယ်ရီမေတ္တာဖောင်ဒေးရှင်းမှာ မျက်စိဝေဒနာရှင်များ ဆေးကုသမှုကို ရှမ်းပြည်နယ်အတွင်း ၁၁ ကြိမ်၊ ဧရာဝတီတိုင်းဒေသကြီး၊ ကန်ကြီးထောင့်မြို့တွင် တစ်ကြိမ်နှင့် ယခု ငရုတ်ကောင်း မြို့တွင် ၁၃ ကြိမ်မြောက် အခမဲ့ ဆေးကုသမှု ဆောင်ရွက်ပေးခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။ **စိုးညွှန့်**

**SEVEN စံ** မာ်

**မြေကွက်ရောင်းဝယ်ရေး**

ဒဂုံဆိပ်ကမ်း၊ အရှေ့ပိုင်း၊ တောင်ပိုင်းရှိ မြေကွက်များ ရောင်းလိုပါသလား ?

SEVEN စံ နဲ့ဆက်သွယ်လိုက်ပါ။

အိမ်အရောက်ငွေပေးချေသည်။

"ပွဲခ လုံးဝ မယူပါ"

Ph: 09 - 33 333 511, 09-33 333 514, 09-33 333 644

## ကန့်ကွက်နိုင်ပါကြောင်း

ကျွန်ုပ်၏မိတ်ဆွေ ဦးထင်ကျော်လင်း ၁၂/အလန(နိုင်)၀၄၃၂၈၉သည် ဦးအောင်မြင့်ဦး ၁၁/စတန(နိုင်)၀၂၀၉၂၀ထံမှ ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ မေတ္တာညွန့်ရပ်ကွက်၊ လက်ဝဲမင်းဒင်လမ်း၊ တိုက်အမှတ် ၁၂၀၂၊ နှစ်ခန်းတွဲ ခြောက်ထပ်တိုက်၏တတိယထပ်၊ အခန်းအမှတ် ၃၀၂၊ ခြေရင်းခန်း(လေးလွှာ)၊ အကျယ်ပေ(၁၅×၅၀)၊ အမြင့်(၁၀)ပေရှိသော တိုက်ခန်းနှင့် ယင်းတိုက်ခန်းဆက်စပ်လျက်ရှိသော ရေမော်တာ၊ လျှပ်စစ်မီတာ အပါအဝင် အကျိုးခံစားခွင့် အရပ်ရပ်ကို ဥပဒေနှင့်အညီ ဝယ်ယူရန် စရန်ငွေကို ၂၁-၅-၂၀၁၅ရက်တွင် ငွေပေးချေထားပြီးဖြစ်ပါ သည်။ ကန့်ကွက်လိုသူများရှိပါက ခိုင်မာသောအထောက်အထားများနှင့်တကွ ကျွန်ုပ်ထံ ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မှုမရှိပါက ဥပဒေနှင့်အညီ ဆက်လက်အရောင်းအဝယ်ပြုလုပ်ပြီး လက်ရောက်ရယူသွားပါမည်ဟု အများသိစေရန် ကြေညာအပ်ပါသည်။

**ညွှန်ကြားချက်အရ**

**ဦးသန်းထွန်း**
**H.G.P,LL.B,LL.M**
**(Diploma In Business Law)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၃၆၁၉)**
**ဖုန်း-၀၉-၅၁၈၃၁၅၃၊ ၀၉-၄၃၂၀၂၈၂၉**

## ယာဉ်မှတ်ပုံတင်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၂၅ယ/၈၄၉၂၀၊ Honda Dream M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်ဟေမာဦး ၁၀/မလမ(နိုင်)၂၀၃၀၁၃က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ပြည်နယ်ရုံး(ဘားအံမြို့)**

## ကန့်ကွက်နိုင်ကြောင်းနှင့် အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ကြည့်မြင်တိုင်မြို့နယ်၊ သီတာရပ်ကွက်၊ ကမ်းနားလမ်း၊ အမှတ် ၄၉၀ဟု ခေါ်တွင်သော နေအိမ်နှင့်တကွ ယင်းနေအိမ်တည်ရှိရာ ကြည့်မြင်တိုင်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၂၅ E9၊ မြေကွက်အမှတ် ၁၃၁၊ ဧရိယာ ၀ဒသမ ၀၂၇၊ စတုရန်းပေ (၁၉'·၇"×၆၀')ရှိ နှစ် ၆၀ဂရန်မြေကွက်နှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အမည်ပေါက် ပိုင်ဆိုင်သူ ဦးတင်မြိုင် ၁၂/လမတ(နိုင်) ၀၁၅၀၅၉ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် စရန်ငွေပေးချေပြီးဖြစ်ပါသည်။ ထိုကဲ့သို့ အရောင်းအဝယ် ပြုခြင်းနှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၄ရက်အတွင်း ခိုင်လုံသော စာချုပ်စာတမ်းအထောက်အထားများဖြင့် ကျွန်ုပ်တို့ထံ ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | | |
|---|---|---|
| **ဦးလိမ္မော်** | **ဦးမျိုးသူရအောင်** | **ဦးဝေယံဦး** |
| **(LL.B)** | **(စဉ်-၄၂၂၁၀)** | **(စဉ်-၄၂၂၂၇)** |
| **(စဉ်-၄၃၁၄)** | | |

**အထက်တန်းရှေ့နေများ**
**တရားလွှတ်တော်ရှေ့နေ**
**အမှတ် ၄၆/ပထမထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့**
**ဖုန်း-၃၇၃၄၉၉၊ ၀၉-၈၆၃၀၇၀၄၊ ၀၉-၂၆၁၂၀၂၆၁၁**

## အမည်ပြောင်း

ဦးစိုးမြင့်၏သမီး ဒဂုံမြို့နယ် အထက(၁) Grade-7(C)16 မှ မအေးမြတ်စိုးအား ယနေ့မှစ၍ မခိုင်မြတ်သူဟု ပြောင်းလဲခေါ်ပါရန်။

**မခိုင်မြတ်သူ**

ဥတုရာသီ တောကိုမှီ

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 1C/7589, MITSUBISHI MP 7/7U, Bus (4x2) ယာဉ်လက်ဝယ်ရှိသူ ဦးဝင်းခိုင် ၁၂/မဘန(နိုင်)၀၄၈၀၁၅က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန(ရွာသာကြီး)**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ကက/၁၀၁၃၊ Nufan Candar MGH 40 Light Truck ယာဉ်လက်ဝယ်ရှိသူ ဦးစိုးဝင်း ၁၂/ဥကတ(နိုင်)၀၉၆၂၇၂က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တိုင်းရုံးခွဲ(ရွာသာကြီး)ရန်ကုန်မြို့**

## ကန့်ကွက်နိုင်ပါကြောင်း

ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်း ၁၁၅၊ အရှေ့ပြည်သာရိပ်မွန်၊ မြေကွက် ၂၀-ဘီ၊ ဧရိယာ ၀ ဒသမ ၀၅၃ ဧက၊ နှစ် ၆၀ မြေငှားစာချုပ် အမည်ပေါက်မှာ ဦးချစ်သောင် ဖြစ်ပါသည်။ အဆိုပါမြေကွက်နှင့်အဆောက်အအုံအား အပိုင်ပေးကမ်းခြင်းစာချုပ် (၂၂၂၁/၂၀၁၅) တင်ပြ၍ ဦးအောင်မြတ်ခိုင် ၅/ငဇန(နိုင်) ၀၃၇၈၂၆ အမည်သို့ ပြောင်းလဲခွင့်ပြုပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက အထောက်အထား(မူရင်း) အပြည့်အစုံတင်ပြ၍ ကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြေတိုင်းဌာနခွဲ**
**မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန**

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ရန်ကုန်မြို့၊ မင်္ဂလာဒုံမြို့နယ်၊ ဝါယာလက်၊ ပြည်တော်သာ ၁၀ လမ်း၊ အမှတ် ၁၁ နေ ဦးမြင့်စိုး-ဒေါ်နု(ခ)ဒေါ်တင်နု ၁၂/မဂဒ(နိုင်)၀၃၆၃၄၇၏သား ဇော်ကြီး(ခ)မောင်ဇော်ဇော်အောင် ၁၂/မဂဒ(နိုင်)၀၀၀၅၆၄သည် မိခင်ကို စိတ်ဆင်းရဲအောင် အကြိမ်ကြိမ် ပြုလုပ်ပါသဖြင့် ယနေ့မှစ၍ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။

**မိခင်**
**ဒေါ်နု(ခ)ဒေါ်တင်နု**

# မုန်တိုင်းဒဏ်ခံ ဘက်စုံသုံးအဆောက်အအုံ လွှဲပြောင်းပေးအပ်

**လပွတ္တာ ဇွန် ၅**

ဒေသတွင်း သဘာဝဘေးအန္တရာယ်များ ကျရောက်ချိန်တွင် ပြည်သူများဘေးကင်းလုံခြုံရေး နှင့်ဒေသဖွံ့ဖြိုးရေးဆိုင်ရာလုပ်ငန်းများ ဆောင်ရွက် ရာတွင် အသုံးပြုနိုင်ရန်ရည်ရွယ်၍ လပွတ္တာမြို့နယ် ရှော်ချောင်းကျေးရွာအုပ်စု လိပ်အိုင်ကျေးရွာ၌ တည်ဆောက်ခဲ့သော မုန်တိုင်းဒဏ်ခံ ဘက်စုံသုံး အဆောက်အအုံသစ် ဖွင့်ပွဲနှင့် လွှဲပြောင်းပေးအပ် ပွဲကို ဇွန် ၂ ရက်က ကျင်းပခဲ့သည်။

ဖွင့်ပွဲတွင် အဆောက်အအုံသစ်ကို လပွတ္တာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးတိုးတိုးထွန်းက ဖဲကြိုး ဖြတ် ဖွင့်လှစ်ပေးပြီး အမှာစကားပြောကြားခဲ့ကာ မြို့နယ်လက်ထောက်ပညာရေးမှူး ဦးတင်ယုက အဆောက်အအုံသစ်ကို ကျောင်းအဖြစ်အသုံးပြုရ သည့်အတွက် ဝမ်းမြောက်ကြောင်းပြောကြား သည်။

ထို့နောက် ဝေါလ်ကွန်ဆန်းမှ ဒေါ်မိုးသီတာဦးက အဆောက်အအုံသစ် တည်ဆောက်မှုဆိုင်ရာ အကြောင်းအရာများ၊ တည်ဆောက်ခဲ့ပုံများကို ရှင်းလင်းပြောကြားခဲ့ပြီး အဆောက်အအုံနှင့် ပတ်သက်သော စာရွက်စာတမ်း အထောက်အထား များကို ကျေးရွာရှိ သဘာဝဘေးအန္တရာယ် လျှော့ချရေး ကော်မတီအဖွဲ့ထံ လွှဲပြောင်းပေးအပ်ခဲ့ သည်။

အဆိုပါ မုန်တိုင်းဒဏ်ခံ အဆောက်အအုံသစ်ကို အလျား ၁၁၀ ပေ နှင့် အနံပေ ၁၀၀ ရှိ မြေကွက် ပေါ်တွင် အလျား ၄၅ ပေ၊ အနံပေ ၃၀ နှင့် အမြင့် ၂၅ ပေရှိ အဆောက်အုံအဖြစ် တည်ဆောက် ထားခြင်းဖြစ်ပြီး အဆောက်အအုံသစ်နှင့်အတူ နှစ်ခန်းတွဲ အိမ်သာနှစ်လုံးလည်း ပါဝင်သည်။ HFH (Habitat for Humanity) နှင့် NISSAN အဖွဲ့တို့၏ ပံ့ပိုးကူညီမှုဖြင့် ဝေါလ်ကွန်ဆန်းက ငွေကျပ် ၆၉၁ သိန်းအကုန်အကျခံ၍ လိပ်အိုင် ကျေးရွာမှ ဒေသခံပြည်သူများ၏ ပူးပေါင်းပါဝင် မှုဖြင့် တည်ဆောက်ခဲ့ခြင်းဖြစ်ကြောင်း သိရ သည်။ **(ခရိုင် ပြန်/ဆက်)**

# မူးယစ်ဆေးဝါးတားဆီးရေး အသိပညာပေး ဟောပြော

**တာချီလိတ် ဇွန် ၅**

၂၀၁၅ ခုနှစ် အပြည်ပြည်ဆိုင်ရာ မူးယစ် ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်အဖြစ် တာချီ လိတ် ခရိုင်အတွင်း မူးယစ်ဆေးဝါးတိုက်ဖျက်ရေးနှင့် အသိပညာပေးလုပ်ငန်းများကို ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်လျက်ရှိရာ လွယ်တော်ခမ်းကျေးရွာ အုပ်စု ပွေ့ရဲကျေးရွာ ရွှေတောင်တန်း လူငယ်ဖွံ့ဖြိုး ရေး ပရဟိတဂေဟာ၌လည်း မူးယစ်ဆေးဝါး အန္တရာယ် တားဆီးကာကွယ်ရေး အသိပညာပေး ဟောပြောပွဲကို ဇွန် ၃ ရက်တွင် ကျင်းပခဲ့ကြောင်း သိရသည်။

ဟောပြောပွဲတွင် ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ ဆက်ဆံရေးဦးစီးဌာနမှူး ဦးလှဌေးက စာပေ ဖတ်ရှုခြင်း၏ အကျိုးကျေးဇူးများ၊ တာချီလိတ်မြို့ မူးယစ်ဆေးစွဲသူများ ပြန်လည်ထူထောင်ရေးစခန်း မန်နေဂျာ ဦးညွန့်မြိုင်က လူငယ်နှင့်မူးယစ်ဆေးဝါး အန္တရာယ်၊ မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့ တပ်ဖွဲ့စု(၃၀)တာချီလိတ်မှ ရဲအုပ်ဝင်း ကျော်ကျော်က မူးယစ်ဆေးဝါး၏ဆိုးကျိုးများနှင့် ဖြစ်မှုဖြစ်ဒဏ်များ စသည့်အကြောင်းအရာများကို ဟောပြောခဲ့သည်။ ဟောပြောပွဲများကို ဟောင် လိတ်၊ တာလေ၊ မိုင်းကိုး၊ တာချီလိတ်နှင့် ဆန်ဆိုင်း အထကကျောင်းများတွင်လည်း ဆက်လက်ပြုလုပ် သွားမည်ဖြစ်ကြောင်းသိရသည်။ **ဝေယံလင်း(iprd)**





# ကျန်းမာရေးစောင့်ရှောက်မှုများ ကွင်းဆင်းဆောင်ရွက်

**ပြည် ဇွန် ၅**

ပဲခူးတိုင်းဒေသကြီး ပြည်မြို့နယ်အတွင်းရှိ လူမှုဖူလုံရေးအဖွဲ့တွင် အကျုံး ဝင် မှတ်ပုံတင်ထားသော ပြည်သူပိုင်ပုဂ္ဂလိကလုပ်ငန်းများမှ ဝန်ထမ်းများ အား လုပ်ငန်းခွင်အရောက် အခမဲ့ကျန်းမာရေးစောင့်ရှောက်မှုများကို ဇွန် ၄ ရက်က ကွင်းဆင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ပဲခူးတိုင်းဒေသကြီး လူမှုဖူလုံရေးအဖွဲ့ တာဝန်ခံအရာရှိ ဦးစောတင်ဦး၊ ပြည်မြို့နယ်တာဝန်ခံ ဒေါ်တင်မိုးနွယ်၊ တာဝန်ခံဆရာဝန် ဒေါက်တာ ဒေါ်သင်းသင်းရီနှင့် ဝန်ထမ်းများက မြို့နယ်ရေအရင်းအမြစ် အသုံးချရေး ဦးစီးဌာန၊ ခရိုင်လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းနှင့် Max Highway ကုမ္ပဏီတို့မှ ဝန်ထမ်းများအား ကွင်းဆင်းကုသပေးခဲ့ခြင်းဖြစ်သည်။

အဆိုပါကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို မေ ၂၅ ရက်မှစ၍ ပြည်မြို့နယ်အတွင်း ကွင်းဆင်းဆောင်ရွက်နေခြင်းဖြစ်ပြီး ဇွန် ၁၉ ရက်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

## သတင်းတို

### မြစိမ်းရောင်စီမံကိန်းလုပ်ငန်းဆိုင်ရာများဆွေးနွေး

မိုးညှင်းခရိုင် မိုးကောင်းမြို့နယ်အတွင်းရှိ ကျေးရွာများ၌ ဆောင်ရွက်လျက် ရှိသော မြစမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းဆိုင်ရာ သုံးသပ်ဆွေးနွေးပွဲကို ဇွန် ၃ ရက်က ကျင်းပရာ စီမံကိန်းဆောင်ရွက်နေသည့် ကျေးရွာငါးရွာမှ မြစိမ်းရောင်ရန်ပုံငွေ ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌများက လုပ်ငန်းဆိုင်ရာများ ရှင်းလင်းတင်ပြကာ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီး အရာရှိ ဦးနေသူရိန်စိန်လှက ပြန်လည်သုံးသပ်ဆွေးနွေးခဲ့သည်။ **(ဝ၆၂)**










# စောင့်ကြည့်ရမယ့် ချီလီအသင်းရဲ့ စွမ်းဆောင်မှု

မိုးမြင့်လင်းလက်



၂၀၁၅ ကိုပါအမေရိကဖလားဘောလုံးပြိုင်ပွဲကို ချီလီနိုင်ငံမှာ ဇွန် ၁၁ ရက်က စတင်ပြီးယှဉ်ပြိုင်ကစားတဲ့အခါ ပြိုင်ပွဲဝင်အသင်းတွေထဲမှာ တစ်ဦးချင်းစွမ်းဆောင်မှုမြင့်မားတဲ့ ကစားသမားတွေပါဝင်နေပြီး အသင်းလိုက်ကစားအားကောင်းတဲ့ ချီလီအသင်းဟာ ဒီပြိုင်ပွဲမှာ ကော်ကောင်ဖြစ်နိုင်တဲ့ အနေအထားရှိတာမို့ အနီးကပ်အကဲခတ်စောင့်ကြည့်ရမယ့်အသင်းဖြစ်ပါတယ်။

၂၀၁၅ ကိုပါအမေရိကဖလားဘောလုံးပြိုင်ပွဲကို အိမ်ရှင်အဖြစ် လက်ခံကျင်းပတဲ့ ချီလီအသင်းဟာ ဒီနှစ်ဗိုလ်စွဲဖို့ ရေပန်းစားမှုမှာ တတိယနေရာမှာ ရှိနေတဲ့အသင်းဖြစ်ပါတယ်။ အာဂျင်တီးနားနဲ့ ဘရာဇီးတို့ပြီးရင် တတိယမြောက်ရေပန်းအစားဆုံးဖြစ်ပါတယ်။ ချီလီအသင်းရဲ့ သမိုင်းမှတ်တမ်းကိုကြည့်ရင်တော့ တစ်ကြိမ်မျှ ကိုပါအမေရိကဖလားကို ရယူနိုင်ခဲ့ခြင်းတော့မရှိပါဘူး။

ဒါပေမယ့် ချီလီအသင်းဟာ ကိုပါအမေရိကဖလားပွဲကို ၁၉၅၅၊ ၁၉၅၆၊ ၁၉၇၉ နဲ့ ၁၉၈၇ ခုနှစ်တွေမှာ ဗိုလ်လုပွဲအထိ တက်ရောက်နိုင်ခဲ့ပြီး ဒုတိယတွေနဲ့သာ ကျေနပ်ခဲ့ရတဲ့ အသင်းဖြစ်ပါတယ်။ ဒ့ါအပြင် တတိယနေရာ ငါးကြိမ်ရရှိခဲ့ပြီး စတုတ္ထနေရာ ၁၀ ကြိမ်ရရှိခဲ့တာမို့ သမိုင်းမှတ်တမ်းကောင်းရှိခဲ့တဲ့ အစဉ်အလာတွေ ပိုင်ဆိုင်ထားပါတယ်။ ၁၉၈၇ ခုနှစ်က ကိုပါအမေရိကဖလားဗိုလ်လုပွဲမှာ ဥရုဂွေးကို တစ်ဂိုး-ဂိုးမရှိနဲ့သာ ကပ်ပြီး ရှုံးခဲ့တာမို့ ချီလီတို့ ခံစားချက်နက်ရှိုင်းခဲ့ပါတယ်။

ဒါကြောင့် ၂၀၁၅ ကိုပါအမေရိကဖလားဘောလုံးပြိုင်ပွဲမှာ အိမ်ရှင်အဖြစ် လက်ခံကျင်းပပြီး ဗိုလ်စွဲနိုင်တဲ့အထိ မျှော်မှန်းထားတဲ့အတွက် အသင်းကိုစုဖွဲ့တဲ့အခါ အာဂျင်တီးနားနိုင်ငံသား နည်းပြဆမ်ပါအိုလီဟာ ကစားသမားတွေကို စနစ်တကျပြင်ဆင်ရွေးချယ်ပြီး စုစည်းတည်ဆောက်ခဲ့ခြင်းဖြစ်ပါတယ်။

ဒီနှစ်ကိုပါအမေရိကဖလားပြိုင်ပွဲကို အုပ်စုခွဲတဲ့အခါ ကံကောင်းစွာပဲ အုပ်စု(A)မှာ မက္ကဆီကို၊ အီကွေဒေါ၊ ဘိုလီးဗီးယားတို့နဲ့အတူ ကျရောက်ခဲ့ပါတယ်။ ဒီအသင်းတွေမှာ ဘိုလီးဗီးယားအသင်းသာ တစ်ကြိမ်ဗိုလ်စွဲခဲ့ဖူးခဲ့ပြီး မက္ကဆီကိုနဲ့ အီကွေဒေါတို့က ဗိုလ်စွဲခဲ့တဲ့အသင်းတွေမဟုတ်ပါဘူး။ ဒါကြောင့် အိမ်ရှင်ချီလီတို့ အုပ်စုအဆင့်က တက်ရောက်နိုင်မယ့်အခွင့်အရေး သေချာလုနီးပါးရှိနေပါတယ်။

ချီလီအသင်းမှာ ဆန်းချက်ဇ်၊ ဗီဇာရို၊ ဗီဒယ်တို့လို ခြေစွမ်းထက်မြက်တဲ့ကစားသမားတွေ ပါဝင်နေတာမို့ ကစားအားတောင့်တင်းနေပါတယ်။ ဥရောပလိဂ်ပြိုင်ပွဲတွေမှာ ပါဝင်ကစားနေတဲ့ ဘောလုံးသမားအများအပြားကို စုဖွဲ့ထားတာမို့ ချီလီအသင်းဟာ လျှော့တွက်လို့မရတဲ့အသင်းဖြစ်နေပါတယ်။ အထူးသဖြင့် ဆန်းချက်ဇ်ဟာ ချီလီအသင်းအတွက် အဓိကအားထားရမယ့် ဘောလုံးသမားတစ်ဦးအဖြစ် စွမ်းဆောင်ပါလိမ့်မယ်။

ချီလီအသင်းဟာ ပြီးခဲ့တဲ့ ၂၀၁၄ ကမ္ဘာ့ဖလားပြိုင်ပွဲမှာ နယ်သာလန်နဲ့ စပိန်တို့လို အသင်းတွေကို ကျော်ဖြတ်နိုင်ခဲ့တာဟာ တော်ရုံအားထုတ်မှုနဲ့ စွမ်းဆောင်မှုမဟုတ်တာကြောင့် အခုအုပ်စုပွဲစဉ်မှာ ပြိုင်ဘက်အသင်းတွေဖြစ်တဲ့ မက္ကဆီကို၊ အီကွေဒေါ၊ ဘိုလီးဗီးယားတို့ကို ကျော်ဖြတ်နိုင်ဖို့ ကြိုးစားပါလိမ့်မယ်။

၂၀၁၅ ကိုပါအမေရိကဖလားကို ရယူနိုင်ဖို့ ပစ်မှတ်ထားနေတဲ့ ချီလီအသင်းဟာ တန်ပြန်တိုက်စစ်ကို ဦးစားပေးပြီး ခံစစ်လုံအောင်ပြင်ဆင်ကစားမှာမို့ ပြိုင်ဘက်အသင်းတွေ အလွယ်တကူ ဖြတ်ကျော်ဖို့တော့ မလွယ်တဲ့အသင်းဖြစ်ပါတယ်။ အသင်းခေါင်းဆောင် ဗရာဗိုဟာ တည်ငြိမ်စွာကစားတတ်ပြီး ကစားဖော်တွေစိတ်ဓာတ်မြှင့်တင်နိုင်သူဖြစ်တာမို့ အခုကိုပါအမေရိကဖလားပြိုင်ပွဲမှာ ချီလီဟာ စိတ်ဝင်စားစရာအကောင်းဆုံးအသင်းဖြစ်နေပါတယ်။

အုပ်စုချောင်နေတဲ့ အိမ်ရှင်ချီလီအသင်းဟာ နည်းပြဆမ်ပါအိုလီနဲ့အတူ အောင်ပွဲခံတေးသံတွေ ဘယ်လောက်အထိ ကျူးရင့်နိုင်မလဲဆိုတာ ကမ္ဘာတစ်ဝန်းက ပရိသတ်တွေအတွက်တော့ စောင့်ကြည့်ချင်စရာကောင်းနေတာ အမှန်ပါပဲ။ ။

# နယူးကာဆယ်နည်းပြဖြစ်လာဖွယ်ရှိနေတဲ့ မက္ကလာရင်



စတိဗ်မက္ကလာရင်ကို လာမယ့်သီတင်းပတ်မှာ နယူးကာဆယ်က နည်းပြခန့်အပ်တော့မယ်လို့ ဆိုပါတယ်။ မေလအတွင်း ဒါဘီက အလုပ်ဖြုတ်လိုက်တဲ့ မက္ကလာရင်ဟာ ဒီဇင်ဘာလအတွင်း နုတ်ထွက်ခဲ့တဲ့ အလန်ပါဒူးရဲ့နေရာမှာ ဆက်ခံမှာဖြစ်ပါတယ်။ အလန်ပါဒူးထွက်ခွာသွားပြီးတဲ့နောက် နယူးကာဆယ်ကို ဂွန်ကာဗာက ဝင်ရောက်ပြီး နည်းပြတာဝန်ယူခဲ့တာပါ။ ဂွန်ကာဗာအနေနဲ့ နယူးကာဆယ်နည်းပြဖြစ်ဖို့ ကြိုးစားနေတာပါ။ သို့ပေမယ့် မက္ကလာရင်ကို ခန့်အပ်မှာဖြစ်တဲ့အတွက် မှန်းချက်နဲ့လွဲချော်သွားခဲ့ပါတယ်။ အသက် ၅၀ အရွယ်ရှိတဲ့ ဂွန်ကာဗာအနေနဲ့ နယူးကာဆယ်အသင်းကို တန်းဆင်းဇုန်အတွင်းမှ လွတ်မြောက်အောင် အဓိကစွမ်းဆောင်ပေးခဲ့သူဖြစ်ပါတယ်။ နယူးကာဆယ်နည်းပြဖြစ်ဖို့ ကြိုးစားနေသူတွေထဲမှာ မန်စီးတီးကစားသမားဟောင်း ပက်ထရစ်ဗီအဲရာလည်း ပါဝင်ပါတယ်။ ဗီအဲရာကလည်း နယူးကာဆယ်နည်းပြဖြစ်ဖို့ ရေပန်းစားနေခဲ့တဲ့သူဖြစ်ပါတယ်။ သို့ပေမယ့် မက္ကလာရင်ကို နယူးကာဆယ်က ခန့်အပ်တော့မယ်လို့ သတင်းများကဆိုပါတယ်။




# စတာလင်းကို ခေါ်ယူဖွယ်ရှိနေတဲ့ ဘင်နီတက်ဇ်

ရီးရဲမက်ဒရစ်နည်းပြဖြစ်လာတဲ့ ဘင်နီတက်ဇ်အနေနဲ့ လီဗာပူးတိုက်စစ်မှူး စတာလင်းကို ယုံကြည်မှုအပြည့်အဝရှိကြောင်း ထုတ်ဖော်ပြောဆိုလိုက်ပါတယ်။ လီဗာပူးနည်းပြဟောင်း ဘင်နီတက်ဇ်ဟာ နာပိုလီနည်းပြအဖြစ် နှစ်နှစ်ကြာလုပ်ခဲ့ပြီးနောက် ဖလားတွေပိုမိုဆွတ်ခူးပေးနိုင်ဖို့ ရီးရဲက ဘင်နီတက်ဇ်ကို သုံးနှစ်စာချုပ် ချုပ်ဆိုလိုက်ပါတယ်။ အသက် ၂၀ အရွယ်ရှိတဲ့ အင်္ဂလန်တိုက်စစ်မှူး စတာလင်းနှင့်ပတ်သက်၍ မေးမြန်းရာမှာ သူက ယုံကြည်မှုအပြည့်အဝရှိနေတယ်လို့ ပြောဆိုလိုက်ခြင်းဖြစ်ပါတယ်။ စတာလင်းဟာ ကျွန်တော်တို့ ပစ်မှတ်ထားနေတဲ့ ကစားသမားတွေထဲက တစ်ဦးပါလို့ ဘင်နီတက်ဇ်က ဆိုပါတယ်။

စတာလင်းကတော့ လီဗာပူးရဲ့ တစ်ပတ်လျှင် ပေါင် ၁၀၀၀၀၀ နဲ့ ကမ်းလှမ်းချက်ကို ဧပြီလက ငြင်းဆိုထားခဲ့ပါတယ်။ သူ့အနေနဲ့ အန်ဖီးလ်က ထွက်ခွာချင်တယ်လို့ ဆိုပါတယ်။ မန်စီးတီးကလည်း ခေါ်ယူဖို့ အဆက်အသွယ်ပြုလုပ်ထားပါတယ်။ စတာလင်းဟာ လီဗာပူးမှ ထွက်ခွာဖို့ကြိုးစားတဲ့ အဓိကရည်ရွယ်ချက်ကတော့ ငွေအဓိကမဟုတ်ဘဲ ဖလားတွေဆွတ်ခူးနိုင်ဖို့ ဖြစ်တယ်လို့ဆိုပါတယ်။

ကောင်းမြတ်သူ ➤➤ စုစည်းသည်။

# ဖီဖာဥက္ကဋ္ဌနေရာ ဘယ်သူယူမလဲ




နုတ်ထွက်သွားသော ဥက္ကဋ္ဌဟောင်း ဆပ်ဘလတ္တာ။

ဖီဖာဥက္ကဋ္ဌ ဆပ်ဘလတ္တာဟာ ၁၇ နှစ်ကြာ တာဝန်ထမ်းဆောင်ခဲ့ပြီးတဲ့နောက် ပြန်လည်အရွေးခံရပေမယ့် လာဘ်စားမှုစွပ်စွဲချက်များကြောင့် ရာထူးမှ နုတ်ထွက်သွားခဲ့ပါပြီ။ အသက် ၇၉ နှစ်အရွယ်ရှိ ဆပ်ဘလတ္တာဟာ အင်္ဂါနေ့က ရာထူးမှ နုတ်ထွက်သွားခဲ့ပါတယ်။ သို့ပေမယ့် သူဟာ နောက်ရွေးချယ်တဲ့ ဥက္ကဋ္ဌမလာမီ တာဝန်တွေကိုပြီးဆုံးတဲ့အထိ ဆက်လက်တာဝန်ထမ်းဆောင်သွားမယ်လို့ ဆိုပါတယ်။ ဖီဖာဥက္ကဋ္ဌနေရာအတွက် ရေပန်းစားနေသူတွေကတော့ ယူအီးအက်ဖ်အေဥက္ကဋ္ဌ ပလာတီနီ၊ ဂျော်ဒန်အိမ်ရှေ့မင်းသားအလီဘင်အယ်လ်ဟူစိန်နဲ့ ဖီဖာဒုတိယဥက္ကဋ္ဌဟောင်း တောင်ကိုရီးယားနိုင်ငံသား ဂျုံမုံဂျွန်းတို့ပဲဖြစ်ပါတယ်။ အသက် ၅၉ နှစ်အရွယ်ရှိတဲ့ ပလာတီနီကတော့ ဖီဖာဥက္ကဋ္ဌဖြစ်ဖို့ ရေပန်းအစားဆုံးဖြစ်နေပါတယ်။ သူဟာ အတွေ့အကြုံအားဖြင့်လည်း အတော်များတဲ့သူဖြစ်ပါတယ်။ သူဟာ အကောင်းဆုံးဘောလုံးသမားဆုသုံးဆုလည်း ဆွတ်ခူးနိုင်ခဲ့သူဖြစ်ပါတယ်။ ဂျော်ဒန်အိမ်ရှေ့မင်းသားကတော့ ဆပ်ဘလတ္တာနဲ့ ယှဉ်ပြိုင်အရွေးခံရာမှာ ရှုံးနိမ့်သွားခဲ့သူဖြစ်ပါတယ်။ ဟွန်ဒိုင်းအကြီးစား စက်မှုလုပ်ငန်းပိုင်ရှင် အသက် ၆၁ နှစ်အရွယ်ရှိ ဂျုံမုံဂျွန်းကလည်း ဖီဖာဥက္ကဋ္ဌဖြစ်ဖို့စိတ်ဝင်စားနေတယ်လို့ ဆိုပါတယ်။

SKY NET
OFFICIAL BROADCASTER

FIFA U-20 WORLD CUP ပွဲစဉ်တိုင်းရဲ့
သွင်းဂိုးများ ပွဲပြီးသုံးသပ်ချက်များကို စုစည်းတင်ဆက်ထားတဲ့

# 2015 FIFA U-20 WORLD CUP NEW ZEALAND

HIGHLIGHT & REVIEW

| ပြသမည့်နေ့ရက် | ပြသမည့် အချိန်နှင့်ရုပ်သံလိုင်း | |
|---|---|---|
| 30.5.2015 | 7:30 PM | 9:00 PM |
| 31.5.2015 | 7:30 PM | 9:00 PM |
| 1.6.2015 | 7:30 PM | 9:00 PM |
| 2.6.2015 | 7:30 PM | 9:00 PM |
| 3.6.2015 | 7:30 PM | 9:00 PM |
| 4.6.2015 | 7:30 PM | 9:00 PM |
| 5.6.2015 | 7:30 PM | 9:00 PM |
| 6.6.2015 | 7:30 PM | 9:00 PM |
| 7.6.2015 | 7:30 PM | 9:00 PM |
| 10.6.2015 | 7:30 PM | 9:00 PM |
| 11.6.2015 | 7:30 PM | 9:00 PM |
| 14.6.2015 | 7:30 PM | 9:00 PM |
| 17.6.2015 | 7:30 PM | 9:00 PM |
| 20.6.2015 | 7:30 PM | 9:00 PM |

ဤအစီအစဉ်ကို စောင့်ကြည့်ပြီး MPTမှ ချီးမြှင့်မည့်ဆုလက်ဆောင်များ ရယူလိုက်ပါ။
(အစီအစဉ်တွင်ပါဝင်သူများကို MPT မှ လူဦးရေအတန်အသင့်ဖြင့် လက်ဆောင်များ ပေးအပ်သွားမည်ဖြစ်ပါသည်။)
အသေးစိတ် သိရှိလိုပါက https://facebook.com/skynetsports တွင်ဝင်ရောက်လေ့လာနိုင်ပါသည်။

ဤအစီအစဉ်ကို MPT မှ Main Sponsor အဖြစ် ကူညီပံ့ပိုးပေးထားပါသည်။



MPT
ရွှေသို့လှမ်းချီ မြန်မာပြည်

မြန်မာတို့ရဲ့ မျှော်လင့်ချက်
အိပ်မက်တိုင်းနဲ့ အတူရှိနေတဲ့ MPT


MPT
ရွှေသို့လှမ်းချီ မြန်မာပြည်
ဆွေသဟာ
ပရိုမိုးရှင်းအစီအစဉ်ကို
ထပ်မံတိုးမြှင့်လိုက်ပါပြီ
အလျှင်မြန်ဆုံး 3G အင်တာနက်ကို
အသင့်တင့်ဆုံးဈေးနှုန်းဖြင့် ရယူလိုက်ပါ။
အင်တာနက်သုံးစွဲခ
၅၀%
အထူးလျှော့ဈေး
~~1 MB လျှင် ၁၅ ကျပ်~~
1 MBလျှင်
၇ကျပ် ၅၀ပြား
ပျော်ရွှင်စရာ အထူးဈေးနှုန်းများကို ရယူနိုင်ဖို့ MPT ၏ ဆွေသဟာအစီအစဉ်ကို
ယခုပင် ဝင်ရောက်လိုက်ကြရအောင်!
ဆွေသဟာအစီအစဉ်ကိုရယူရန်
Prepaid သုံးစွဲသူများအတွက် SWE ဟုရိုက်၍ 1 3 3 2 သို့ SMS အခမဲ့ပေးပို့ပါ။
Postpaid သုံးစွဲသူများအတွက် POSTSWE ဟုရိုက်၍ 1 3 3 2 သို့ SMS အခမဲ့ပေးပို့ပါ။
• ဆွေသဟာဝန်ဆောင်မှုကို ရယူခြင်းမှာ အခမဲ့ဖြစ်ပါသည်။
• GSM နှင့် WCDMA အသုံးပြုသူများအတွက် ဖြစ်ပါသည်။
• အင်တာနက် 1MB လျှင် ၇ကျပ် ၅၀ပြား အထူးလျှော့ဈေးသုံးစွဲနိုင်သည့် ကာလကို ထပ်မံမကြေညာမီကာလအထိ တိုးမြှင့်လိုက်ပါသည်။
CALL CENTER 106
နေ့စဉ် (၂၄)နာရီလုံး အခမဲ့ ခေါ်ဆိုနိုင်ပါသည်။
ဝေါဟာရနှင့် သတ်မှတ်ချက်များအား အသေးစိတ်သိရှိလိုပါက
http://www.mpt.com.mm
https://facebook.com/mptofficialpage

# အွန်လိုင်းဈေးကွက်များမှ ရောင်းကုန်များပို့ဆောင်ရာတွင် ယာဉ်ကြောပိတ်ဆို့မှုက အခက်အခဲဖြစ်နေ

**ရန်ကုန် ဇွန် ၅**

ရန်ကုန်မြို့တွင် အွန်လိုင်းမှ ဈေးရောင်းချသည့် လုပ်ငန်းများ ပိုမိုတွင်ကျယ်လာချိန်တွင် ရောင်းချသည့် ကုန်ပစ္စည်းများကို ဝယ်သူထံ ပို့ဆောင်ရာ၌ ယာဉ်ကြောပိတ်ဆို့မှုသည်လည်း အခက်အခဲတစ်ခု ဖြစ်လာကြောင်း သိရသည်။

"အွန်လိုင်းကနေ ဈေးဝယ်လို့ရတဲ့စနစ်က အခုမှအရှိန်ရခါစဆိုတော့ အခက်အခဲ တော်တော်များများတော့ ရင်ဆိုင်ရပါတယ်။ ပို့ဆောင်ရေးမှာ ပြဿနာက Traffic ပေါ့"ဟု အွန်လိုင်းဈေးကွက်တစ်ခု ဖြစ်သည့် kaymu.com.mm ၏ ပို့ဆောင်ဆက်သွယ်ရေးတာဝန်ခံဖြစ်သည့် Saturday Sunday Delivery Service မှ ကိုဝင်းကိုကိုအောင်က ပြောသည်။

ယာဉ်ကြောပိတ်ဆို့မှုကြောင့် ရောင်းချသည့်ကုန်ပစ္စည်းများကို ပို့ဆောင်ရာတွင် အချိန်ကြန့်ကြာမှုများကြုံတွေ့ရပြီး ကုန်ကျစရိတ်လည်း ပိုကြောင်းနှင့် ယာဉ်ကြောပိတ်ဆို့မှုများ လျော့ကျပါက ပို့ဆောင်ခကိုလည်း ပို၍သက်သာသောနှုန်းများဖြင့် ဝန်ဆောင်ပေးနိုင်မည်ဖြစ်ကြောင်း အွန်လိုင်းမှ ဈေးရောင်းသူများထံမှ သိရသည်။

အခမဲ့ကြော်ငြာဝက်ဘ်ဆိုက်တစ်ခု ဖြစ်သည့် Ads.com.mm မှ Mr. Elijah Htang ကလည်း "Delivery ပြဿနာကတော့ ဒီမှာတင်မဟုတ်ဘဲ တိုးတက်ပြီး နိုင်ငံကြီးတွေမှာလည်း ဖြစ်နေတာပါ။ ဝန်ဆောင်မှုစရိတ်ကို သက်သက်သာသာလေး လုပ်ပေးနိုင်ရင်တော့ ကျွန်တော်တို့အွန်လိုင်းဈေးကွက်စီးပွားရေးက ပိုပြီးအောင်မြင်နိုင်ပါတယ်။ Traffic တွေ မရှိတဲ့အချိန်မှာ အွန်လိုင်းစီးပွားရေးလုပ်ကိုင်တဲ့လူတွေအားလုံးက ပို့ဆောင်မှုအတွက် ဝန်ဆောင်ခကို ဈေးအသက်သာဆုံးအနေနဲ့ လုပ်ဆောင်ပေးနိုင်မှာပါ"ဟု ပြောသည်။

အွန်လိုင်းရှော့ပင်များအနေဖြင့် ပို့ဆောင်ခကုန်ကျစရိတ်များခြင်းအပြင် ပို့ဆောင်မှုမှားယွင်းခြင်း၊ ပစ္စည်းပို့ဆောင်ရန် ခက်ခဲသောနေရာများရှိနေခြင်း၊ အင်တာနက်မှ ကြော်ငြာရာတွင် အင်တာနက်လိုင်းနှေးခြင်းစသည့် အခက်အခဲများလည်း ရှိနေကြောင်း သိရသည်။

**သူရဖြိုး**

# ဟွာဝေး၏နောက်ဆုံးထွက်ဖုန်း P8 ဈေးကွက်ထဲ မကြာမီရောက်မည်

**ရန်ကုန် ဇွန် ၅**

ကမ္ဘာ့ဈေးကွက်ကို မေလဆန်းတွင် စတင်မိတ်ဆက်ခဲ့သည့် ဟွာဝေး၏ နောက်ဆုံးထွက်မော်ဒယ်မြင့်ဖုန်းဖြစ်သော P8 သည် မြန်မာဈေးကွက်သို့ မကြာမီရောက်ရှိလာတော့မည်ဖြစ်ပြီး ကြိုတင်မှာယူမှုများကိုလည်း ဟွာဝေးအရောင်းပြခန်းများတွင် စတင်လက်ခံနေပြီဖြစ်ကြောင်း သိရသည်။

မေလကုန်ပိုင်းမှစ၍ ဝယ်ယူရန်ကြိုတင်စာရင်းပေးနေမှုများကို လက်ခံနေသော်လည်း ဈေးနှုန်းနှင့် ရောက်မည့်ရက်များကို အတိအကျ မသိရသေးကြောင်း၊ ကြိုတင်စာရင်းပေးသူများအနေဖြင့် ဝယ်ယူချိန်တွင် ဆယ်လ်ဖီစတစ်တစ်ခုစီ လက်ဆောင်ရရှိမည်ဖြစ်ကြောင်း ကျောက်မြောင်းဟွာဝေးအရောင်းပြခန်းမှ သိရသည်။

P8 ဖုန်းသစ်သည် ဟွာဝေး၏ တန်ဖိုးမြင့်ဖုန်းမော်ဒယ်ဖြစ်သည့် P series မှဖြစ်ကာ ပြည်တွင်းဈေးကွက်တွင် လူကြိုက်များသည့် မော်ဒယ်တစ်ခုလည်းဖြစ်သည်။ မျက်နှာပြင်အကျယ် ၅ဒသမ ၂ လက်မရှိပြီး 1080x1920 pixel ရရှိမည်ဖြစ်သဖြင့် မြင်ကွင်းကို ကြည်လင်ပြတ်သားစွာ သုံးနိုင်မည်ဖြစ်ကာ Multitouch စနစ်ကိုလည်း သုံးနိုင်သည်။ ကင်မရာအနေဖြင့် ၁၃ မဂ္ဂါပစ်ဇယ်ရှိ နောက်ကင်မရာနှင့် ၈ မဂ္ဂါပစ်ဇယ်ရှိ ရှေ့ကင်မရာ ပါဝင်သည်။ အထူမှာလည်း ၆ ဒသမ ၄ မီလီမီတာသာရှိသဖြင့် ယခင်ထွက်ခဲ့သော P6 ထက်ပိုပါးကာ နောက်ဆုံးထွက် iphone 6 နှင့် ဆမ်ဆောင်း၏ Galaxy S6 တို့ထက်လည်း ပိုပါးသည်။

အန်းဒရွိုက်ဗားရှင်း 5.0.2 Lollipop ကိုအသုံးပြုထားပြီး မင်မိုရီမှာ 16 Gb နှင့် 64 Gb နှစ်မျိုးရှိကာ 128 Gb အထိ ထပ်တိုးနိုင်ပြီး Ram 3Gb ရှိ သဖြင့် မည်သည့် Application နှင့် ဂိမ်းများကိုမဆို လျင်မြန်စွာသုံးနိုင်မည်ဖြစ်သည်။ GSM ဖုန်းအမျိုးအစားဖြစ်ပြီး ဆင်းကတ်နှစ်ကတ် ထည့်သွင်းအသုံးပြုနိုင်ကာ အင်တာနက်ကို 4G နက်ဝပ်အထိ သုံးနိုင်သည်။ မင်မိုရီ 16 Gb အတွက် အရောင်နှစ်မျိုးနှင့် 64 Gb အတွက် အရောင်နှစ်မျိုး စုစုပေါင်းအရောင်လေးမျိုးဖြင့် ထွက်ထားကြောင်း သိရသည်။

**သူရဖြိုး**



# U-20 ဘောလုံးအသင်း၏ နောက်ဆုံးရသတင်းများကို SMS ပို့ပေးမည့်ဝန်ဆောင်မှု အော်ရီဒူးစတင်

**ရန်ကုန် ဇွန် ၅**

နယူးဇီလန်နိုင်ငံတွင် ကျင်းပနေသည့် အသက် ၂၀ အောက် ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲသို့ သွားရောက်ယှဉ်ပြိုင်နေသော မြန်မာလူငယ်အသင်းနှင့် ပတ်သက်သည့် နောက်ဆုံးရ သတင်းများကို ဖုန်းထဲသို့ SMS ဖြင့် ပေးပို့ပေးမည့် U20 Football News ဝန်ဆောင်မှုသစ်ကို အော်ရီဒူးမှ ဇွန် ၃ ရက်တွင် စတင်ပြုလုပ်ထားကြောင်း သိရသည်။

မြန်မာ U-20 အသင်းနှင့်ပတ်သက်၍ မဖြုံမသတင်းဌာနမှရရှိသော နောက်ဆုံးရ ဘောလုံးသတင်းအသစ်များကို မက်ဆေ့ချ်ပို့ပေးမည်ဖြစ်ပြီး မြန်မာဘာသာနှင့် အင်္ဂလိပ်ဘာသာဖြင့် ကြိုက်နှစ်သက်ရာဝန်ဆောင်မှုကို ရွေးချယ်နိုင်မည်ဖြစ်သည်။ မြန်မာဘာသာဖြင့် ရယူလိုပါက *404*28# သို့ ဖုန်းခေါ်ဆိုခြင်းသို့မဟုတ် ဖုန်းနံပါတ် ၄၅၄၅ ကို ON MU-20 ဟု SMS ပေးပို့ရယူနိုင်ပြီး ပန်လည်ပယ်ဖျက်လိုပါက OFF MU-20 ဟု ၄၅၄၅ သို့ SMS ပေးပို့ရမည်ဖြစ်သည်။ အင်္ဂလိပ်ဘာသာဖြင့် ရယူလိုပါက *404*76# သို့ဖုန်းခေါ်ဆိုခြင်းသို့မဟုတ် ဖုန်းနံပါတ် ၄၅၄၅ သို့ ON U-20 ဟု SMS ပေးပို့ခြင်းဖြင့် ရယူနိုင်ပြီး ပြန်လည်ပယ်ဖျက်လိုပါက OFF U-20 ဟု ပို့ရမည်ဖြစ်သည်။ ဝန်ဆောင်မှုကို စတင်စာရင်းသွင်းချိန်တွင် ဝန်ဆောင်ခ ကျပ် ၈၉၀ ကျသင့်မည်ဖြစ်ကြောင်း သိရသည်။

ယင်းဝန်ဆောင်မှုမှာ အခြား SMS ဝန်ဆောင်မှုများကဲ့သို့ လစဉ်အလိုအလျောက်သက်တမ်းတိုးခြင်းမဟုတ်ဘဲ ဘောလုံးပွဲစတင်ချိန်မှ ပြိုင်ပွဲပြီးဆုံးမည့် ဇွန် ၂၀ ရက်အထိသာ အကျုံးဝင်မည်ဖြစ်သည်။ ဝန်ဆောင်မှုရယူထားခြင်းကို ဇွန် ၂၀ ရက်မတိုင်မီ ပယ်ဖျက်မိပါက ပြန်လည်ရယူလိုသည့်အခါတွင် စာရင်းသွင်းခ ကျပ် ၈၉၀ ထပ်မံကျသင့်မည်ဖြစ်သည်။ ဝန်ဆောင်မှုစတင်ရယူရန်အတွက် ပေးပို့ရမည့် စာတိုပေးပို့ခကို ကောက်ခံခြင်းမရှိဘဲ ရယူသောဝန်ဆောင်မှုအတွက် ကျပ် ၈၉၀ သာ ကျသင့်မည်ဖြစ်ကြောင်း သိရသည်။

**သွန်းဝသန်**

# ကွန်ပျူတာပညာရပ်ဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ ကျင်းပမည်

**ရန်ကုန် ဇွန် ၅**

သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ရန်ကုန်တိုင်းဒေသကြီး ကွန်ပျူတာပညာရှင်အသင်းက ကြီးမှူး၍ အလုပ်ရုံဆွေးနွေးပွဲကို ဇွန် ၆ ရက် မွန်းလွဲ ၂ နာရီမှ ၅ နာရီအထိ လှိုင်မြို့နယ် MICT Park အခန်း(၂၀၅)၌ ကျင်းပမည်ဖြစ်ပြီး စိတ်ပါဝင်စားသူများ အခမဲ့တက်ရောက်နိုင်ကြောင်း သိရသည်။ အလုပ်ရုံဆွေးနွေးပွဲတွင် အမေရိကန်နိုင်ငံမှ ERP စနစ်များအကြောင်း ကျွမ်းကျင်ပညာရှင်ဖြစ်သူ ဦးကျော်စွာက How to write the business specification and technical specification relative to ERP system ခေါင်းစဉ်ဖြင့် ဆွေးနွေးပြောကြားမည်ဖြစ်ကြောင်း သိရသည်။

**သူရဖြိုး**

# အွန်လိုင်းအခြေခံသည့် ဝန်ဆောင်မှုများကောင်းမွန်ရေး အလုပ်ရုံဆွေးနွေးမည်

အင်တာနက်ကို အခြေခံ၍ ဝန်ဆောင်မှုပေးနေသည့် အွန်လိုင်းအခြေခံစီးပွားရေးလုပ်ငန်းများ ဝန်ဆောင်မှုကောင်းများ ပို၍ပေးအပ်နိုင်ရန်အတွက် Brain storming Workshop အလုပ်ရုံဆွေးနွေးပွဲကို Yangon Heartz Media and Business Solution က စီစဉ်၍ MICT Park အခန်း(၂၀၅)၌ ဇွန် ၇ ရက် နံနက် ၉ နာရီခွဲမှ ညနေ ၄ နာရီအထိ ကျင်းပသွားမည်ဖြစ်ကာ အွန်လိုင်းအခြေခံဝန်ဆောင်မှုလုပ်ငန်းများ၊ ဘဏ်များနှင့် အွန်လိုင်းငွေချေစနစ် အကောင်အထည်ဖော်နေသော နည်းပညာရှင်များက အွန်လိုင်းအခြေခံဝန်ဆောင်မှုဆိုင်ရာ အခက်အခဲများနှင့် ပိုကောင်းမွန်အောင် ဆောင်ရွက်ရန် နည်းလမ်းများကို ပူးပေါင်းဆွေးနွေးသွားကြမည်ဖြစ်ကြောင်း သိရသည်။

**သူရဖြိုး**

STUDY OVERSEAS & CAREER FAIR 2015
နိုင်ငံတကာပညာရေးနှင့် အလုပ်အကိုင်အခွင့်အလမ်းဆိုင်ရာပြပွဲ
Organized by: RVi INSTITUTE
Developing Management & Education Excellence
12th June 2015 | 12:00 NN to 4:00 PM | MCTA: RVi Academy Mandalay | 14th June 2015 | 10:00 am to 4:00 pm | Novotel Hotel Yangon
For registration, please call: 01-230 5998, 536 260, 09-252 483 600 | 02-733 25, 733 26, 09-201 1406



# ချင်းတွင်းမြစ်ကူး ချင်းတွင်းတံတားကြီး အမြန်ပြီးစီးရေးအရှိန်အဟုန်ဖြင့်တည်ဆောက်



**ကလေးဝ ဇွန် ၅**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးခရိုင် ကလေးဝမြို့နယ် မုံရွာ-ရေဦး-ကလေးဝ- ကလေးလမ်း မိုင်တိုင်အမှတ် ၁၀၅ /၄ ရှိ ချင်းတွင်းမြစ်ကူးချင်းတွင်းတံတား (ကလေးဝ)ကို ၂၀၁၄ ခုနှစ် အောက်တိုဘာ ၄ ရက်က စတင်ပြီး အမြန်ပြီးစီးနိုင်ရေး အရှိန်အဟုန်ဖြင့် တည်ဆောက်ခဲ့ရာ ယခုအချိန်တွင် ၄၀ ရာခိုင်နှုန်းပြီးစီးပြီဖြစ်ကြောင်း သိရသည်။

အဆိုပါ တံတားကြီး တည်ဆောက်ရန် ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်မှ ရရှိရန်ပုံငွေကျပ်သန်း ၉၂၀ နှင့် ၂၀၁၅ -၂၀၁၆ ဘဏ္ဍာရေးနှစ်မှ ရရှိရန်ပုံငွေ ကျပ်သန်း ၁၀၀၀၀ ဖြစ်ပြီး ပင်မတံတားကြီး တည်ဆောက်ရေးလုပ်ငန်းကို ဆောက်လုပ်ရေးဝန်ကြီးဌာန၊ တံတားဦးစီးဌာန၊ တံတားအထူးအဖွဲ့ (၂)က တာဝန်ယူ၍ တံတားစီမံကိန်း ခန့်မှန်းတန်ဖိုးမှာ ငွေကျပ်သန်း ၂၀၅၅၄ ကုန်ကျမည်ဖြစ်ပြီး ၂၀၁၆ ခုနှစ်မတ်လတွင် လုပ်ငန်းအားလုံး ပြီးစီးနိုင်မည်ဖြစ်ကြောင်း သိရသည်။

ချင်းတွင်းတံတား (ကလေးဝ)၏ တံတားအမျိုးအစားမှာ သံကူကွန်ကရစ် ဘိုးပိုင်အုတ်မြစ်၊ သံကူကွန်ကရစ်ကမ်းကပ်ခုံနှင့် ကိုယ်ထည်၊ အပေါ်ထည်မှာ သံမဏိသံပေါင်အမျိုးအစားဖြစ်ကာ တံတားအရှည် ၈၅၄ ဒသမ ၈၈ မီတာနှင့် အကျယ် ၁၀ ဒသမ ၂ မီတာ၊ တံတားကင်းလွတ်အမြင့် ၁၂ မီတာနှင့် ကင်းလွတ်အကျယ် ၁၀၅မီတာ၊ တံတားခံနိုင်ဝန် ၇၅ တန် ဖြစ်သည်။

ယင်းတံတား၏ M1 ၊ M2 ၊ M3 Shaft လုပ်ငန်းဆောင်ရွက် ပြီးစီးမှုကို စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ်၏ လမ်းညွှန်မှုဖြင့် ကလေးခရိုင်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးမောင်ထူးသည် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးကျော်စိုးဝင်း၊ မြို့နယ်စီမံခန့်ခွဲမှု ကော်မတီဥက္ကဋ္ဌ ဦးတင့်နိုင်နှင့် တံတားအထူးအဖွဲ့ (၂) မှ တာဝန်ရှိသူတို့နှင့်အတူ ဇွန် ၂ ရက် နံနက်ပိုင်းတွင် ကွင်းဆင်းကြည့်ရှုခဲ့သည်။

နိုင်ငံတော်က ယခုကဲ့သို့ ချင်းတွင်းတံတား(ကလေးဝ) တံတားကြီး တည်ဆောက်ပေးခြင်းကြောင့် ဆောက်လုပ်ပြီးစီးပါက တိုင်းဒေသကြီးအထက်ပိုင်းနှင့် ချင်းပြည်နယ်(မြောက်ပိုင်း)ရှိ ပြည်သူများအတွက် များစွာအကျိုးပြုမည်ဖြစ်ပြီး မြန်မာနိုင်ငံအလယ်ပိုင်းမြို့ကြီးများဖြစ်သည့် မန္တလေး၊ မုံရွာမြို့ကြီးများနှင့် ဆက်သွယ်သွားလာနိုင်မည်ဖြစ်ကာ အိန္ဒိယနယ်စပ် တမူးမြို့မှတစ်ဆင့် နယ်စပ်ကုန်သွယ်ရေးများလည်း ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း သိရသည်။

**ဂျူနိုင်း**

## အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်ကျင်းပ

**ကော့ကရိတ် ဇွန် ၅**

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ကော့ကရိတ်ခရိုင်နှင့် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့တို့ ပူးပေါင်း၍ အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါး တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်ဟောပြောပွဲ၊ နံရံကပ်စာစောင်၊ ဓာတ်ပုံပြပွဲကို ဇွန် ၃ ရက်က ကော့ကရိတ်မြို့နယ် အထက(၁) သီရိရတနာခန်းမ၌ ကျင်းပခဲ့သည်။

အဆိုပါ အခမ်းအနားတွင် မြန်မာနိုင်ငံရဲတပ်ဖွဲ့ ကော့ကရိတ်ခရိုင် ရဲတပ်ဖွဲ့မှ ဒုတိယရဲမှူးကြီး ခင်မောင်စိုး၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကိုကိုတို့က မူးယစ်ဆေးဝါးနှင့်ပတ်သက်သည့်အကြောင်းအရာများကို ဟောပြောဆွေးနွေးကြသည်။

အခမ်းအနားသို့ စုစုပေါင်း ၅၀၀ ကျော်တက်ရောက်ပြီး နံရံကပ်စာစောင်နှင့် ဓာတ်ပုံများကြည့်ရှုခဲ့ကြောင်း သိရသည်။

**စိုးထက်အောင်**

## မိုးရာသီစိုက်ပျိုးစရိတ်ချေးငွေများ စတင်ထုတ်ချေး

**အထက်မင်းလှ ဇွန် ၅**

မကွေးတိုင်းဒေသကြီး သရက်ခရိုင် မင်းလှမြို့နယ် မြန်မာ့လယ်ယာဖွံ့ဖြိုးရေး ဘဏ်ခွဲမှ ၂၀၁၅ မိုးရာသီစိုက်ပျိုးစရိတ်ချေးငွေများ ထုတ်ချေးလျက်ရှိကြောင်း သိရသည်။

အဆိုပါချေးငွေများကို စပါးတစ်ဧကလျှင် ငွေကျပ် တစ်သိန်းနှင့် အခြားသီးနှံတစ်ဧကလျှင် ငွေကျပ်နှစ်သောင်းနှုန်းဖြင့် ထုတ်ချေးပေးမည်ဖြစ်ရာ ချေးငွေအပေါ် အတိုးနှုန်းမှာ တစ်နှစ်လျှင် ငါးရာခိုင်နှုန်းဖြစ်ပြီး ငွေကျပ် ၁၀၀ အပေါ် တစ်လလျှင် ၄၂ ပြားသာကျသင့်မည်ဖြစ်ကြောင်းနှင့် လုပ်ကွက်ငယ်တောင်သူများဖြစ်သည့် ၁၀ ဧကနှင့်အောက် တောင်သူများကိုသာ လယ်ယာမြေလုပ်ပိုင်ခွင့်လက်မှတ်ပုံစံ (၇)အရ ထုတ်ချေးပေးမည်ဖြစ်ကြောင်း သိရသည်။

မေ ၂၈ ရက်ထိ ကျေးရွာအုပ်စုနှစ်အုပ်စု တောင်သူ ၂၃ ဦးကို ချေးငွေပေါင်း ငွေကျပ်သိန်း ၄၅ ဒသမ ၂၀ ကို ထုတ်ချေးပြီးစီးကြောင်းနှင့် မင်းလှမြို့နယ်အနေဖြင့် ၂၀၁၅ မိုးရာသီစိုက်ပျိုးစရိတ်ချေးငွေကို ကျေးရွာအုပ်စု ၃၉ အုပ်စု တောင်သူ ဦးရေ ၃၂၀၀ တို့ကို ချေးငွေကျပ်ပေါင်း သိန်း ၆၅၀၀ ထုတ်ချေးရန် လျာထားကြောင်း သိရသည်။

**ကိုသက်(အထက်မင်းလှ)**



စင်ကာပူနိုင်ငံတွင် ကျင်းပမည့် (၂၈)ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲတွင်ပါဝင်ယှဉ်ပြိုင်ရန် မြန်မာနိုင်ငံ ဟော်ကီအဖွဲ့ချုပ် အမျိုးသားလက်ရွေးစင်အသင်းသည် ဇွန် ၃ ရက်က အောင်နိုင်ရေးနှင့် အဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးထင်ဇော်ဝင်း၊ အထွေထွေအတွင်းရေးမှူး ဦးခင်မောင်လတ် ဦးဆောင်မှုဖြင့် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ ထွက်ခွာ သွားရာ မထွက်ခွာမီ လိုက်လံပို့ဆောင်ကြသည့် အမှုဆောင်များ၊ မိသားစုများနှင့်အတူ တွေ့ရစဉ်။

သန်းဆွေ(ပန်းဘဲတန်း)


### ဖခင်အမည်မှန်

ဘားအံမြို့၊ အထက(၄)မှ ပဉ္စမတန်းကျောင်းသား စောအောင်သိန်းဇော်၏ ဖခင်အမည်မှန်မှာ ဦးယာသောက် ဖြစ်ပါကြောင်း။

**ဦးယာသောက် ၃/လဘန(နိုင်)၀၈၃၁၉၈**

### ဖခင်အမည်မှန်

ပျော်ဘွယ်မြို့နယ်၊ နတ်စုံးမှော်ကျေးရွာ အလက(ခွဲ)မှ သတ္တမတန်းအောင် မောင်အောင်ဇေယျာ၏ ဖခင်အမည်မှန်မှာ ဦးတင်သိန်း ၉/ပဘန(နိုင်)၀၂၅၃၉၂ ဖြစ်ပါသည်။

**ဖခင်-ဦးတင်သိန်း**

### ဖခင်အမည်မှန်

မြန်အောင်မြို့နယ်၊ အထက(ခွဲ) ထိန်သေးကြီး တက္ကသိုလ်ဝင်တန်းမှ မဖူးမြတ်သွယ်၏ ဖခင်အမည်မှန်မှာ ဦးညွန့်ဝင်း ၁၄/မအန(နိုင်)၁၆၁၂၈၄ ဖြစ်ပါသည်။

**ဦးညွန့်ဝင်း ၁၄/မအန(နိုင်)၁၆၁၂၈၄**

### အမည်ပြောင်း

ဦးစိုင်းနေဝန်း၏သမီး ဒဂုံအရှေ့မြို့နယ် အမှတ်(၆) အခြေခံပညာမူလတန်းလွန်ကျောင်း တတိယတန်း(ခ)မှ နန်းငင်းဟွမ်ဝမ်းအား ယနေ့မှစ၍ နန်းချစ်မျက်ဝန်းဟု ပြောင်းလဲခေါ်ပါရန်။

### အမည်ပြောင်း

တောင်ကြီးမြို့၊ ညောင်ဖြူစခန်းရပ်ကွက်၊ ရွက်လှလမ်း၊ နယ်မြေ(၈)နေ မောင်မိုးရံမင်းအား ယနေ့မှစ၍ မောင်မိုးယံမင်းဟု ပြောင်းလဲခေါ်ပါရန်။

**မောင်မိုးယံမင်း**

### အမည်ပြောင်း

ပင်းတယမြို့၊ မိုင်းအင်ကျေးရွာ အထက (၅) ဆဋ္ဌမတန်းမှ မဇင်မာထက်အား ယနေ့မှစ၍ မဖြူလွဲလွဲဦးဟု ပြောင်းလဲခေါ်ပါရန်။

**မဖြူလွဲလွဲဦး**

မြန်မာနိုင်ငံ၏အောင်မြင်မှုအရှိဆုံး ပုဂ္ဂလိကတက္ကသိုလ်

**Victoria University College**

'တက္ကသိုလ်ဝင်စာမေးပွဲအောင်ကျောင်းသား၊ ကျောင်းသူများအားလှိုက်လှဲစွာကြိုဆိုပါသည်'

- **Engineering**
- **Business**
- **Computer Science**
- **Medical Study (HND to MBBS)**

အထက်ဖော်ပြပါဘာသာရပ်များအနက် မိမိစိတ်အားထက်သန်ဆုံးဘာသာရပ်ကိုရွေးချယ်လျှောက်ထားနိုင်ပါပြီ။

တက္ကသိုလ်ဝင်အမှတ်စာရင်းမလိုပါ။ ဝါသနာနှင့်ကြိုးစားအားထုတ်ရန်သာလိုပါသည်။

ကျောင်းသားရေးရာဌာန –

အမှတ် (၁၆၆)၊ အထက်ပန်းဆိုးတန်းလမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။

ဖုန်း – ၀၁ ၃၈၃၁၃၂၊ ၃၈၃၁၃၃၊ ၅၄၁၃၈၉၊ ၅၄၁၅၅၀၊ ၅၄၉၅၁၅၊ ၅၅၆၃၈၉၊ ၀၉၂၅၉၂၇၁၀၉၄၊ ၀၉၂၆၃၀၃၆၀၄၄၊ ၀၉၂၅၄၅၇၄၇၃၈။

### အမည်ပြောင်း

ဦးအောင်နိုင်ဦး ၇/ပမန(နိုင်)၁၅၄၈၆၅ ၏သား ပင်လုံမြို့၊ အထက (၂) သတ္တမတန်း(C)မှ မောင်ဟိန်းသူရအောင်အား ယနေ့မှစ၍ မောင်ဟိန်းသူရဟု ပြောင်းလဲခေါ်ပါရန်။

**မောင်ဟိန်းသူရ**

### ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 3H/2310 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွပျောက် နံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း)**

### ဖခင်အမည်မှန်

လဲချားအထက တတိယတန်းမှ မနန်းခမ်းကွမ်နွံ၏ ဖခင်အမည်မှန်မှာ ဦးအိုက်ထွမ်း ၁၃/လခန(နိုင်)၀၂၆၁၉၄ ဖြစ်ပါကြောင်း။

**ဦးအိုက်ထွမ်း**

### ဖခင်အမည်မှန်

အေးသာယာမြို့၊ အထက(၂) နဝမတန်း(ခ)မှ နန်းလောင်း၏ဖခင်အမည်မှန်မှာ ဦးသောင်း ၁၃/တကန(နိုင်)၀၉၀၆၀၂ ဖြစ်ပါကြောင်း။

**ဦးသောင်း**

### ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 2C/7302 MITSUBISHI Mp 717 K,Bus (4× 2)R ယာဉ်လက်ဝယ်ရှိသူ U WIN KHINE ၁၂/မဘန(နိုင်)၀၄၈၀၁၅၈ (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တိုင်းဒေသကြီးရုံးခွဲ(ရွာသာကြီး)၊ ရန်ကုန်မြို့**

## ပြန်ကြားရေးဝန်ကြီးဌာန
## မြန်မာ့အသံနှင့် ရုပ်မြင်သံကြား
## ရေကူး(မရမ်းကုန်းမြို့နယ်)ရုပ်သံထပ်ဆင့်လွှင့်စက်ရုံ ပေ(၁၀၀×၄၈)အမိုးပြန်လည်ပြင်ဆင်ပြုပြင်ခြင်းလုပ်ငန်းအတွက်
# အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ၂၀၁၅-၂၀၁၆ဘဏ္ဍာရေးနှစ်တွင် ပြန်ကြားရေးဝန်ကြီးဌာန၊ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၊ ရေကူး(မရမ်းကုန်းမြို့နယ်)ရုပ်သံထပ်ဆင့်လွှင့်စက်ရုံ ပေ(၁၀၀×၄၈)အမိုးပြန်လည်ပြင်ဆင်ပြုပြင်ခြင်းလုပ်ငန်းအတွက် အိတ်ဖွင့်တင်ဒါများ တင်သွင်းကြရန် ဖိတ်ခေါ်ပါသည်-

(က) (၁၀၀'-၀"×၄၈'-၀")R.C.C နှစ်ထပ်အဆောက်အအုံ၏ အမိုးမိုးခြင်းလုပ်ငန်း

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို ၁-၆-၂၀၁၅ရက်မှ စတင်၍ နံနက် ၉း၃၀နာရီမှ ညနေ ၁၆း၃၀နာရီအတွင်း မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၊ နေပြည်တော်(တပ်ကုန်း)တွင် လာရောက်ထုတ်ယူနိုင်ပါသည်။

၃။ တင်ဒါတင်သွင်းသူသည် အောက်ဖော်ပြပါ စာရွက်စာတမ်း၊ အထောက်အထားများနှင့်အတူ အိတ်ဖွင့်တင်ဒါများကို ၂၂-၆-၂၀၁၅ရက် နံနက် ၉း၃၀နာရီမှ ညနေ ၁၆း၃၀ နာရီအတွင်း မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၊ နေပြည်တော်(တပ်ကုန်း)ရှိ တင်ဒါအဖွဲ့ဝင်များရှေ့မှောက်တွင် လာရောက်ပေးသွင်းရန်ဖြစ်ပါသည်။ သတ်မှတ်အချိန်ကာလထက်ကျော်လွန်သော တင်ဒါများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ-

(က) Detail,Measurement BQ ကုန်ကျစရိတ်အသုံးပြုတန်ဖိုး
(ခ) ကုမ္ပဏီ၏ငွေကြေးအခြေအနေ၊ ရင်းနှီးမြှုပ်နှံမှုပမာဏအထောက်အထားများ
(ဂ) ကုမ္ပဏီမှတ်ပုံတင်မိတ္တူနှင့် ကုမ္ပဏီ Profile
(ဃ) ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၏ကန်ထရိုက်လိုင်စင်မိတ္တူ

၄။ အိတ်ဖွင့်တင်ဒါပုံ စည်းကမ်းချက်များ၊ ဗီသုကာပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် စုံစမ်းထုတ်ယူနိုင်ပါသည်။

**တည်ဆောက်ရေးလုပ်ငန်းကြီးကြပ်ရေးကော်မတီ**
**ပြန်ကြားရေးဝန်ကြီးဌာန**
**မြန်မာ့အသံနှင့် ရုပ်မြင်သံကြား**
**နေပြည်တော်(တပ်ကုန်း)**
**ဖုန်း-၀၆၇-၇၉၁၃၅၊ ၀၆၇-၇၉၄၁၁၊ ၀၆၇-၇၉၃၇၇**

# တင်ဒါခေါ်ယူခြင်း

၁။ စက်မှုဝန်ကြီးဌာန၊ အမှတ်(၂)အကြီးစားစက်မှုလုပ်ငန်းကြီးကြပ်မှုအောက်ရှိ အမှတ်(၂၄) အကြီးစားစက်ရုံ (ဒဂုံ)လက်အောက်ခံ ဘက်ထရီအလုပ်ရုံ (ထုံးဘို)၏ စက်လိုင်းများရှိ အောက်ပါစက်ပစ္စည်းကိရိယာများ စစ်ဆေးပြုပြင်ပြီး လိုအပ်သည်များကို လဲလှယ်တပ်ဆင်လိုပါသည်-

| စဉ် | အမျိုးအစား | အရေအတွက် | တင်ဒါအမှတ် |
|---|---|---|---|
| (က) | Heater Thermocouple နှင့် Acid Tank များလဲလှယ်တပ်ဆင်ခြင်း | 1 Lot | 05/HIE(2)/HI(24)/ တပ်ဆင်/2015-2016 |

၂။ တင်ဒါပုံစံနှင့်စည်းကမ်းချက်များကို ၈-၆-၂၀၁၅ ရက်မှ ၁၈-၆-၂၀၁၅ ရက်အတွင်း အောက်ပါလိပ်စာတွင် ရုံးချိန်အတွင်း လာရောက်ဝယ်ယူတင်သွင်းနိုင်ပါသည်-

**စီမံရေးဌာန၊ အမှတ်(၂)အကြီးစားစက်မှုလုပ်ငန်း၊ ရုံးအမှတ်(၄၁)၊ စက်မှုဝန်ကြီးဌာန**
**ဖုန်း-၀၆၇-၄၀၈၃၇၂၊ ၀၆၇-၄၀၈၂၉၈၊ ၀၆၇-၄၀၈၄၀၇**

# တင်ဒါခေါ်ယူခြင်း

စက်မှုဝန်ကြီးဌာန၊ အမှတ်(၂) အကြီးစားစက်မှုလုပ်ငန်း အမှတ်(၂၂) အကြီးစားစက်ရုံး(ဘီးလင်း)ရှိ အသုံးမလိုပိုလျှံကုန်ကြမ်းပစ္စည်း ၁၂ မျိုးကို မျက်မြင်အခြေအနေအတိုင်း လေလံတင်ရောင်းချမည်ဖြစ်၍ ဈေးနှုန်းတင်သွင်းနိုင်ရန် ဖိတ်ခေါ်အပ်ပါသည်။

**တင်ဒါပိတ်ရက်** - ၁၂-၆-၂၀၁၅ ရက် (သောကြာနေ့) ၁၆း၀၀ နာရီ
**တင်ဒါဖွင့်ရက်** - ၁၆-၆-၂၀၁၅ ရက် (အင်္ဂါနေ့) ၁၃း၀၀ နာရီ
**တင်သွင်းရမည့်နေရာ** - စက်မှုဝန်ကြီးဌာန၊ အမှတ်(၂) အကြီးစားစက်မှုလုပ်ငန်း၊ စီမံရေးဌာန၊ ရုံးအမှတ်(၄၁)၊ နေပြည်တော်
**ဖုန်း** - ၀၆၇-၄၀၈၂၉၈၊ ၀၆၇-၄၀၈၃၇၂

## စက်မှုဝန်ကြီးဌာန
## အမှတ်(၃)အကြီးစားစက်မှုလုပ်ငန်း
# အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း
## တင်ဒါအမှတ် ၁/၂၀၁၅-၂၀၁၆
## (စက်နှင့်စက်ပစ္စည်း/အထည်)

၁။ စက်မှုဝန်ကြီးဌာန၊ အမှတ်(၃) အကြီးစားစက်မှုလုပ်ငန်း၊ အောက်ပါအထည်အလိပ်စက်ရုံများရှိ ချည်မျှင်နှင့်အထည်စက်များအတွက် စက်နှင့်စက်အရန်ပစ္စည်း၊ လျှပ်စစ်နှင့်စက်မှုဆိုင်ရာပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူမည်ဖြစ်ပါ၍ အိတ်ဖွင့်တင်ဒါပေးသွင်းရန် ဖိတ်ခေါ်ပါသည်-

**စဉ်** **စက်ရုံအမည်**
(က) အမှတ်(၃) အထည်စက်ရုံ(စစ်ကိုင်း)
(ခ) အမှတ်(၄) အထည်စက်ရုံ(ပွင့်ဖြူ)
(ဂ) အမှတ်(၅) အထည်စက်ရုံ(ပခုက္ကူ)
(ဃ) အမှတ်(၆) အထည်စက်ရုံ(ဆားလင်းကြီး)
(င) အမှတ်(၇) အထည်စက်ရုံ(မြစ်သား)
(စ) အမှတ်(၈) အထည်စက်ရုံ(ပျော်ဘွယ်)

၂။ တင်ဒါဆိုင်ရာအချက်အလက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-
(က) **တင်ဒါပုံစံရောင်းချမည့်ရက်** - ၁၅-၆-၂၀၁၅ ရက်
(ခ) **တင်ဒါပုံစံရောင်းချမည့်နေရာ**
(၁) **နေပြည်တော်** - အမှတ်(၃)အကြီးစားစက်မှုလုပ်ငန်း (စီမံရေးဌာန) ရုံးအမှတ်(၃၇)၊ နေပြည်တော် ဖုန်း-၀၆၇-၄၀၈၁၈၅၊ ၀၆၇-၄၀၈၃၃၈
(၂) **ရန်ကုန်** - အထည်အလိပ်လုပ်ငန်း(ရုံးခွဲ) အမှတ်(၁) သုခဝတီလမ်း၊ (၆)ရပ်ကွက်၊ ရန်ကင်းမြို့နယ်။
(၃) **တင်ဒါပိတ်မည့်ရက်နှင့်အချိန်** - ၁၅-၇-၂၀၁၅ ရက်၊ ၁၆း၀၀ နာရီ
(၄) **တင်ဒါပေးသွင်းရမည့်နေရာ** - စက်မှုဝန်ကြီးဌာန၊ ရုံးအမှတ်(၃၇)၊ နေပြည်တော်

၃။ အသေးစိတ်သိရှိလိုပါက အောက်ဖော်ပြပါဌာနများတွင် စုံစမ်းမေးမြန်းနိုင်ပါသည်-
(က) ညွှန်ကြားရေးမှူး(စီမံရေး)၊ အမှတ်(၃) အကြီးစားစက်မှုလုပ်ငန်း
နေပြည်တော် - ဖုန်း-၀၆၇-၄၀၈၁၈၅၊ ၀၆၇-၄၀၈၃၃၈၊ ၀၆၇-၄၀၈၁၅၆
ရန်ကုန် - ဖုန်း-၀၁-၅၅၄၁၇၇၊ ၀၁-၅၄၄၁၂၁

## ချင်းပြည်နယ်အစိုးရအဖွဲ့
# အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ချင်းပြည်နယ် ပြည်နယ်လူမှုဝန်ထမ်းဦးစီးဌာနမှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ငွေလုံးငွေရင်းခွင့်ပြုငွေဖြင့်ဆောင်ရွက်မည့် ဖလမ်းမြို့ မူလတန်းကြိုကျောင်း (၅၀'×၂၅'×၂၁') (၂)ထပ် RC (ရေ၊ မီး၊ မိလ္လာ) (၁၅'×၆')သံပန်း တံခါး ဝင်ပေါက်အပါအဝင် အိတ်ဖွင့်တင်ဒါပေးသွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ တင်ဒါစည်းမျဉ်းစည်းကမ်းများနှင့် တင်ဒါခေါ်ယူသည့်အချက်အလက်များကို အသေးစိတ် သိလိုပါက ဒုတိယညွှန်ကြားရေးမှူးရုံး ဖုန်း-၀၇၀-၂၁၀၆၈၊ ၀၉-၂၄၅၀၀၃၁တို့အား ရုံးချိန်အတွင်း ဆက်သွယ်ရန်လည်းကောင်း၊ လူကိုယ်တိုင်လာရောက်၍လည်းကောင်း မေးမြန်းနိုင်ပါသည်။

**တင်ဒါစတင်ရောင်းချမည့်ရက်** - ၃-၆-၂၀၁၅ ရက်
**တင်ဒါစတင်မည့်ရက်/အချိန်** - ၂၄-၆-၂၀၁၅ ရက်
**တင်ဒါဖွင့်မည့်ရက်** - ၂၅-၆-၂၀၁၅ ရက်

**တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ**

## ကျန်းမာရေးဝန်ကြီးဌာန
## ကုသရေးဦးစီးဌာန
## ခုတင်(၂၀၀) သင်ကြားရေးဆေးရုံကြီး-မကွေးမြို့
# အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ကုသရေးဦးစီးဌာန၊ သင်ကြားရေးဆေးရုံကြီး၊ မကွေးမြို့တွင် တက်ရောက်ကုသလျက်ရှိသော လူနာများအား ကုသပေးရန် လိုအပ်သောဆေးဝါးများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူမည်ဖြစ်ပါ၍ အိတ်ဖွင့်တင်ဒါများပေးသွင်းရန် ခေါ်ယူအပ်ပါသည်။

၂။ **ဈေးနှုန်းတင်သွင်းလွှာပုံစံ စတင်ထုတ်ယူရမည့်ရက်** - ၁၆-၆-၂၀၁၅ ရက်

၃။ **တင်ဒါပိတ်မည့်ရက်နှင့်အချိန်** - ၂၆-၆-၂၀၁၅ရက်(သောကြာနေ့)၊ ညနေ ၄း၀၀နာရီ

၄။ တင်ဒါလျှောက်လွှာများကို သင်ကြားရေးဆေးရုံကြီး၊ မကွေးမြို့တွင် ထုတ်ယူနိုင်ပါသည်။

၅။ တင်ဒါစည်းမျဉ်းစည်းကမ်းများနှင့် ပစ္စည်းစာရင်းအသေးစိတ်ကို သိရှိလိုပါက နေ့စဉ်ရုံးချိန်အတွင်း အောက်ပါလိပ်စာတွင် လာရောက်စုံစမ်းနိုင်ပါသည်။

**ဆေးရုံအုပ်ကြီး၊ သင်ကြားရေးဆေးရုံကြီး၊ မကွေးမြို့ ဖုန်း-၀၉-၆၅၆၀၆၁၄**

## လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
## လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း
# (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းမှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် ကချင်ပြည်နယ် စစ်ကိုင်း၊ပဲခူး(အနောက်)၊မကွေး၊ မန္တလေးတိုင်းဒေသကြီးတို့တွင် ၆၆/၁၁ကေဗွီ ၅အမ်ဗွီအေ ဓာတ်အားခွဲရုံတည်ဆောက်ခြင်းလုပ်ငန်းများအား Turn Key စနစ်ဖြင့် လုပ်ငန်းအပ်နှံခြင်းကို မြန်မာကျပ်ငွေ (Kyat)ဖြင့် အပ်နှံလိုပါသည်-

**တင်ဒါစတင်ရောင်းချမည့်ရက်** - ၈-၆-၂၀၁၅ ရက်
**တင်ဒါပိတ်မည့်ရက်** - ၁၉-၆-၂၀၁၅ ရက်
**တင်ဒါပိတ်မည့်အချိန်** - ၁၂း၀၀ နာရီ

တင်ဒါပုံစံနှင့် အသေးစိတ်အချက်လက်များကို အောက်ပါလိပ်စာတွင် လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

**တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ**
**လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း၊ ပစ္စည်းစီမံရေးဌာန**
**ရုံးအမှတ် ၅၃၊ နေပြည်တော်**
**ဖုန်း-၀၆၇-၄၁၃၁၂၈၄၊ ၀၆၇-၄၁၃၁၂၈၅၊ ၀၆၇-၄၁၃၁၁၇၅၊ ဖက်စ်-၀၆၇-၄၁၃၁၁၈၅**

## မိတ္ထီလာခရိုင်တရားရုံး
## မိတ္ထီလာမြို့
# အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မိတ္ထီလာခရိုင်၊ သာစည်မြို့နယ်တရားရုံးအတွက် (၁၁၇ပေ×၄၆ပေ)နှစ်ထပ် RC အဆောက်အအုံနှင့် ဆက်စပ်အဆောက်အအုံများ (ရေ၊လျှပ်စစ်မီးလုပ်ငန်းအပါအဝင်)ဆောက်လုပ်ရန် မြန်မာနိုင်ငံသား ပုဂ္ဂလိကလုပ်ငန်းရှင်များကို အိတ်ဖွင့်တင်ဒါဖိတ်ခေါ်အပ်ပါသည်။

(က) **တင်ဒါပုံစံစတင်ရောင်းချမည့်ရက်** - ၄-၆-၂၀၁၅ ရက်
(ခ) **တင်ဒါပုံစံရောင်းပိတ်မည့်ရက်** - ၃-၇-၂၀၁၅ ရက်
(ဂ) **တင်ဒါပုံစံတင်သွင်းရန်နေရာ** - ခရိုင်တရားရုံး၊ မိတ္ထီလာမြို့
(ဃ) **တင်ဒါပိတ်မည့်ရက်** - ၆-၈-၂၀၁၅ ရက် မွန်းတည့် ၁၂း၀၀ နာရီ
(င) **တင်ဒါဖွင့်မည့်ရက်** - ၆-၈-၂၀၁၅ ရက် မွန်းလွဲ ၂း၀၀ နာရီ

၂။ တင်ဒါပုံစံစည်းကမ်းများကို တစ်စောင်လျှင် ကျပ် ၁၀၀၀၀ိ/-(ကျပ်တစ်သောင်းတိတိ)ဖြင့် ၄-၆-၂၀၁၅ရက်မှစတင်၍ ရုံးချိန်အတွင်း မိတ္ထီလာခရိုင်တရားရုံးတွင် ဝယ်ယူနိုင်ပါသည်။ အသေးစိတ်သိရှိလိုပါက ခရိုင်တရားသူကြီး၊ မိတ္ထီလာခရိုင်တရားရုံးသို့ လူကိုယ်တိုင်ဖြစ်စေ၊ ဖုန်း-၀၆၄-၂၃၉၅၀ သို့ဖြစ်စေ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**တင်ဒါစိစစ်ရွေးချယ်ရေးအဖွဲ့**

## လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
## မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း
# အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်းမှ အလုံဓာတ်အားပေးစက်ရုံရှိ အမှတ်(၃) တာဘိုင်စက်၏ ချို့ယွင်းနေသော Starting Diesel Engine ကို Major Overhaul ပြုပြင်ခြင်း (ပစ္စည်းဖိုးနှင့် ပြုပြင်ခြင်း/လုပ်အားခ အပါအဝင်) (Turnkey စနစ်)ကို မြန်မာကျပ်ငွေဖြင့် တင်ဒါခေါ်ဆို ဆောင်ရွက်လိုပါသည်။

၂။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် ရုံးချိန်အတွင်း လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်-

**တင်ဒါပုံစံရောင်းချမည့်ရက်** - ၅-၆-၂၀၁၅ ရက်
**တင်ဒါပိတ်မည့်ရက်** - ၃-၇-၂၀၁၅ ရက်
**တင်ဒါပိတ်မည့်အချိန်** - ၁၄း၀၀ နာရီ

**လျှပ်စစ်စွမ်းအားဝန်ကြီးဌာန**
**တင်ဒါကြီးကြပ်ရေးအဖွဲ့**
**မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း**
**ပစ္စည်းစီမံရေးဌာန**
**ရုံးအမှတ်(၂၇)၊ နေပြည်တော်၊ ဖုန်း-၀၆၇-၄၁၀၂၈၂**

## ပို့ဆောင်ရေးဝန်ကြီးဌာန
## မြန်မာအမျိုးသားလေကြောင်း
# အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

မြန်မာအမျိုးသားလေကြောင်းအတွက် Towing Tractor(Push Back) (၁)စီး ဝယ်ယူလိုပါသည်။ အိတ်ဖွင့်တင်ဒါများကို ၂၂-၆-၂၀၁၅ ရက်၊ ၁၆း၃၀နာရီ နောက်ဆုံးထားပြီး အုပ်ချုပ်ရေးဌာနသို့ ပေးပို့ပါရန်နှင့် အသေးစိတ်သိရှိလိုပါက ဖုန်း-၀၉-၈၇၇၃၇၄၀၄၁၊ ၀၉-၄၂၀၁၃၇၁၈သို့ စုံစမ်းနိုင်ပါသည်။

**မြန်မာအမျိုးသားလေကြောင်း**

# ဆိုင်ခန်းအိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

ဒဂုံတက္ကသိုလ် စာကြည့်တိုက်ဝင်းအတွင်း အဆင့်မြင့်စားသောက်ဆိုင်(၃၆ပေ× ၃၆ပေ) အကျယ်အဝန်း (၁)ဆိုင်၊ မိတ္တူ၊ စာအုပ်၊ စာရေးကိရိယာနှင့် အမှတ်တရပစ္စည်းအရောင်းဆိုင် (၁၂ပေ×၃၆ပေ)အကျယ်အဝန်း (၁)ဆိုင်များအား အိတ်ဖွင့်တင်ဒါခေါ်ယူလိုပါသဖြင့် စိတ်ပါဝင်စားသော ပြင်ပပုဂ္ဂိုလ်များသည် အိတ်ဖွင့်တင်ဒါတင်သွင်းပုံစံများကို တစ်စုံလျှင်(၁၀၀၀ိ/-) ဖြင့် ငွေစာရင်းဌာနတွင် ငွေပေးသွင်းပြီး ငွေသွင်းချလန်ဖြင့် အင်ဂျင်နီယာဌာနတွင် လျှောက်လွှာပုံစံရယူ၍ တင်ဒါတင်သွင်းကြပါရန် ကြေညာအပ်ပါသည်-

၁။ **အိတ်ဖွင့်တင်ဒါနောက်ဆုံးတင်သွင်းရမည့်ရက်** - ၂၃-၆-၂၀၁၅ ရက်၊ ၁၂း၀၀နာရီ လူကိုယ်တိုင် တစ်ပါတည်းတင်သွင်းရမည်။

၂။ **အိတ်ဖွင့်တင်ဒါဖွင့်လှစ်မည့်ရက်** - ၂၃-၆-၂၀၁၅ ရက်၊ မွန်းလွဲ ၁၂း၃၀နာရီ

အသေးစိတ်အချက်အလက်များကို ဒဂုံတက္ကသိုလ်အင်ဂျင်နီယာဌာန ဖုန်း-၀၁-၂၅၈၅၀၀၈ တွင် စုံစမ်းမေးမြန်းနိုင်ပါသည်။

**ဒဂုံတက္ကသိုလ်**

## ကျန်းမာရေးဝန်ကြီးဌာန၊ ကုသရေးဦးစီးဌာန
## ခုတင် (၂၀၀)ဆံ့ ပြည်သူ့ဆေးရုံကြီး၊ ရွှေဘိုမြို့
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ရွှေဘိုမြို့ ခုတင် (၂၀၀)ဆံ့ ပြည်သူ့ဆေးရုံကြီးတွင် လာရောက်ကုသနေသော လူနာများအား ကုသပေးရန် လိုအပ်သော FDA အသိအမှတ်ပြု ဆေးဝါးများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူမည်ဖြစ်သဖြင့် အိတ်ဖွင့်တင်ဒါသွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ **ဈေးနှုန်းတင်သွင်းလွှာပုံစံများ စတင်ရောင်းချမည့်ရက်** - ၇-၆-၂၀၁၅ရက်
**တင်ဒါပိတ်မည့်ရက်နှင့်အချိန်** - ၂၅-၆-၂၀၁၅ရက်၊ ညနေ ၄း၀၀နာရီ

၃။ တင်ဒါစည်းမျဉ်းစည်းကမ်းများ၊ ပစ္စည်းများနှင့်ပတ်သက်၍ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက နေ့စဉ်ရုံးချိန်အတွင်း အောက်ပါလိပ်စာတွင် လာရောက်စုံစမ်းနိုင်ပါသည်။

**ဆေးရုံအုပ်ကြီးရုံး**
**ပြည်သူ့ဆေးရုံကြီး၊ ရွှေဘိုမြို့၊ ဖုန်း-၀၇၅-၂၁၀၀၈**

## မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန
## နေပြည်တော်မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန
# အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ နေပြည်တော်ကောင်စီနယ်မြေ၊ တပ်ကုန်းမြို့နယ်၊ ရွှေမြို့မွေးမြူရေးဇုန်အတွင်း ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်တွင် အောက်ဖော်ပြပါ ဆောက်လုပ်ရေးလုပ်ငန်းဆောင်ရွက်ရန်အတွက် အိတ်ဖွင့်တင်ဒါခေါ်ယူမည်ဖြစ်ပါသည်။

- ခွာနာလျှာနာဓာတ်ခွဲခန်း(၈)ခန်းတွဲ ဝန်ထမ်းအိမ်ရာ(၁၇၆'-၆"×၃၃'×၂၀') သံကူကွန်ကရစ်နှစ်ထပ်၊ သွပ်မိုး၊ အုတ်ကာ၊ ကွန်ကရစ်ခင်း (အတွင်း ရေ မီးအပါအဝင်) အဆောက်အအုံ (၁)လုံး

၂။ အိတ်ဖွင့်တင်ဒါပုံစံအား ၈-၆-၂၀၁၅ရက်တွင် ရုံးချိန်အတွင်း ရောင်းချမည်ဖြစ်ပြီး ၈-၇-၂၀၁၅ရက် ၁၆း၀၀နာရီ နောက်ဆုံးထားတင်သွင်းရမည်ဖြစ်ပါသည်။

၃။ အသေးစိတ်သိရှိလိုပါက နေပြည်တော် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှူးရုံး၊ နေပြည်တော်ကောင်စီလမ်း၊ နေပြည်တော်ကောင်စီနယ်မြေနှင့် ဖုန်း-၀၆၇-၅၅၀၂၂၄၊ ၀၉-၄၃၀၃၈၀၇၀နှင့် ၀၉-၂၅၆၂၆၂၅၈၈တို့သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**နေပြည်တော်အဆင့်တင်ဒါလုပ်ငန်းကော်မတီ**

## အဆင့်မြင့်မော်တော်ယာဉ်များချွတ်ယွင်းချက် ရှာဖွေစစ်ဆေးခြင်းနှင့် ပြင်ဆင်ခြင်းသင်တန်း
# (အပတ်စဉ်-၄)လျှောက်လွှာခေါ်ယူခြင်း

